မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၀၇)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်၊ အင်္ဂါနေ့။

ထူးခြားသည့် ညအပူချိန်များ

၁၄-၁-၂၀၁၃

လွိုင်လင်မြို့	၀ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၁ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၂ ဒီဂရီစင်တီဂရိတ်

သာယာမည်

၁၅-၁-၂၀၁၃

နေ ပြည် တော် နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

မြန်မာနိုင်ငံနှင့် ICRC ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန်အောင် တိုးချဲ့ဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr.Peter Maurer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ အဆိုပါ ကော်မတီ၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr.Georges Paelisanu နှင့် တာဝန်ရှိသူများလည်း တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr.Peter Maurer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပရေးအတွက် ကော်မတီနှင့်ဆပ်ကော်မတီ (၁၄)ခုဖြင့် ဖွဲ့စည်းဆောင်ရွက်ရာတွင် ဆပ်ကော်မတီများအနေဖြင့် ကြိုတင်ပြင်ဆင်မှု ဆောင်ရွက်မှုများကို အချင်းချင်းညှိနှိုင်းပေါင်းစပ်ပြီး လိုအပ်ချက်များရှိပါက ကော်မတီသို့ တင်ပြဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုနှစ်ကျင်းပမည့် ပြည်ထောင်စုနေ့အခမ်းအနားသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုကိုယ်စားလှယ်များကို ဖိတ်ကြားသွားမည်ဖြစ်ပြီး ကိုယ်စားလှယ်အဖွဲ့များ သွားလာနေထိုင်မှု အဆင်ပြေချောမွေ့အောင် တာဝန်ရှိသူများက အလေးအနက်ထား ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ အခမ်းအနားလုံခြုံရေး

စာမျက်နှာ ၃ ကော်လံ ၃ ▲

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ခွေးရူးရောဂါ သတိပြုစရာ

ကျွန်ုပ်တို့လူ့ပတ်ဝန်းကျင်တွင် လူတို့နှင့်ရင်းနှီးကျွမ်းဝင်မှုအရှိဆုံးတိရစ္ဆာန်များကို ပြောပါဆိုလျှင် ခွေးနှင့် ကြောင်တို့သည် အနီးစပ်ဆုံးသတ္တဝါများ ဖြစ်ကြပါသည်။ ထိုသတ္တဝါများကို တောရောမြို့ပါ နေအိမ်အများစုတို့၌ မွေးမြူလေ့ရှိပါသည်။ ထိုခွေးနှင့်ကြောင် သတ္တဝါနှစ်မျိုးစလုံးတွင် ခွေးရူးရောဂါဖြစ်ပွားနိုင်သည်။ ခွေးရူးရောဂါ ဗိုင်းရပ်စ်ပိုးရှိသည့် ကြောင် သို့မဟုတ် ခွေးအကိုက်ခံရပါက ထိုသတ္တဝါများမှတစ်ဆင့် ဗိုင်းရပ်စ်ပိုး ကူးစက်ခံရပြီး အသက်ဆုံးရှုံးနိုင်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)၏ ထုတ်ပြန်ချက်အရ ခွေးရူးရောဂါကြောင့် ကမ္ဘာပေါ်တွင် ၁၅ မိနစ်လျှင် လူတစ်ဦးနှုန်း တစ်နှစ်လျှင် လူ ၅၅၀၀၀ နှုန်း အသက်ဆုံးရှုံးလျက်ရှိကြောင်း သိရသည်။ မွေးမြူရေးနှင့် ဆေးကုသရေးဦးစီးဌာနမှ ပညာရှင်တို့၏ခန့်မှန်းတွက်ချက်မှုအရ မြန်မာနိုင်ငံတွင် ခွေး ၇၅ ရာခိုင်နှုန်းမှာ ခွေးရူးရောဂါပိုးများ တွေ့ရသည်ဟု ဆိုသည်။

ခွေးရူးရောဂါသည် ကြောက်စရာကောင်းသော ရောဂါတစ်မျိုးဖြစ်သည်။ ထိုရောဂါသည် ရောဂါပိုးရှိ ခွေး သို့မဟုတ် ကြောင်များ၏ အကိုက်ခံရလျှင်သော်လည်းကောင်း၊ လူတို့၏အနာကို ခွေး၊ ကြောင်တို့၏လျှာဖြင့် လျက်လျှင်သော်လည်းကောင်း ယင်းတိရစ္ဆာန်များ၏သွားရည်များမှ တစ်ဆင့် လူကို ရောဂါပိုးကူးစက်နိုင်ပါသည်။

အကယ်၍ ခွေးကိုက်ခံရပါက ကာကွယ်ဆေးနှင့်အဆိပ်ဖြေဆေးကို နီးစပ်ရာဆေးခန်းတွင် အမြန်ဆုံးဆေးထိုးဖို့လိုအပ်သည်။ ခွေးရူးရောဂါပျိုးရက်သည် ခြောက်ရက်မှ သုံးနှစ်အတွင်း ဖြစ်နိုင်သည်ဟု ဆိုပါသည်။ ခွေးရူးရောဂါကို ပျောက်ကင်းအောင် ကုသနိုင်သောဆေး ကမ္ဘာတွင်မပေါ်သေးဟုဆိုသည်။ ခွေးကိုက်ခံရပြီး ပေါ့ပေါ့တန်တန်နေပါက အချိန်ကြာမှ ခွေးရူးကိုက်ခံရကြောင်းသိလျှင် အသက်ဆုံးရှုံးနိုင်သည်။ အကောင်းဆုံးသော နည်းလမ်းမှာ ခွေးကိုက်မခံရအောင်နေထိုင်ခြင်းသည် အကောင်းဆုံးဖြစ်သည်။

တစ်ဖက်တွင်လည်း ခွေးမွေးထားသူများ မိမိတို့၏ခွေးတွင် ခွေးရူးရောဂါရှိ၊ မရှိ သက်ဆိုင်ရာ တိရစ္ဆာန်ကုဆရာဝန်များနှင့် စစ်ဆေးကုသထားသင့်သည်။ အထူးသဖြင့် ပိုင်ရှင်မဲ့လမ်းဘေး၌ ခွေးလေခွေးလွင့်များ တိုးပွားလာခြင်းမရှိအောင် ဝိုင်းဝန်းထိန်းချုပ်သွားရန် လိုအပ်ပါသည်။ ယခုအခါ တောရောမြို့ပါ ခွေးလေ ခွေးလွင့်များ တိုးပွားလာနေသဖြင့် ခွေးကိုက်ခံရသူများ များပြားလာပြီး ခွေးရူးရောဂါကြောင့် သေဆုံးမှုများ များပြားလျက်ရှိသည်။ ။

၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်း သန်းခေါင်စာရင်းသိကောင်းစရာ

- မြန်မာနိုင်ငံသန်းခေါင်စာရင်း
  မြန်မာနိုင်ငံတွင် မြန်မာသက္ကရာဇ် ၉၉၉ခုနှစ် သာလွန်မင်းတရားလက်ထက်နှင့် ၁၁၄၅ခုနှစ် ဘိုးတော်ဘုရားလက်ထက်တို့တွင် သန်းခေါင်စာရင်းသဘောသက်ရောက်သည့် စစ်တမ်းများ ကောက်ယူခဲ့ပါသည်။
- ၁၈၇၂ခုနှစ်မှစ၍ ၁၉၄၁ခုနှစ်အထိ အောက်မြန်မာပြည်တွင် (၁၀)နှစ် တစ်ကြိမ် ကောက်ယူခဲ့ပါသည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၅၃ခုနှစ်တွင် မြို့ (၂၅၂) မြို့နှင့် ၁၉၅၄ ခုနှစ်တွင် ကျေးရွာအုပ်စု (၃၁၅၉) တို့အား ကောက်ယူခဲ့ပါသည်။
- ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ၁၉၇၃ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၈၃ခုနှစ် တွင် တစ်ကြိမ်ကောက်ယူခဲ့ပါသည်။

ပြည်တွင်းသတင်း

ချင်းပြည်နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း

နေပြည်တော် ဇန်နဝါရီ ၁၄

ချင်းပြည်နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၃) ကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက တတိယအကြိမ်စီမံကိန်းကော်မတီဥက္ကဋ္ဌဖြစ်သည့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များကိုထပ်ဆင့်ရှင်းလင်းပြီး ၂၀၁၃-၂၀၁၄ခုနှစ် ဘဏ္ဍာနှစ်သစ်မှစ၍ ကဏ္ဍအလိုက်ရော ဒေသအသီးသီးတွင်ပါ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ချင်းပြည်နယ်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးရမ်မန်းက စီမံကိန်းနှင့်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြသည့် ချင်းပြည်နယ်၏ ဒေသန္တရစီမံကိန်းရည်မှန်းချက်၊ ရွေးချယ်ထားမှု ဦးစားပေးအစီအစဉ်နှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို တင်ပြပြီး ယခင်အစည်းအဝေးမှတ်တမ်း (၄/၂၀၁၂) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သက်ဆိုင်ရာကော်မတီဝင်များနှင့် ဌာနဆိုင်ရာများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်စီမံကိန်းဦးစီးဌာနရုံး ခေတ္တပြည်နယ်ဦးစီးမှူးဦးခင်မောင်က ၂၀၁၂ ခုနှစ် ဒီဇင်ဘာလကုန်အထိ နှစ်စဉ်စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကဏ္ဍအလိုက် ဌာနဆိုင်ရာတာဝန်ခံများက ရှင်းလင်းသုံးသပ်အကြံပြုတင်ပြကြသည်။

ယင်းနောက် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ ကော်မတီဝင်များနှင့် ဌာနဆိုင်ရာများက ဆွေးနွေးတင်ပြကြပြီး ဆုံးဖြတ်ချက်(၇)ချက် ချမှတ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

လဲလုလု အော်တိုတယ်လီဖုန်းကြိုးတိုင်များ

ထင်သာမြင်သာ ပြုပြင်စရာ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသတွင် လွန်ခဲ့သော ၂၀၀၉ ခုနှစ် မတိုင်မီကာလများဆီက အိတ်ချိန်းမှတစ်ဆင့် ခေါ်ရသော လက်လှည့်တယ်လီဖုန်းများကို တပ်ဆင်အသုံးပြုခဲ့ကြရသည်။ နည်းပညာများ တိုးတက်လာသည်နှင့်အမျှ ဒေသခံတို့ အော်တိုတယ်လီဖုန်းများ တပ်ဆင်အသုံးပြုနိုင်ရန် ကြိုးစားအားထုတ်ခဲ့ရာ ၂၀၀၉ ခုနှစ် ဧပြီလတွင် အော်တိုတယ်လီဖုန်းများ တပ်ဆင်အသုံးပြုခွင့်ရရှိခဲ့သည်။ အော်တိုတယ်လီဖုန်းသည် ကြိုးဖြင့် သွယ်တန်းအသုံးပြုရသဖြင့် မော်လူးဒေသရှိ ကျေးရွာများသို့ တယ်လီဖုန်းကြိုးများ သွယ်တန်းဆက်သွယ်ရသည်။ မော်လူးဒေသ၏ အော်တိုတယ်လီဖုန်းတပ်ဆင်မှုသည် အစိုးရစီမံကိန်း မဟုတ်ဘဲ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ပြုလုပ်ရသော ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်ရာ ၂၀၀၉ ခုနှစ်မှစ၍ သစ်သားတိုင်များ စိုက်ထူပြီး ကြိုးသွယ်တန်းအသုံးပြုခဲ့ရသည်။ အော်တိုတယ်လီဖုန်းအလုံးရေ ၅၀၀ ကျော် ဆက်သွယ်နိုင်ရန် သွယ်တန်းထားသည့် ဖုန်းကြိုးတိုင်များမှာ အချို့ တိုင်သစ်လဲစရာ လိုအပ်နေပြီး အချို့ လဲလုလုယိမ်းယိုင်နေပါသည်။

ဤတိုင်များသည် ရေအမြဲလျှောင်ထားသည့် စပါးစိုက်လယ်ကွင်းထဲတွင် ဖြတ်သန်းစိုက်ထူထားသဖြင့် မိုးတွင်းကာလတွင် မြေကြီးပျော့၍ ယိုင်လဲခြင်းများဖြစ်ရသည်။ တိုင်ယိုင်လဲခြင်းဖြင့် ဆက်သွယ်ထားသော ဖုန်းကြိုးများ ပြတ်တောက်ကာဆုံးရှုံးမှုဖြစ်နိုင်သည့်အပြင် ဆက်သွယ်မှုပါ ပြတ်တောက်နိုင်သည်။

ယခုပုံတွင် တွေ့မြင်ရသော တယ်လီဖုန်းတိုင်များသည် မော်လူးဆက်သွယ်ရေး (အော်တိုတယ်လီဖုန်းဆက်သွယ်ရေး) မှ လေးဖက်လေးတန်ရှိ သက်ရင်းတာ၊ ပဲခူး၊ ငွေ့ကြီး၊ နန်းရုံ၊ ကူးဆိပ်၊ ရွာရှည်၊ မလူး၊ မန်ဟဲ၊ ဟောင်းတုံး၊ မြေပလ္လင်၊ ပေကုန်း၊ နန့်စီးအောင်ရွာများသို့ ဆက်သွယ်ထားသောလိုင်းဖြစ်ပြီး ပဲခူးရွာ၏ အရှေ့လယ်ပြင်ထဲမှ တိုင်များဖြစ်သည်။

လဲလုလုယိမ်းယိုင်နေသဖြင့် မိုးရာသီမတိုင်မီ တည့်မတ်ပြုပြင်၊ အစားထိုးခြင်းတို့ဖြင့် ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ရန်လိုနေကြောင်း ဒေသခံတို့က ဆိုကြသည်။

ထို့ပြင် တယ်လီဖုန်းကြိုးသွယ်တန်းသည့်တိုင်များ စိုက်ထားရာ လယ်ကွင်းထဲတွင် အုတ်ဖိုရှိပြီး အုတ်ထုတ်လုပ်နေခြင်းသည်လည်း အော်တိုတယ်လီဖုန်းတိုင်များ ရေရှည်တည်တံ့ရေးကို ထိခိုက်စေသည်ဟု ရွာသားတစ်ဦးက ဆိုသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့လေ။ အော်တိုတယ်လီဖုန်းတိုင်တွေဟာ ကျေးရွာချင်းသာမက အမြို့မြို့အနယ်နယ်ကို ဆက်သွယ်မှုလွယ်ကူအောင် လုပ်ထားတဲ့အတွက် ပြန်လည်ပြုပြင်သင့်ပါတယ်။ အခုလိုပွင့်လင်းရာသီမှာမှ မပြုပြင်ရင် မိုးတွင်းမှာ ဘယ်လိုမှ ပြုပြင်လို့မရနိုင်ဘူး။ စိုက်ထူထားတာက လယ်ကွင်းထဲမှာဖြစ်တဲ့အတွက် လယ်ကွင်းဆိုတာ မိုးရာသီ စပါးစိုက်တယ်လေ" ဟု ပဲခူးရွာသားတစ်ဦးက ပြောပြသည်။

ထို့ကြောင့် ယိုင်နဲ့နဲ့ လဲလုလုဖြစ်နေသော အော်တိုတယ်လီဖုန်းကြိုးတိုင်များကို ပြန်လည်ပြုပြင်ရန် လိုအပ်နေပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

(စစ်ကိုင်းဝင်းရွှေ)

ကျောင်းဆောင်သစ်ဖွင့်ပွဲ တပ်ကုန်း၌ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၄

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၈ နာရီ ၄၅ မိနစ်ကကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ နေပြည်တော် ပညာရေးမှူး ဦးမြင့်ဇော်၊ SKK ကုမ္ပဏီ ဒါရိုက်တာ ဦးကျော်စွာတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဒေါက်တာ သန်းအောင်က အမှာစကားပြောကြားပြီး ခရမ်းစပ်ကုန်းကျေးရွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီဝင်းက ကျောင်းနှင့်သက်ဆိုင်သော အချက်အလက်များ ပြောကြားခြင်း၊ SKK ကုမ္ပဏီ ဒါရိုက်တာ ဦးကျော်စွာက ကျောင်းဆောင်သစ် စာရွက်စာတမ်းများ ပညာရေးငွေပဒေသာပင် ငွေကျပ်ငါးသိန်းကို အထက(၁) ကျောင်းအုပ်ကြီးနှင့် ခရမ်းစပ်ကုန်းကျောင်းအုပ်ဆရာမကြီးတို့အား ပေးအပ်ခဲ့သည်။

ဆက်လက်၍ ရှားတုံးအိုင်ကျေးရွာ အမက ကျောင်းဆောင်သစ်၊ သာယာအေးကျေးရွာ အမကကျောင်းဆောင်သစ်များကို အလားတူ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

(၄၁၇)

ပြည်သူကိုဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း ရွှေပြည်သာ၌ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၄

ပြည်သူကို ဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် ကျောင်းသားကျောင်းသူများ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စာအုပ်စာပေများကို အလွယ်တကူ လေ့လာဖတ်ရှုနိုင်ရန် ရည်ရွယ်လျက် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီတွင် အခြေခံပညာ မူလတန်းလွန်ကျောင်း (သံဒင်း)သို့ သွားရောက်၍ နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

နယ်လှည့်စာကြည့်တိုက်နှင့်အတူ ကျောင်းခန်းမတွင် ဓာတ်ပုံနှင့်နံရံကပ်စာစောင်များ ခင်းကျင်းပြသပေးခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက စာအုပ်စာပေများကို လေ့လာဖတ်ရှုကြပြီး ခင်းကျင်းပြသထားသည့် ဓာတ်ပုံနှင့် နံရံကပ်စာစောင်များကို စိတ်ဝင်စားစွာ ကြည့်ရှုကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

သတင်းရေးသားနည်း သင်တန်းဆင်း

မကွေး ဇန်နဝါရီ ၁၄

မြန်မာငြိမ်းချမ်းရေး စင်တာနှင့် International Media Support(IMS) တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် ပဋိပက္ခဂရုပြုသတင်းရေးသားနည်း သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁၂ ရက် ညနေ ၄ နာရီက ကျင်းပသည်။ ယင်းသင်တန်းကို မကွေးမြို့ မကွေးဟိုတယ်တွင် ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်ကြာဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ပဋိပက္ခများဖြစ်ပွားပါက အများပြည်သူ အကျိုးစီးပွားကို ထိခိုက်စေမည့် အသုံးအနှုန်းများ၊ ဆောင်ရန်ရှောင်ရန်များ နှင့်သတင်းထောက်ကျင့်ဝတ်များနှင့် အုပ်စုလိုက်သတင်းတစ်ပုဒ်ကို ဆွေးနွေးခြင်းများ သင်ကြားခဲ့သည်။ သင်တန်းသို့ သင်တန်းသား ၂၂ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

ခင်မာလာ(မကွေး)

စာအုပ် စာပေ လှူမိတ်ဆွေ

ပြည်တွင်းသတင်း

◆ **ရှေ့ဖုံးမှ**

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မြန်မာနိုင်ငံသို့ ICRC အဖွဲ့များ မကြာခဏ လာရောက်ခဲ့ပြီး မိမိတို့နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာခဲ့ပါကြောင်း၊ ICRC သည် နိုင်ငံရေးစွက်ဖက်မှုမရှိဘဲ ဘက်လိုက်မှုကင်းသည့် အဖွဲ့အစည်းဖြစ်၍ ဂုဏ်ယူပါကြောင်း၊ ICRC ၏ အဓိက ကျောရိုးမဏ္ဍိုင်ဖြစ်သော ဂျီနီဗာကွန်ဗင်းရှင်းတွင် မြန်မာနိုင်ငံသည်လည်း ပါဝင်လက်မှတ်ရေးထိုးထားပြီး လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ ICRC ၏ မြန်မာနိုင်ငံတွင် လတ်တလောဆောင်ရွက်မှုများဖြစ်သည့် အကျဉ်းထောင်များအတွင်း လျှပ်စစ်၊ ရေ၊ မိလ္လာကိစ္စရပ်များ၊ ခြေတုတပ်ဆင်ရေး လုပ်ငန်းများတွင် အကူအညီပေးမှုများအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် ICRC နှင့် ယခင်ကတည်းက ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပြီး မိမိတို့အစိုးရလက်ထက်တွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ICRC ဥက္ကဋ္ဌက မိမိတို့အနေဖြင့် အနာဂတ်တွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးချဲ့လိုသဖြင့် ယခုကဲ့သို့ လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုနှစ်သည် ICRC တည်ထောင်မှု နှစ်ပေါင်း (၁၅၀) ပြည့်မြောက်သည့်နှစ်ဖြစ်ပါကြောင်း၊ ယင်းကာလအတွင်း လူသားချင်းစာနာမှု အကူအညီများပေးနိုင်သကဲ့သို့ အတွေ့အကြုံများစွာလည်းရရှိခဲ့ပါကြောင်း၊ မိမိတို့ အကူအညီပေးရာတွင် လိုအပ်သော ပြည်သူများထံ လူသားချင်းစာနာမှု အကူအညီများရောက်ရှိရေးကို အဓိကထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အိမ်ရှင်နိုင်ငံအစိုးရနှင့် ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ညှိနှိုင်း၍ ဆောင်ရွက်နေပါကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေး

ဆက်လက်၍ မြန်မာနိုင်ငံနှင့် ICRC ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန်အောင် တိုးချဲ့ဆောင်ရွက်ရေး၊ ICRC မှ အကျဉ်းထောင်များအတွင်း လျှပ်စစ်၊ ရေ၊ မိလ္လာကိစ္စရပ်များတွင် အကူအညီပေးမှုများအား ဆက်လက်ဆောင်ရွက်ပေးရေး၊ ပဋိပက္ခဖြစ်ပွားနေသော ဒေသများတွင် ICRC အဖွဲ့မှ လူသားချင်းစာနာမှုအကူအညီများနှင့် ဆေးဝါး၊ ကျန်းမာရေး သောက်သုံးရေကိစ္စရပ်များ ပံ့ပိုးကူညီနိုင်ရေးနှင့် အမှန်တကယ်လိုအပ်သူများလက်သို့ရောက်ရှိအောင် ဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

▲ **ရှေ့ဖုံးမှ**

ဆောင်ရွက်ရာတွင် ယဉ်ကျေးသိမ်မွေ့စွာဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို စနစ်တကျ ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က ဆပ်ကော်မတီများ ဖွဲ့စည်းပြီးစီးမှု၊ ဆပ်ကော်မတီအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လုံခြုံရေး၊ ပြန်ကြားရေး၊ ဘဏ္ဍာရေး၊ ညစာစားပွဲခင်းကျင်းကျွေးမွေးရေး၊ သဝဏ်လွှာပြုစုရေး၊ ကျန်းမာရေး၊ စာရင်းစစ်ဆေးရေး၊ အခမ်းအနားပြင်ဆင်ရေး၊ အလံတင်အခမ်းအနားစီစဉ်ရေး၊ ညစာစားပွဲဖျော်ဖြေရေး၊ မြေစိုက်ပိုစတာများ စိုက်ထူရေး၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ပို့ဆောင်ရေး၊ နေရာချထားရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက ကဏ္ဍအလိုက်လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းကတင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ ၂၀၁၂ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ် မွေးမြူရေး၊ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး၊ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး၊ တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးက ဥပဒေနှင့်အညီ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ရေးဟူသည့် အမျိုးသားရေးဦးတည်ချက်များဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကြည်၊ ဦးသိန်းညွန့်၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးသန်းဌေး၊ ဦးအေးမြင့်ကြူ၊ ဦးဇေယျာအောင်နှင့် ဦးဌေးအောင်၊ ဒုတိယဝန်ကြီးများ၊ ကော်မတီနှင့် ဆပ်ကော်မတီတို့မှဥက္ကဋ္ဌများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေ များကို ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ကျေးလက်ဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးအတွက် သမဝါယမကွန်ရက်နှင့် ဘဏ်များ၏ အခန်းကဏ္ဍ စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ၏ ပြည်သူအများစုသည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး လယ်ယာလုပ်ငန်းနှင့် အများစု အသက်မွေးကာ ဆင်းရဲနွမ်းပါးကြကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ဆောင်ရွက်မည်ဆိုလျှင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အဓိကဦးတည် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး လယ်ယာကဏ္ဍ၏ လက်ရှိအခြေအနေမှန်များကို အခြေခံ၍ ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရမည် ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ သမဝါယမစီးပွားရေးဗဟိုဌာနချုပ်၌ ကျင်းပသည့် ကျေးလက်ဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးအတွက် သမဝါယမကွန်ရက်နှင့် ဘဏ်များ၏ အခန်းကဏ္ဍ စာတမ်းဖတ်ပွဲသို့ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးကဆက်လက်ပြောကြားရာတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက လယ်ယာကဏ္ဍ၏ လက်ရှိအခြေအနေမှန်များကို အခြေခံပြီး ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့အပြင် လယ်ယာမြေဧက အနည်းငယ်သာပိုင်သော မိသားစုများအတွက်လည်း Secondary Income ရအောင် ဆောင်ရွက်ပေးရန် လိုကြောင်း။

ထို့အပြင် လယ်ယာလုပ်သားများသည် ရာသီချိန်တွင် အလုပ်ရှိပြီး ကျန်သည့် အချိန်များတွင် အလုပ်လက်မဲ့ (သို့မဟုတ်) ရွှေ့ပြောင်းအလုပ်ရှာဖွေလုပ်ကြရသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများရှိအောင် ဖန်တီးပေးနိုင်မှသာ ဆင်းရဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ မြို့ပြဒေသရှိ အခြေခံလူတန်းစားများလည်း အလုပ်အကိုင်ရရှိရေး၊ အရင်းအနှီးရရှိရေး အခက်အခဲများ ရှိကြကြောင်း၊ သမဝါယမဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများနှင့်အညီ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်အောင် ဦးတည်ချက်(၂)ရပ်နှင့် လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ကျေးလက် ဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးအတွက် သမဝါယမ ကွန်ရက်နှင့် ဘဏ်များ၏ အခန်းကဏ္ဍ စာတမ်းဖတ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

သင့်တင့်သည့်အချိန်ကာလအတွင်း ကျေးလက်သမဝါယမများနှင့် ကျေးလက်ပြည်သူများအနေဖြင့် မိမိဘာသာ ရပ်တည်ဆောင်ရွက်နိုင်သည့် အခြေအနေကိုရောက်ရန် ကျေးရွာတစ်ရွာအတွက် ပျမ်းမျှအားဖြင့် ငွေကျပ် သိန်း ၅၀၀ ခန့် မတည်ပြီး "ပြန်ဆပ်၊ ပြန်ချေး" စနစ်ဖြင့် ဆက်တိုက်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးရွာပေါင်း ၆၀၀၀၀ကျော်အတွက် တစ်ရွာလျှင် ငွေကျပ် သိန်း ၅၀၀ ဖြင့် တွက်ပါက ရန်ပုံငွေကျပ် ဘီလျံ ၃၀၀၀ခန့် လိုအပ်မည်ဖြစ်ကြောင်း။

ထို့ကြောင့် အဆိုပါ ရန်ပုံငွေရရှိနိုင်ရေးအတွက် သမဝါယမအသင်းများ၏အားကို ရယူဆောင်ရွက်သွားမည် ဖြစ်သကဲ့သို့ နိုင်ငံတကာမှ Aids, Grants များရအောင် Concessional Loan များရအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် အခြားသောနိုင်ငံများနည်းတူ Microfinance Bank ထူထောင်ဆောင်ရွက်သင့်သည်ဟုလည်း ယူဆပါကြောင်း၊Microfinance Bank ကသာ ငွေးစီမံချက်အတွက် လိုအပ်သည့်ရန်ပုံငွေကို အဓိက ရှာဖွေပေး နိုင်လိမ့်မည်ဟု ယူဆပါကြောင်း။

တွေ့မြင်

လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမဝန်ကြီးဌာနတစ်ခုတည်း၏အားဖြင့် ဆောင်ရွက်၍မရနိုင်ဘဲ ဖွဲ့စည်းတည်ရှိပြီးဖြစ်သော သမဝါယမအသင်းအဆင့်ဆင့်၏ အား၊ ဘဏ်များ၏အားကိုပါ ရယူဆောင်ရွက်ရန်လိုသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှု လျှော့ချရေးသည် မိမိတို့နိုင်ငံအတွက် အရေးပါသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ကြောင်း၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း၊ ယနေ့ ဖတ်ကြားမည့် စာတမ်းများသည် အခြေခံလူတန်းစားများအတွက် အကျိုးရှိစေမည့် စာတမ်းများ၊ သမဝါယမကဏ္ဍကို မြှင့်တင်ပေးနိုင်မည့်စာတမ်းများ၊ တိုင်းပြည်အတွက် အကျိုးရှိစေမည့် စာတမ်းများဖြစ်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံသားစီးပွားရေးလုပ်ငန်း အများပိုင်ကုမ္ပဏီဥက္ကဋ္ဌ ဦးခင်မောင်အေးက ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဒေါက်တာအောင်ထွန်းသက်က ကျေးလက်ဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် ဘဏ်များ၏ အခန်းကဏ္ဍစာတမ်း၊သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူက ကျေးလက်ဖွံ့ဖြိုးရေးနှင့် သမဝါယမ စာတမ်း၊ ဗဟိုသမဝါယမအသင်းလီမိတက်မှ အမှုဆောင်အရာရှိချုပ် ဦးကျော်သိန်းက မြန်မာ့သမဝါယမနှင့် ဘဏ်အတွေ့အကြုံစာတမ်း၊ နိုင်ငံသားစီးပွားရေးလုပ်ငန်း အများပိုင်ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ ဦးသက်နိုင်ဝင်းက နိုင်ငံသားစီးပွားရေးလုပ်ငန်း အများပိုင်ကုမ္ပဏီက တည်ထောင်မည့် အသေးစားငွေရေးကြေးရေးဘဏ်နှင့် ဆင်းရဲမှုလျှော့ချရေးစာတမ်းများကို ဖတ်ကြားခဲ့ကြသည်။

(သတင်းစဉ်)

နေပြည်တော်ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံ နှာခေါင်းကွဲ၊ အာခေါင်ကွဲလူနာများအား အလှူငွေပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ မွန်မွန်အောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်မည့်လူနာ ၆၈ ဦးအတွက် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံ၌ ငွေကျပ် ၃၁၀၀၀၀၀ ပေးအပ်လှူဒါန်းကြပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တော သစ်ပင် ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

နိုင်ငံတကာသတင်း

ကိုယ်ယောင်ဖျောက်တိုက်ခိုက်ရေးယန္တရားယာဉ် ဗြိတိန်စမ်းသပ်ပျံသန်းမည်

လန်ဒန် ဇန်နဝါရီ ၁၄

အဝေးထိန်းကိုယ်ယောင်ဖျောက် တိုက်ခိုက်ရေးယာဉ်ပျံတစ်စင်းကို ဗြိတိန်စစ်တပ်အတွက် BAE ဗြိတိန်စစ်လက်နက်ပစ္စည်း ထုတ်လုပ်ရေးက ဒီဇိုင်းထုတ်တည်ဆောက်ပြီး ယခုနှစ်နှောင်းပိုင်းတွင် စမ်းသပ်ပျံသန်းရန် အစီအစဉ်ရှိနေကြောင်း ပရက်စ်တီဗွီက ဇန်နဝါရီ ၁၃ ရက်တွင် သတင်းဖော်ပြသည်။

တာရန်နီဟု အမည်ပေးထားသည့် အဆိုပါ မောင်းသူမဲ့စက်ရုပ်လေယာဉ်သည် ရေဒါဖြင့် ထောက်လှမ်း၍မရဟု ဆိုသည်။ မောင်းနှင်သူမလိုဘဲ အဝေးထိန်းစနစ်ဖြင့် ပစ်မှတ်ဆီ တိုက်ရိုက်ဖြတ်ပျံသန်း၍ ဗုံးကြဲတိုက်ခိုက်နိုင်ရန် ဒီဇိုင်းဆင်တည်ဆောက်ထားသည်။

မျှော်လင့်ထား

အဆိုပါ တိုက်ခိုက်ရေးယန္တရားယာဉ်ပျံတည်ဆောက်ရေးတွင် ပေါင် ၁၂၅ သန်း သုံးစွဲခဲ့ရသည်ဟု သိရသည်။ စတင်စမ်းသပ်ပျံသန်းမှုများကို ဩစတြေးလျနိုင်ငံအတွင်း လာမည့်နွေဦးတွင် ပြုလုပ်ရန်စီစဉ်ထားကြောင်း သတင်းတွင် ဖော်ပြသည်။

ဗြိတိန်နှင့် အမေရိကန်စစ်တပ်တို့သည် မောင်းသူမဲ့တိုက်ခိုက်ရေးယာဉ်များအဖြစ် ရီးပါးဒရုန်းယာဉ်များကို လတ်တလောအသုံးပြုနေရသည်။ ဗြိတိန်နိုင်ငံက တီထွင်ထုတ်လုပ်လိုက်သည့် ခေတ်ရှေ့ပြေး တာရန်နီတိုက်ခိုက်ရေး ဒရုန်းယာဉ်ပျံသည် ယာဉ်မောင်းပါ ဗုံးကြဲတိုက်လေယာဉ်များနှင့် လက်ရှိအသုံးပြုနေသည့် ရီးပါးမောင်းသူမဲ့ တိုက်ခိုက်ရေး ဒရုန်းယာဉ်များနေရာတွင် အစားထိုးအသုံးပြုနိုင်မည်ဟု မျှော်လင့်ထားသည်။

တည်ဆောက်ခဲ့

အရှေ့အလယ်ပိုင်း ဒေသအတွင်း အမျိုးသမီးများနှင့် ကလေးများ အပါအဝင် အပြစ်မဲ့ပြည်သူများ ဗုံးကြဲတိုက်ခိုက်မှုများတွင် အနည်းဆုံး ရာနှင့်ချီ၍ သေဆုံးရခြင်းကို ရှောင်လွှဲနိုင်ရန် အမေရိကန်နှင့် မဟာမိတ်များက ကိုယ်ယောင်ဖျောက် ချောင်းမြောင်းတိုက်ခိုက်နိုင်သည့် ဒရုန်းမောင်းသူမဲ့ ယာဉ်များ တိုးတက်တီထွင်ရေး ကဏ္ဍတစ်ရပ်အနေဖြင့် ဗြိတိန်နိုင်ငံက တာရန်နီယာဉ်ကို တီထွင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **(ပရက်စ်တီဗွီ)**

ဘင်္ဂလားဒေ့ရှ်၌ နှစ်ပေါင်း ၄၀ အတွင်း အအေးဆုံး ဆောင်းရာသီဖြစ်

ဒါကာ ဇန်နဝါရီ ၁၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နှစ်ပေါင်း ၄၀ အတွင်း အအေးဆုံးဆောင်းရာသီကို တွေ့ကြုံခံစားရမှုကြောင့် ပြီးခဲ့သည့် သီတင်းပတ်ကျော်အတွင်း လူ ၈၀ သေဆုံးခဲ့ကြောင်း နိုင်ငံအတွင်းရှိ လခြမ်းနီအဖွဲ့၏ ပြောကြားချက်ကို ဇန်နဝါရီ ၁၃ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ပြောကြား

ခရိုင်အစိုးရရုံးများနှင့် ဒေသတွင်းအုပ်ချုပ်ရေးရုံးများ၏ ထုတ်ပြန်ချက်များအရ နိုင်ငံအတွင်းရှိ လူပေါင်း ၈၀ ခန့်မှာ အသက်ရှူမှုဆိုင်ရာပြဿနာများ၊ အဆုတ်ရောင်နှင့်ချောင်းဆိုးကဲ့သို့သော အအေးဒဏ်ခံရမှုနှင့်ဆက်နွှယ်သည့် ရောဂါများဖြစ်ပွားမှုကြောင့် သေဆုံးကြခြင်းဖြစ်ကြောင်း အဆိုပါလခြမ်းနီအဖွဲ့၏ အထွေထွေအတွင်းရေးမှူး အဘူဘာကာက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း အအေးဒဏ်ခံရမှုနှင့်ဆက်နွှယ်သည့် ရောဂါဝေဒနာများ ခံစားရမှုကြောင့် လူပေါင်းရာနှင့်ချီ၍ ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူနေရသည်ဟုဆိုသည်။

ဇန်နဝါရီ ၁၀ ရက်က နိုင်ငံမြောက်ပိုင်း ဆက်ပါမြို့တွင် အပူချိန် ၃ ဒီဂရီဆဲလ်စီးရပ်စ်အထိ ကျဆင်းခဲ့ပြီး ယင်းကျဆင်းမှုသည် နှစ်ပေါင်း ၄၀ အတွင်း နိုင်ငံမြောက်ပိုင်းတွင် အအေးဆုံးရာသီဥတုဖြစ်သည်ဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင်-စုစည်းသည်

အင်ဒိုနီးရှားအထွေထွေရွေးကောက်ပွဲ ၂၀၁၄ ခုနှစ်၌ ကျင်းပမည်

ဂျကာတာ ဇန်နဝါရီ ၁၄

လာမည့် ၂၀၁၄ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ရာ နိုင်ငံရေးပါတီ ၁၀ ပါတီတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ အထွေထွေရွေးကောက်ပွဲကော်မရှင် (ကေပီယူ)က ဇန်နဝါရီ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အထွေထွေရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းများ၏ စာရင်းများကို အထွေထွေရွေးကောက်ပွဲကော်မရှင်ရုံးသို့ စာရင်းပေးသွင်းကြရန်လည်း ကေပီယူက သတင်းထုတ်ပြန်ထားသည်။ အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများတွင် လူဦးရေအများဆုံးနိုင်ငံဖြစ်သည်။

စီစဉ်ထား

၂၀၁၄ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် ၅၆၀ နေရာအတွက် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ထို့အပြင် အင်ဒိုနီးရှားနိုင်ငံ၏ သမ္မတသစ်ကိုလည်း ခန့်အပ်မည်ဖြစ်သည်။ လက်ရှိ သမ္မတ ဆူစီလိုဘမ်ဘန်းယူဒိုယိုနို၏ ဒုတိယ ငါးနှစ်သက်တမ်းမှာ ကုန်ဆုံးတော့မည်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကျင်းပမည့်ရက်ကို ၂၀၁၄ ခုနှစ် ဧပြီ ၉ ရက်တွင် ကျင်းပရန်စီစဉ်ထားသည်။ **(ဆင်ဟွာ)**

ဩစတြေးလျနိုင်ငံ နယူးဆောက်သ်ဝေးပြည်နယ်၌ တောမီးလောင်မှုကြောင့် အိမ် ၂၈လုံးပျက်စီးခဲ့

နယူးဆောက်သ်ဝေး ဇန်နဝါရီ ၁၄

ဩစတြေးလျနိုင်ငံအနောက်တောင်ပိုင်း နယူးဆောက်သ်ဝေးပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် နေအိမ် ၂၈ လုံးပျက်စီးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

နယူးဆောက်သ်ဝေးပြည်နယ် ဝါရမ်ဘန်လီအမျိုးသားဥယျာဉ်အတွင်း၌ အဆိုပါ တောမီးလောင်ကျွမ်းမှုကို မထိန်းချုပ်နိုင်ခဲ့မှုကြောင့် သစ်တောဧရိယာ ဟက်တာ ၄၀၀၀၀ နီးပါး မီးဘေးသင့်ခဲ့ကြောင်း ဒေသဆိုင်ရာမီးသတ်ဦးစီးဌာန (အာရ်အက်ဖ်အက်စ်)က ပြောကြားသည်။

ဆောင်ရွက်လျက်ရှိ

နယူးဆောက်သ်ဝေးပြည်နယ် ရဲတပ်ဖွဲ့အနေဖြင့် ယင်းမီးလောင်မှုဖြစ်ပွားသည့်နေရာသို့သွားရောက်ပြီး ပျက်စီးခဲ့သည့် အိမ်အရေအတွက်စာရင်းကို ရယူဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

မီးသတ်တပ်ဖွဲ့ဝင်များနှင့် ယာဉ်ယန္တရားအများအပြားကို မီးလောင်မှုဖြစ်ပွားသည့်နေရာသို့ ဖြန့်ကြက်စေလွှတ်ပြီး မီးငြိမ်းသတ်မှုများ လုပ်ဆောင်လျက်ရှိ သည်။ အဆိုပါတောမီးလောင်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းခြံ ၄၀ လည်း ပျက်စီးခဲ့သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

ဖမ်းဆီးခံရသည့် ဆီးရီးယားနိုင်ငံသားသုံးဦး ဆိုမာလီဓားပြများ ပြန်လည်လွှတ်ပေး

ဆိုမာလီယာ ဇန်နဝါရီ ၁၄

ဆိုမာလီဓားပြများက ဖမ်းဆီးထားသည့် ဆီးရီးယားဓားစာခံသုံးဦးကို နှစ်နှစ်ကျော်ကြာ ထိန်းချုပ်ထားပြီးနောက် ပြန်လည်လွှတ်ပေးလိုက်ကြောင်း ဒေသဆိုင်ရာ အရာရှိတစ်ဦး၏ပြောကြားချက်ကို ဇန်နဝါရီ ၁၃ ရက်က အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ ဆီးရီးယားနိုင်ငံသားသုံးဦး ပြန်လည်လွတ်မြောက်ရန်အတွက် ငွေကြေးပေးဆောင်ရခြင်းမရှိကြောင်း ဆိုမာလီအလယ်ပိုင်း အဒါဒိုမြို့ အုပ်ချုပ်ရေးအရာရှိတစ်ဦးဖြစ်သည့် မိုဟာမက်အေဒင်တီစီက ပြောကြားခဲ့သည်။

ပြန်လွှတ်ပေးခဲ့

၄င်းတို့ သုံးဦးသည် ယူအေအီးကုမ္ပဏီပိုင် အမ်ဗွီအော်နာသင်္ဘောမှ ကျန်ရစ်သူ ၂၁ ဦးအနက် နောက်ဆုံးလွတ်မြောက်လာသူများဖြစ်သည်။ အဆိုပါ အမ်ဗွီအော်နာသင်္ဘောသည် ၂၀၁၀ ခုနှစ် ဒီဇင်ဘာလက ဆေချီလက်စ်မြို့အရှေ့မြောက်ဘက် ရေမိုင် ၄၀၀ ခန့်တွင် အပိုင်စီးခံခဲ့ရကာ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ပင်လယ်ဓားပြများက ပြန်လွှတ်ပေးခဲ့သည်။ **(အေပီ)**

ပြီးခဲ့သည့်နှစ်က မိုဇမ်ဘစ်၌ မိကျောင်း၁၃ကောင် သတ်ဖြတ်ခံရ

မာပူတို ဇန်နဝါရီ ၁၄

မိုဇမ်ဘစ် အာဏာပိုင်များသည် ပြီးခဲ့သည့်နှစ်က လူတို့ကို တိုက်ခိုက်အန္တရာယ်ပြုသည့် မိကျောင်း ၁၃ကောင်ကိုရှင်းလင်းသတ်ဖြတ်ခဲ့ကြောင်း ဇန်နဝါရီ ၁၃ ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ **(အောက်ပုံ)**

နိုင်ငံအနောက်မြောက်ပိုင်း တီတီပြည်နယ်တွင် ပြီးခဲ့သည့်နှစ်ကုန်က မိကျောင်းများ တိုက်ခိုက်ခံရသဖြင့် လူ ၁၈ ဦးသေဆုံးခဲ့ရပြီးနောက် အဆိုပါ မိကျောင်း ရှင်းလင်းရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဇန်နဝါရီ ၁၃ရက်တွင် မိုဇမ်ဘစ်ရေဒီယိုကကြေညာခဲ့သည်။

သေဆုံးသူအများစုမှာ မူတာရာရာ၊ ကာဟိုရာဘာဆာ၊ ဇမ်ဘို၊ မာဂီနှင့် မော့တီဇီဒေသတို့မှဖြစ်ပြီး ၄င်းတို့သည် ဒေသတွင်း မြစ်ရေပြင်များ၌ ရှိနေချိန် ထိုသို့ တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟုဆိုသည်။

ယင်းမိကျောင်း ရှင်းလင်းရေးလုပ်ငန်းတွင် တီတီပြည်နယ်နှင့် ဇမ်ဘီဇီမြစ်၏ မြစ်ကမ်းပါးတစ်လျှောက်ရှိ မိကျောင်းများ သေဆုံးသည့်နေရာများမှ မိကျောင်းဥများကိုလည်း သိမ်းဆည်းယူငင်ခဲ့သည်ဟု ဆိုသည်။

မိုဇမ်ဘစ်နိုင်ငံ တီတီပြည်နယ်တစ်ခုတည်းတွင် မိကျောင်းများသာမက အခြားသော ခြင်္သေ့၊ ဆင်နှင့်ကျားသစ်များ၏တိုက်ခိုက်အန္တရာယ်ပြုမှုကြောင့် လူပေါင်း ၄၀ ကျော် သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များ၏ ပြောကြားချက်အရ သိရသည်။ **(ဆင်ဟွာ)**

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ဒေါ်သိန်းသိန်းနိုင်(ဟ/၁၁၊ အမှတ် ၄၅၊၄၆)၊ ၆၂လမ်း၊ (ခ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၃)ဖြင့် **သုခမ္မသီဂိ**ဘွဲ့ကိုထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာတော် အကျိုးတို့အား ယခုထက် ဆတက်ထမ်းပိုးလျှုဒါန်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။

ဦးထွန်းသန်း-ဒေါ်စိန်စိန်(အောင်မြန်မာဆီစက်၊ မကွေး)
ဦးကြည်ဝင်း-ဒေါ်မိမိလွင်(နူထရွန်ကုမ္ပဏီ၊ မကွေး)
ဦးနေဝင်းအောင်-ဒေါ်စုစုမြင့်(တော်ဝင်ဆီစက်၊ မကွေး)
ဦးဇော်ဇော်ဝင်း-ဒေါ်ကေသီထွန်း(သမာဓိရောင်းဝယ်ရေး၊ မကွေး)
ဒေါက်တာထင်လင်းအောင်(ကောင်းမွန်အထူးကုဆေးရုံ)

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားတက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စင်ကာပူသမ္မတနိုင်ငံ ကာကွယ်ရေးဦးစီးချုပ် Lieutenant General Neo Kian Hong မှ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား စင်ကာပူသမ္မတ နိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lieutenant General Neo Kian Hong က ခရီးဦးကြိုဆိုနှုတ်ဆက်ပြီး အလေးပြုခံစင်မြင့်သို့ သွားရောက်နေရာ ယူကာ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်း ကို ခံယူကြသည်။

ထိုအချိန်တွင် စင်ကာပူသမ္မတနိုင်ငံ စစ်တီးဝိုင်းက ဂုဏ်ပြုတီးမှုတ်သည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် စင်ကာပူသမ္မတနိုင်ငံ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြပြီး ဂုဏ်ပြု ကြိုဆိုပွဲ တက်ရောက်လာကြသူများနှင့် အပြန်အလှန် မိတ်ဆက်ကြသည်။

အဆိုပါ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား သို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ စင်ကာပူတပ်မတော်မှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းဆောင် ၌ စင်ကာပူတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တွေ့ဆုံ၍ ကမ္ဘာ့ရေးရာနှင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာ အမြင်များ ဖလှယ်ခြင်း၊ နှစ်နိုင်ငံတပ်မတော် ပူးပေါင်း ဆောင်ရွက်မှုနှင့် အခြေခံအဆောက် အအုံများ ဖော်ဆောင်ရေးကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စစ် ရေယာဉ်များ အပြန်အလှန်စေလွှတ် လေ့လာရေးကိစ္စရပ်များ၊ အာဆီယံ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး ဆိုင်ရာကိစ္စရပ်များဆွေးနွေးကြပြီး အထိမ်း အမှတ်တံဆိပ်များ အပြန်အလှန်လဲလှယ် ကြသည်။

ဆက်လက်ပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ အား Joint Staff Conference Room တွင် စင်ကာပူတပ်မတော်မှ တာဝန်ရှိသူ များက စင်ကာပူတပ်မတော်အား အဆင့် မြှင့်တင်ဆောင်ရွက်နေခြင်းနှင့် ဒေသတွင်း လုံခြုံရေးတည်ဆောက်မှုအခြေအနေများ အား ရှင်းလင်းတင်ပြပြီး နှစ်ဖက်အမြင်ချင်း ဖလှယ်အပြန်အလှန်ဆွေးနွေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား Jiang Nan Chun, Four Seasons Hotel ၌ စင်ကာပူတပ်မတော် ကာကွယ် ရေးဦးစီးချုပ်က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် စင်ကာပူတပ်မတော် ကာကွယ် ရေးဦးစီးချုပ် Lieutenant General Neo Kian Hong တို့ တွေ့ဆုံဆွေးနွေး စဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စင်ကာပူသမ္မတနိုင်ငံသို့ သွားရောက်လည်ပတ်

နေပြည်တော် ဇန်နဝါရီ ၁၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Lieutenant General Neo Kian Hong ၏ ဖိတ်ကြား ချက်အရ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၁၅ မိနစ်တွင် စင်ကာပူသမ္မတနိုင်ငံ ချန်ဂီ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက် ရှိကြရာ စင်ကာပူတပ်မတော်မှ Brigadier General Tung Yui Fai, Cos-Gs၊ စင်ကာပူ သမ္မတနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီးဦးတင်ဦးလွင်နှင့်ဇနီး၊ မြန်မာ စစ်သံ (ကြည်း၊ရေ၊လေ) ဗိုလ်မှူးကြီး ဝင်းမောင်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူစစ်သံမှူး Col. Chwa Boon Keat နှင့် ဇနီး၊ တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့်အဖွဲ့သည် ညနေပိုင်းတွင် Gardens by the Bay သို့ သွားရောက်လည်ပတ် ကြပြီး (ဓါပုံ) Flower Dome, Cloud Forest, Canopy ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့သည်။

ညပိုင်းတွင် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့်အဖွဲ့သည် စင်ကာပူ သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ် ကြီးနှင့်ဇနီးတို့က နေအိမ်တွင် တည်ခင်း ဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့ ကြပြီး သံရုံးအမှုထမ်းများနှင့် မိသားစု ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းမိသားစု များအတွက် မြန်မာ့ရိုးရာ စားသောက် ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ၊ စာကြည့်တိုက်အတွက် စာအုပ်များပေးအပ် ကာ သံရုံး၏ ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့က အမှတ်တရ လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ကရင်နှစ်သစ်ကူးနေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းသည် ငြိမ်းချမ်းရေး၏အသီးအပွင့်များကို ဒေသခံပြည်သူများရရှိခံစားနေကြရခြင်းဖြစ်

နေပြည်တော် ဇန်နဝါရီ ၁၄

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီတို့သည် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့်အတူ ဇန်နဝါရီ ၁၂ ရက် နံနက် ၁၁ နာရီတွင် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ကစိုကျေးရွာ၌ ကျင်းပသည့် ကရင်နှစ်သစ်ကူးနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမူတူးစေးဖိုးနှင့် အဖွဲ့ဝင်များအားတွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ **(ယာပုံ)** နေ့လယ်စာ သုံးဆောင်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌတို့သည် ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားသို့သွားရောက်၍ စတုဒိသာသုံးဆောင်နေကြသော ဒေသခံပြည်သူများ၊ တိုင်းရင်းသား တိုင်းရင်းသူများအား ရင်းနှီးစွာ နှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ကရင်အမျိုးသားအစည်းအရုံး အဖွဲ့ဝင်များသည် ကရင်ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို ဝင်ရောက်ကြည့်ရှုအားပေးကြသည်။

ကရင်ပြည်နယ် ကရင်နှစ်သစ်ကူးနေ့အခမ်းအနားကို ယခုကဲ့သို့ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ခြင်းသည် နိုင်ငံတော်အစိုးရနှင့် KNU အဖွဲ့ အစည်းအကြား ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်၍ အပစ်အခတ်ရပ်စဲရေး သဘောတူဆောင်ရွက်ကြရာ ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ဒေသခံပြည်သူများ ရရှိခံစားနေကြရခြင်းဖြစ်ကြောင်းနှင့် ဒေသခံတိုင်းရင်းသားများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် အားရကျေနပ်လျက်ရှိကြကြောင်း ပြည်သူများအကြား ပြောကြားလျက်ရှိကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နေပြည်တော် လယ်ဝေးမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများအား နို့တိုက်ကျွေး

နေပြည်တော် ဇန်နဝါရီ ၁၄

ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် လယ်ဝေးမြို့နယ် ဗောဓိကုန်းရွာ အခြေခံပညာ မူလတန်းကျောင်းနှင့် သရက်ကုန်းကျေးရွာအုပ်စု စမတောင် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) တို့၌ကျင်းပသည့်ကျောင်းသား ကျောင်းသူများအား နို့တိုက်ကျွေးသည့်အစီအစဉ်သို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ Tetra Pak South & Southeast Asia ကုမ္ပဏီနှင့် MK ကုမ္ပဏီတို့မှ တာဝန်ရှိသူများ တက်ရောက်အားပေးကြပြီး ကျောင်းသား ကျောင်းသူ ၂၃၂ ဦးတို့အား သန့်ရှင်းလတ်ဆတ်ရောဂါကင်းသည့် Untra High Temperature (UHT) နို့များကို တိုက်ကျွေးကြကာ ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းကြသည်။

ယနေ့ နို့တိုက်ကျွေးသည့်အစီအစဉ်တွင် နေပြည်တော်မြို့နယ် ရှစ်မြို့နယ်ရှိ အခြေခံပညာကျောင်း ၃၀ မှ ကျောင်းသား ကျောင်းသူ ၁၀၀၀၀ တို့အား တစ်ပြိုင်နက်တည်း အခမဲ့နို့တိုက်ကျွေးခဲ့ပြီး Myanmar Pilot School Milk Programme အဖြစ် ယခုနှစ် စာသင်နှစ်ကုန်အထိ တိုက်ကျွေးသွားမည်ဖြစ်ကာ School Milk Programme အဖြစ် လာမည့်စာသင်နှစ်မှစ၍ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ကျောင်းသား ကျောင်းသူ ၄၅၀၀၀ တို့အား သုံးနှစ်ဆက်တိုက် နို့တိုက်ကျွေးရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကျောင်းသား ကျောင်းသူများအား နို့တိုက်ကျွေးစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ အနုညာတ စီရင်ဆုံးဖြတ်ချက်နှင့် ကူးသန်းရောင်းဝယ်ရေးဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံသူများကြိုက်နှစ်သက်မည့် ဥပဒေအခြေအနေများ ဖန်တီးပေးရာတွင်လည်း ရင်းနှီးမြှုပ်နှံသူများ လိုလားနှစ်သက်သော ကုလသမဂ္ဂ၏ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာနည်းဥပဒေများ၏ စာချုပ်တစ်ခုဖြစ်သည့် New York Convention တွင် မြန်မာနိုင်ငံအား အဖွဲ့ဝင်အဖြစ်ပါဝင်ရန် လိုအပ်သည်ကိုလည်း တွေ့ရှိရကြောင်း၊ ထိုသို့အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး ဥပဒေကော်မရှင်၏ (UNCITRAL Rules) များနှင့်အညီ ဆောင်ရွက်ရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်းနှင့် New York Convention တွင် အဖွဲ့ဝင် Instrument of Accession ဖြစ်ရန် ကြိုးစားနေပြီဖြစ်ကြောင်း ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် **(အပေါ်ယာပုံ)** က ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Function Hall ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အနုညာတ စီရင်ဆုံးဖြတ်ချက်နှင့် ကူးသန်းရောင်းဝယ်ရေး ဥပဒေဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

ယင်းနောက် စင်ကာပူနိုင်ငံအခြေစိုက်အင်္ဂလန်နိုင်ငံ ဥပဒေအဖွဲ့အစည်း BERWIN LEIGHTON PAISNER မှ Senior Associate Mr. Manoj Purush က အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ဆွစ်ဇာလန်၊ စင်ကာပူ၊ ဗြိတိန်နှင့် အိန္ဒိယနိုင်ငံများမှ ဥပဒေပညာရှင်များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေပညာရှင်များက အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေး အငြင်းပွားမှုများကို ဖြေရှင်းခြင်းဆိုင်ရာ သဘောတရားများ၊ ဒေသတွင်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများတွင် အပြည်ပြည်ဆိုင်ရာ အနုညာတ စီရင်ဆုံးဖြတ်ခြင်း၏ အရေးပါပုံနှင့် လက်တွေ့ဆောင်ရွက်သည့် ကျင့်စဉ်များ၊ အနုညာတ စီရင်ပိုင်ခွင့်ဆိုင်ရာ အတွေ့အကြုံများနှင့် ရင်ဆိုင်ရသည့်ပြဿနာများ၊ အပြည်ပြည်ဆိုင်ရာအမှုသည်များ ပါဝင်သည့်အငြင်းပွားမှုများကို ဖြေရှင်းရာတွင် တရားရုံးများ၏ အခန်းကဏ္ဍ၊ အငြင်းပွားမှုများတွင်အသုံးပြုသည့် ပြည်တွင်းဥပဒေများနှင့်စပ်လျဉ်း၍ လမ်းညွှန်ချက်များဖော်ထုတ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေး ပဋိညာဉ်စာချုပ်များတွင် ယေဘုယျရင်ဆိုင်နေရသော ဥပဒေပြဿနာများ စသည်တို့ကို ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၄

ပထမအကြိမ် ကချင်ပြည်နယ် လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံနှင့် လွှတ်တော်ကိုယ်စားလှယ် ၄၃ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း (၁၅) ခု မေးမြန်းဖြေကြားခြင်း၊ အဆိုနှစ်ခု ဆွေးနွေးအဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်ကြပြီး အစည်းအဝေးကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွှတ်တော်ရေးရာကဏ္ဍ

❊ *ပြည်ထောင်စုလွှတ်တော်မှ*

ထို့နောက် **ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များအပေါ် ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို မဲခွဲဆုံးဖြတ်၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုသည်။

ယင်းနောက် **နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များအပေါ် ဆွေးနွေးကြသည်။

နိုင်ငံတော်သမ္မတက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်နာယကထံ ပေးပို့သည့်သဘောထားမှတ်ချက်များမှာ" ဥပဒေကြမ်းပုဒ်မ(၂)၊ ပုဒ်မခွဲ (က)နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၁ ၌ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင် သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့်အဖွဲ့ဝင်သုံးဦး စုစုပေါင်းကိုးဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းလျက် သဘောတူညီချက်ရယူရမည်ဟု ပြဋ္ဌာန်းထားပါသည်။ လွှတ်တော်၏ပြင်ဆင်ပြဋ္ဌာန်းလိုချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအား ဆန့်ကျင်လျက်ရှိရာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ အရ ပြဋ္ဌာန်းခဲ့သည့် ဥပဒေ (၂၂)ခုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအား မဆန့်ကျင်သော ပြဋ္ဌာန်းချက်သာလျှင် အတည်ဖြစ်သည်ဟု ပုဒ်မ ၄၄၆ တွင် ပြဋ္ဌာန်းပြီးဖြစ်ရာ ဆန့်ကျင်ပြဋ္ဌာန်းလျှင် အလိုအလျောက် ပျက်ပြယ်မည်ဖြစ်ပါကြောင်း။

ဥပဒေကြမ်း၏ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ) နှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၁၂ သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂ နှင့် ၃၂၃ တို့၏ပြဋ္ဌာန်းချက်များတွင် ပါရှိသော ခုံရုံး၏လုပ်ငန်းတာဝန်များအား စုစည်းဖော်ပြထားခြင်းဖြစ်ပါသည်။ ဖြည့်စွက်သည့် ပုဒ်မခွဲ(ဈ)ပါ ဖော်ပြချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်ခြင်းမရှိသည့်အပြင် ထိုသို့ဖြည့်စွက်ပြဋ္ဌာန်းပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အမြင့်ဆုံးတရားရုံးဖြစ်သည့် ထိုခုံရုံး၏လွတ်လပ်စွာတရားစီရင်ဆုံးဖြတ်ပိုင်ခွင့်ကို ထိခိုက်မည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် တရားစီရင်ရေးကဏ္ဍအား ဝင်ရောက်စွက်ဖက်မှုဖြစ်လာပါမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်အရ လွတ်လပ်စွာတရားစီရင်ရေးမူကိုလည်း ဆန့်ကျင်နေပါသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်အားဆန့်ကျင်လျက်ရှိရာ ဒီမိုကရေစီအနှစ်သာရ ပီပြင်စေရေး အထူးစောင့်ထိန်းရမည့် အချက်ဖြစ်သဖြင့် ဖြည့်စွက်ပြဋ္ဌာန်းရန်မသင့်ကြောင်း တွေ့ရှိရပါကြောင်း။

ဥပဒေကြမ်း၏ ပုဒ်မ ၃ နှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၂၃ နှင့် ၂၄ ကို ပြင်ဆင်အစားထိုးပါက အပြီးအပြတ်အတည်ဖြစ်သော ခုံရုံး၏ဆုံးဖြတ်ချက်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဆ)ပါ တရားရုံးတစ်ရုံးက တင်သွင်းသောအကြောင်းကိစ္စအပေါ် ဆုံးဖြတ်သည့် ဆုံးဖြတ်ချက်တစ်ခုနှင့်သာ သက်ဆိုင်စေမည်ဖြစ်ပါသည်။ ကျန်အကြောင်းကိစ္စများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်များသည် အပြီးအပြတ်ဖြစ်မည် မဟုတ်သဖြင့် အယူခံပြင်ဆင်တက်ရောက်နိုင်ခွင့်ရှိသော ဆုံးဖြတ်ချက်အဖြစ်သို့ သက်ရောက်စေပါသည်။ ယင်းပြင်ဆင်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၄ ပါ ပြဋ္ဌာန်းချက်ဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်ဆိုသည့် ပြဋ္ဌာန်းချက်အားဆန့်ကျင်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ ပါ ပြဋ္ဌာန်းချက်အရ ပျက်ပြယ်မည်သာ ဖြစ်ပါကြောင်း။

ဥပဒေကြမ်း၏ပုဒ်မ ၄နှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၂၅ မှာ ခုံရုံးဆုံးဖြတ်ချက်များသည် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသို့လည်းကောင်း၊ သက်ဆိုင်ရာနေရာဒေသအသီးသီးသို့လည်းကောင်း အာဏာသက်ရောက်စေရန် ပြဋ္ဌာန်းချက်ဖြစ်ပါသည်။ ပုဒ်မ ၂၅၏ အနှစ်သာရမှာ ခုံရုံး၏ဆုံးဖြတ်ချက်အကျိုးသက်ရောက်မှုအပေါ် အငြင်းပွားမှုမရှိစေရန် ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ ယင်းသို့ ပြဋ္ဌာန်းထားခြင်းမရှိပါက ခုံရုံး၏အကျိုးသက်ရောက်မှုအပေါ် အငြင်းပွားခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုရခြင်းများရှိလာနိုင်သဖြင့် မူလဥပဒေပြဋ္ဌာန်းချက် ပုဒ်မ ၂၅ ကို ပယ်ဖျက်၍မရကြောင်း တွေ့ရှိရပါကြောင်း" ဟူ၍ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏သဘောထား သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းက ဆွေးနွေးရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်ပြီး အချက်တစ်ချက်ချင်းအလိုက် ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆွေးနွေးသည့်အခါ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဌာနစွဲမထားဘဲ မှန်သည်ဟု မိမိထင်မြင်ယူဆထားသည့်အတိုင်း ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ နောက်တစ်ချက် အရေးတကြီးပြောလိုသည်မှာ မိမိဆွေးနွေးပြောဆိုချက်များသည် လက်ရှိဖွဲ့စည်းပုံဥပဒေကို ကြိုက်ခြင်း-မကြိုက်ခြင်း၊ ပြင်ဆင်လိုခြင်း-မပြင်ဆင်လိုခြင်းနှင့် သက်ဆိုင်မှုမရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးထားရှိသည့် နိုင်ငံရေးစနစ်တစ်ရပ်တွင် ရှိသင့်ရှိထိုက်၊ အလေးအနက်ထားသင့် ထားထိုက်သော မူဘောင်များဘက်မှ ရပ်တည်ပြီး ဆွေးနွေးသွားမည်ဖြစ်၍ မိမိသည် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်ဆင် မပြောင်းလဲလိုသည့်သူဟု မထင်မှတ်ကြရန်ဖြစ်ပါကြောင်း။

မိမိတို့တစ်တွေ ဥပဒေများပြုကြသည့်အခါ ထိုဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်၍မရဘူးဆိုသည်ကို အားလုံးသိရှိလက်ခံကြပြီး ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်သူလူထုအကျိုးစီးပွားကို မဖော်ဆောင်နိုင်ခြင်း၊ ဆန့်ကျင်နေခြင်းကို တွေ့ရှိလာလျှင်၊ ထိုမူလအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ကိုသာ ပြင်ဆင်ရန် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့မကြိုးစားဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည့်ဥပဒေများကို ဇွတ်အတင်းရေးဆွဲပြဋ္ဌာန်းရန်သာ ကြိုးစားကြမည်ဆိုလျှင် နောင်အနာဂတ် ဥပဒေပြုရေးတွင် ထုံးစံတစ်ခုကဲ့သို့ဖြစ်သွားပြီး မဖြေရှင်းနိုင်အောင် ရှုပ်ထွေးလှသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဿနာများ တသီတတန်းကြီး ပေါ်ထွက်လာမည်မှာ အသေအချာပင်ဖြစ်ပါကြောင်း၊ ထိုအခါ အရည်အချင်းပြည့်ဝပြီး အဂတိတရားလေးပါးကင်းစင်သည့်၊ လွတ်လပ်မှုအပြည့်အဝရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကလည်းမရှိ၊ ခုံရုံး၏ဆုံးဖြတ်ချက်များကလည်း ဖွဲ့စည်းပုံဆိုင်ရာ အငြင်းပွားမှုများနှင့် ပတ်သက်လျှင် နောက်ဆုံး အဆုံးအဖြတ်မဖြစ်ရာ ဘယ်အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ကို နာခံရမှန်းမသိဖြစ်ပြီး ပြဿနာများ ရှုပ်ရှုပ်ထွေးထွေး ဖြစ်လာပါလိမ့်မည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအကျ ပြဋ္ဌာန်းထားချက်များကို အဓိပ္ပာယ်အနည်းငယ်ကွဲလွဲအောင်ပြင်ဆင်ရေးသားလိုက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ရာရောက်သည်ဟု ဆိုလိုခြင်းပင်ဖြစ်ပါကြောင်း၊ ယခုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၁ တွင် အတိအကျပြဋ္ဌာန်းထားသည့် "နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး စုစုပေါင်း ကိုးဦး၏ အမည်စာရင်းကို လည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်"ဟု အတိအကျပြဋ္ဌာန်းထားခြင်းကြောင့်၊ ထိုပြဋ္ဌာန်းချက်ကို ပြန်လည်ပြင်ဆင်ရေးသားထားသည့် ဥပဒေကြမ်း၏ ပုဒ်မ ၂၊ ပုဒ်မခွဲ (က)သည် ဒီမိုကရေစီကျင့်စဉ်များနှင့် ပိုမိုညီညွတ်ပါသည်ဟု မှန်ကန်သည့်အကြောင်း ပြစေကာမူ အခြေခံဥပဒေပြဋ္ဌာန်းချက်ကို ဆန့်ကျင်နေသည့်အတွက် မိမိအနေဖြင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်ကို မထောက်ခံနိုင်ပါကြောင်း၊ အကယ်၍သာ ဤပြင်ဆင်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၁ ကို အစားထိုးပြင်ဆင်ပြဋ္ဌာန်းခြင်းလုပ်ခြင်းဆိုပါက မိမိထောက်ခံမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုကိစ္စတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ပြဋ္ဌာန်းရာရောက်သည့်အတွက် သမ္မတ၏ သဘောထားမှတ်ချက်ကသာ မှန်ကန်သည်ဟု ယူဆထောက်ခံအပ်ပါကြောင်း။

ဆွေးနွေး

သီပေါ မဲဆန္ဒနယ်မှ ဦးရဲထွန်း ဆွေးနွေးစဉ်။
(သတင်းစဉ်)

ဥပဒေကြမ်း၏ ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ)တွင် ပုဒ်မခွဲ(ဈ) ဖြည့်စွက်ခြင်းနှင့် ပတ်သက်ပြီး ခုံရုံးအဖွဲ့ဝင်များသည် မိမိတို့အား ရွေးချယ်ပေးလိုက်သော လွှတ်တော်ဥက္ကဋ္ဌများနှင့် သမ္မတတို့အား အသီးသီးအစီရင်ခံခြင်းအစား၊ "မိမိတို့၏ လုပ်ငန်းတာဝန်များဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၏ အစိုးရအဖွဲ့များ၊ လွှတ်တော်များနှင့် တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့ အသီးသီးတို့ထံ သဝဏ်လွှာပေးပို့ အကြောင်းကြားရမည်။" ဟုသာ ဖြည့်စွက်သည်ဆိုလျှင် အဓိပ္ပာယ်က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများနှင့်ပတ်သက်၍ နောက်ဆုံးအဖြေကို အားလုံးသိရှိလိုက်နာစေရန်ဖြစ်သည့်အတွက်လျော်ကန်သင့်မြတ်ပါကြောင်း၊ သို့သော်လည်း ပြည်သူ့လွှတ်တော်တွင် ယခုဥပဒေကြမ်းကို အချိန်ယူဆွေးနွေးခွင့်မရသည့်အတွက် ပြင်ဆင်ချက်မတင်သွင်းခဲ့ရပါကြောင်း၊ ယခုတင်သွင်းထားသော ဥပဒေကြမ်းအလိုအရ ခုံရုံးအဖွဲ့ဝင်များသည် ခုံရုံးတာဝန်များကို ထမ်းဆောင်ပြီးတိုင်း သက်ဆိုင်ရာနိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ အသီးသီးအစီရင်ခံခြင်း။ ဟုဆိုထားရာ ခုံရုံးအဖွဲ့ဝင်များက မိမိတို့၏အထက်ပုဂ္ဂိုလ်များ သို့မဟုတ် မိမိတို့ကို သူကောင်းပြုခဲ့သူများကို အမြဲတမ်းသတိရ၊ သစ္စာစောင့်သိနေစေရန်ဆိုသည့် အဓိပ္ပာယ်ဆောင်နေ၍ လွတ်လပ်စွာ တရားစီရင်ခြင်းကိစ္စတွင် အဂတိတရားကင်းစင်ရန် အနှောင့်အယှက်ဖြစ်နေမည်သေချာပါကြောင်း၊ ထိုသို့ အစီရင်ခံရခြင်းနှင့် ခုံရုံးကို ထိန်းကျောင်းမည့်အစား ခုံရုံးအဖွဲ့အတွင်း ပြဿနာများကို ဆွေးနွေးသုံးသပ်ကြရာမှာ ဒီမိုကရေစီကျင့်စဉ်များကို ပီပီပြင်ပြင်ကျင့်သုံးနိုင်စေရေး၊ ခုံရုံးဥက္ကဋ္ဌကတစ်ဦးတည်း လက်ဝါးကြီးအုပ်မလွှမ်းမိုးနိုင်စေရေးနှင့် အဂတိတရား (၄)ပါး ကင်းစင်ရေးတို့အတွက် လိုအပ်သော ဥပဒေများပြုပြီး ထိန်းကျောင်းမှုပြုခြင်းက ပိုမိုသင့်လျော်မည်ဖြစ်ပါကြောင်း။

ထို့အပြင် ဥပဒေကြမ်းပူးပေါင်းကော်မတီက ခုံရုံးနှင့် တရားရုံးတူညီမှု မရှိပါကြောင်းဆိုသည့် ကောက်ချက်ကိုလည်း ဝေဖန်ထောက်ပြလိုပါကြောင်း၊ ခုံရုံးနှင့် တရားရုံးဆိုပြီး မိမိတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ခွဲခြားအဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမှာ ထမ်းဆောင်ရသော တာဝန်များမတူသည့်အတွက်ကြောင့်အခေါ်အဝေါ် ကွဲပြားနေခြင်းမှန်ပါကြောင်း၊ ခုံရုံးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ-မညီဆိုသည့် ကိစ္စရပ်များကို ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီသာ လေ့လာစိစစ်သုံးသပ်ရမည်ဖြစ်ပြီး၊ တရားရုံးများကလည်း ပြည်သူများအတွင်းဖြစ်ပွားသည့်အမှုကိစ္စများနှင့်ပတ်သက်ပြီး ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ အမှန်အမှားကို ခွဲခြားသုံးသပ်ဆုံးဖြတ်ရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ခုံရုံးရော တရားရုံးရောနှစ်ခုလုံးသည် ဥပဒေများကိုသာ စံအဖြစ်ထားပြီး စီရင်ဆုံးဖြတ်ဆောင်ရွက်ရခြင်း အတူတူပင်ဖြစ်၍ အားလုံးသည် တရားရုံးများချည်း ဖြစ်ပါကြောင်း၊ အင်္ဂလိပ်ဘာသာအခေါ်အဝေါ်အားဖြင့်လည်း Tribunal ဆိုသည့် ခုံရုံးကို =Law court ဟုသာ အဓိပ္ပာယ် ဖွင့်ဆိုထားပါကြောင်း၊ Constitutional Tribunal ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဟုလည်း ဗမာဘာသာ ပြန်ဆိုသုံးနှုန်းကြခြင်းကို တွေ့ရပါကြောင်း၊ အမေရိကန်နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး မထားရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို Supreme court of the United States ဟု ခေါ်သည့် အမေရိကန်ဗဟိုတရားရုံးချုပ်ကသာ တာဝန်ယူဖြေရှင်းပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဖြစ်သည့် ခုံရုံးသည် တရားရုံးနှင့် တူညီမှုမရှိ၍ တရားစီရင်ရေး၏ အခြေခံမူဖြစ်သော လွတ်လပ်စွာ တရားစီရင်ရေးကိုဆန့်ကျင်မှုမရှိပါဆိုသည့် ကောက်ချက်ကို မိမိအနေဖြင့် အလေးအနက်ဆန့်ကျင်ပါကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး ကြုံကြိုက်တုန်းအကြံပြုလိုသည်မှာ အခြေခံဥပဒေဆိုင်ရာတရားရုံး၊ တရားစီရင်ရေးမူများကို ကမ္ဘာပေါ်တွင် ပထမဆုံး ဖော်ထုတ်ပြီး လက်တွေ့ကျင့်သုံးခဲ့သော ဩစတြီးယားနိုင်ငံသား ဥပဒေနှင့် တွေးခေါ်ပညာရှင် ပါမောက္ခဒေါက်တာဟန်(စ်) ကယ်လ်ဆင် Hans Kelsen ၏ ရေးသားချက်များကို လေ့လာကြရန် တိုက်တွန်းလိုပါကြောင်း။

ထို့ကြောင့် **ဥပဒေကြမ်း၏ ပုဒ်မ(၂) (ခ)တွင် ဆိုထားသော ပုဒ်မခွဲ(ဈ)ဖြည့်စွက်ခြင်းနှင့်ပတ်သက်ပြီး သမ္မတ၏ သဘောထားမှတ်ချက်ကသာ မှန်ကန်သင့်မြတ်ကြောင်း ထောက်ခံအပ်ပါကြောင်း။**

ဥပဒေကြမ်း၏ ပုဒ်မ(၃)နှင့်ပတ်သက်ပြီး ယခုကဲ့သို့ သုံးသပ်တင်ပြလိုပါကြောင်း၊ မူလက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှုဆိုသည့် ခေါင်းစဉ်အောက်တွင်ရှိသော ပုဒ်မ ၃၂၄ တွင် ဖြစ်ပါကြောင်း၊ ယင်းတွင် သီးခြားပုဒ်မတစ်ခုအဖြစ် "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်" ဟု ဆိုထားပါကြောင်း၊ အထက်က ပုဒ်မ ၃၂၃ နှင့် ဆက်စပ်ရေးသားထားခြင်းမရှိသည့်အတွက် အပြီးအပြတ်အတည်ဖြစ်ခြင်းကိစ္စသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ပေးအပ်ထားသော တာဝန်အားလုံးနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များကို ဆိုလိုသည်ဟု ယူဆရမည်ဖြစ်ပါကြောင်း။

ယခု ပြင်ဆင်ချက်ဥပဒေကြမ်းမှာ "ပုဒ်မ ၂၃ အရ ချမှတ်သော ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်စေရမည်" ဟု ဆိုလိုက်သည့်အတွက် သမ္မတကထောက်ပြသကဲ့သို့ ခုံရုံး၏ဆုံးဖြတ်ချက်သည် ဖွဲ့စည်းပုံအခြေခံဆိုင်ရာ ခုံရုံးဥပဒေပုဒ် ၁၂၊ ပုဒ်မခွဲ(ဆ)ပါ တရားရုံးတစ်ရုံးက တင်သွင်းသော အကြောင်းကိစ္စတစ်ရပ်အပေါ် ဆုံးဖြတ်သည့် ဆုံးဖြတ်ချက်တစ်ခုနှင့်သာ သက်ဆိုင်မည်ဖြစ်၍ ခုံရုံးကို ပေးအပ်ထားသော အခြားသော တာဝန်(၇) ရပ်နှင့် ပတ်သက်ပြီး ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်တော့မည်မဟုတ်ပါကြောင်း၊ ထိုသို့ဆိုလျှင် ဘယ်အဖွဲ့အစည်းက နောက်ဆုံး အဆုံးအဖြတ်ပေးရမည်လဲဆိုသည့်အမေး ပေါ်လာပါကြောင်း၊ **နောက်ဆုံးအဆုံးအဖြတ်ပေးသော အဖွဲ့အစည်းသည် ပြည်ထောင်စုလွှတ်တော်ဖြစ်သည်ဟု ယူဆကြမည်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကိုလည်း ထားစရာမလိုတော့ဘဲ အာဏာကြီး(၃)ရပ်အကြားက အပြန်အလှန် ထိန်းကျောင်းမှုဆိုခြင်းမှာလည်း ပျောက်ကွယ်သွားမည်ဖြစ်ပါကြောင်း၊** နောင်အနာဂတ်တွင် မိမိတို့၏ ဖွဲ့စည်းပုံအခြေခံခုံရုံးသည် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအကြား၊ ပြည်နယ်အချင်းချင်းအကြား၊ တိုင်းဒေသကြီးအချင်းချင်းအကြား၊တိုင်းဒေသကြီးနှင့်ပြည်နယ်များအကြား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှု အများအပြားကို ဖြေရှင်းပေးလာရဖွယ်ရှိပါကြောင်း၊ ယင်းအချိန်တွင် နောက်ဆုံးပိတ် ဆုံးဖြတ်ခွင့်အာဏာ အပြည့်အဝမရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ပျော့ညံ့ချက်ကြောင့် ပြဿနာများမှာ ပိုမိုရှုပ်ထွေးလာနိုင်ပါကြောင်း။

ထို့ကြောင့် မိမိအနေဖြင့် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကသာ သင့်လျော်မှန်ကန်ကြောင်းကို ပြောကြားလိုပါကြောင်း။

ဥပဒေကြမ်း၏ ပုဒ်မ ၄ နှင့်ပတ်သက်ပြီး မူလဥပဒေပြဋ္ဌာန်းချက် ပုဒ်မ ၂၅ ကို ပယ်ဖျက်ထားခြင်းဖြစ်ပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘာထားမှတ်ချက်က လျော်ကန်သင့်မြတ်သည်ဟု ယူဆပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းနောက် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်ဦးက ဆွေးနွေးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၁ တွင် နိုင်ငံတော်သမ္မတသည် ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏အမည်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

ယင်းပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၆ အရ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲဖြစ်သော နိုင်ငံတော်သမ္မတအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ တာဝန်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်ကို အပ်နှင်းထားခြင်းဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများကို ခန့်အပ်တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတအား လုပ်ပိုင်ခွင့်အပ်နှင်းကြောင်း တွေ့ရှိရပါကြောင်း၊ ထို့အတူ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ခန့်အပ်တာဝန် ပေးခြင်းနှင့်စပ်လျဉ်း၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၇ တွင် "နိုင်ငံတော် သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရမည်"ဟု ဖော်ပြ၍ နိုင်ငံတော်သမ္မတအား လုပ်ပိုင်ခွင့်ပေးထားကြောင်းကို တွေ့ရှိရပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၁ အရ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်သုံးဦးစီကို ရွေးချယ်ပေးခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပြီး ယင်းသို့ ရွေးချယ်ပေးထားသည့် အဖွဲ့ဝင်များအနက်မှ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် ရွေးချယ်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၇ အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတက ခုံရုံးဥက္ကဋ္ဌအဖြစ် ရွေးချယ်တာဝန်ပေးအပ်ရန် ယင်း၏ လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်းရွေးချယ်စေမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေကပေးအပ်သော နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်ကို ကန့်သတ်ရာ ရောက်မည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရကိုလည်း ဆန့်ကျင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ် အားလုံးတို့သည် နိုင်ငံတော်သမ္မတကို တာဝန်ခံရမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါကြောင်း၊ သို့ရာတွင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးသော်လည်း ယင်းတို့သည် လုပ်ငန်းသဘာဝအရ လွတ်လပ်စွာဆုံးဖြတ်ဆောင်ရွက်ရသော ပုဂ္ဂိုလ်များဖြစ်သဖြင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်ဆိုသည့် အချက်ကို ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၂ (ဂ)နှင့် ၂(စ) တို့တွင် "ခုံရုံး"ဆိုသည့် စကားရပ်နှင့် တရားရုံးဆိုသည့် စကားရပ်တို့ကိုခွဲ၍ အဓိပ္ပာယ်ဖွင့်ဆိုထားရုံမျှဖြင့် တူညီခြင်း မရှိ၊ ခုံရုံးသည် တရားရုံးမဟုတ်သည့် သဘောဆိုနိုင်မည်မဟုတ်ပါကြောင်း၊ "တရားရုံး"ဆိုသည့် စကားရပ်အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ဖော်ပြမထားသော စစ်ဘက်ဆိုင်ရာ တရားရုံးသည်လည်း တရားရုံးမဟုတ်သည့် သဘောဆိုလိုရာရောက်မည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တရားစီရင်ရေးအခန်း၌ တရားရုံးများဖွဲ့စည်းခြင်း ခေါင်းစဉ်တွင် ပုဒ်မ ၂၉၃ကို ဖော်ပြထားပါကြောင်း၊ ယင်းပုဒ်မ ၂၉၃အရ အထက်ဖော်ပြပါ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေတွင် ဖော်ပြထားသော တရားရုံးများအပါအဝင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးနှင့် စစ်ဘက်ဆိုင်ရာ တရားရုံးများသည် "တရားရုံး"များဖြစ်ကြောင်း ထင်ရှားစွာတွေ့မြင်ရမည် ဖြစ်ပါကြောင်း။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးစနစ်ကျင့်သုံးသည့် ကမ္ဘာ့နိုင်ငံအချို့နှင့်စပ်လျဉ်း၍ လေ့လာတွေ့ ရှိမှုများကို တင်ပြလိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးများနှင့် စပ်လျဉ်း၍-

- (က) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးစနစ်ကျင့်သုံးသည့် နိုင်ငံများ နှစ်နိုင်ငံ။
- (ခ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးစနစ်ကျင့်သုံးသည့် နိုင်ငံများ ခြောက်နိုင်ငံ။
- (ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာရုံးစနစ်ကျင့်သုံးသည့် နိုင်ငံများ လေးနိုင်ငံ။
- (ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကောင်စီစနစ်ကျင့်သုံးသည့် နိုင်ငံများ

၁၀ နိုင်ငံဟူ၍ တွေ့ရှိရပါကြောင်း။

ဖော်ပြပါအချက်များအရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသည်

စာမျက်နှာ ၈ ကော်လံ ၁ သို့

လွှတ်တော်ရေးရာကဏ္ဍ

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်ဦး ဆွေးနွေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

တရားရုံးတစ်ခုဖြစ်ပြီး ယင်း၏ လုပ်ငန်းတာဝန်များမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂ပါ ပြဋ္ဌာန်းချက်အတိုင်းဖြစ်ရာ တရားရုံးတစ်ခုအနေဖြင့် ယင်း၏ လုပ်ငန်းတာဝန်များကို လွတ်လပ်စွာဆောင်ရွက်နိုင်သည့် အခြေအနေရှိသင့်ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကိုပြင်ဆင်ပြီး ခုံရုံးအဖွဲ့ဝင်တို့သည် မိမိတို့၏ လုပ်ငန်းတာဝန်ဆောင်ရွက်ချက်များကို မိမိတို့အား ရွေးချယ်သည့် သက်ဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးထံ အစီရင်ခံစေမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂ပါ လုပ်ငန်းတာဝန်များကို အစီရင်ခံတင်ပြရမည်ဖြစ်သဖြင့် လွတ်လပ်စွာတရားစီရင်ရေးအခြေခံမူနှင့် နိုင်ငံတော်အချုပ်အခြာအာဏာသုံးရပ်ကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးခြင်းမူတို့ကို ထိခိုက်မည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါအခြေခံမူနှင့် ဆန့်ကျင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၂၃ နှင့် ၂၄ တို့ကို ပြန်လည်အမှတ်စဉ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆောင်ရွက်သည်ဟု သာမန်အားဖြင့် ဆိုနိုင်ပါကြောင်း၊ သို့ရာတွင် ယင်းသို့ ပုဒ်မ ၂၄ အဖြစ် ပြောင်းလဲအမှတ်စဉ်သည့် ပြဋ္ဌာန်းချက်တွင် "ပုဒ်မ ၂၃ အရချမှတ်သော" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ထားခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်းကို တွေ့ရှိရပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၃ နှင့် ၃၂၄ တို့၏ အထက်ရှိခေါင်းစဉ်တွင် **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု"**ဟု ဖော်ပြထားပါကြောင်း၊ ယင်းဖော်ပြချက်တွင် တရားရုံးကတင်ပြ၍ ချမှတ်သောဆုံးဖြတ်ချက်ဟု မပါရှိပါကြောင်း၊ ခုံရုံးသည်တရားရုံးက တင်ပြသော ကိစ္စရပ်များအတွက်သာမက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၅ နှင့် ပုဒ်မ ၃၂၆ တို့ပါ ပုဂ္ဂိုလ်များက တင်သွင်းသော ကိစ္စရပ်များအတွက်ပါ ဆုံးဖြတ်ချက်ချမှတ်ရသည့် လုပ်ငန်းတာဝန်ကို ထမ်းဆောင်ရပါကြောင်း၊ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၄ ပါ အပြီးအပြတ် အတည်ဖြစ်ကြောင်း ပြဋ္ဌာန်းချက်သည် ခုံရုံးက ချမှတ်သော ဆုံးဖြတ်ချက်အားလုံးနှင့်သက်ဆိုင်မည် ဖြစ်ပါကြောင်း။

တရားရုံးတစ်ရုံးက တင်သွင်းသော အကြောင်းကိစ္စနှင့်စပ်လျဉ်း၍ ချမှတ်သော ခုံရုံး၏ ဆုံးဖြတ်ချက်သာ အပြီးအပြတ်အတည်ဖြစ်စေရန် ပုဒ်မ၂၃ နှင့် ၂၄ တို့ကို ပြန်လည်အမှတ်စဉ်ပြီး ပြင်ဆင်ချက်ဥပဒေကြမ်းပါအတိုင်း ပြဋ္ဌာန်းမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ရည်ရွယ်ချက်နှင့် ဆန့်ကျင်ကွဲလွဲမည်ဖြစ်ပါကြောင်း။

ကမ္ဘောဒီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ်(၁၄၂)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်ဟူ၍လည်းကောင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၄ (င) တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် အမှုတစ်ခုကို မူလနှင့် နောက်ဆုံးအဆင့် စစ်ဆေးစီရင်ရန် အာဏာရှိစေရမည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ဆန့်ကျင်သည့် ဥပဒေများကိုသုံးသပ်ပြီး ဆုံးဖြတ်ရာတွင်လည်း အပြီးအပြတ် အာဏာရှိစေရမည်ဟူ၍လည်းကောင်း၊ ရုရှားနိုင်ငံ၏ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇၉ တွင် ရုရှားပြည်ထောင်စု နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ပြီး အယူခံနိုင်ခြင်းမရှိစေရဟူ၍လည်းကောင်း၊ တောင်အာဖရိကနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၆၇ (၅)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် အပြီးအပြတ် ဆုံးဖြတ်ချက်ပေးသည်ဟူ၍လည်းကောင်းပါရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှုနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၃ တွင် ပြည့်စုံစွာ ပြဋ္ဌာန်းထားရှိသဖြင့် ပုဒ်မ ၂၅ကို ပယ်ဖျက်လိုကြောင်း တွေ့ရှိရပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၃သည် တရားရုံးတစ်ရုံးက အမှုတစ်မှုကို စစ်ဆေးစီရင်ရာတွင် ဥပဒေ တစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုရှိ/မရှိ ညီညွတ်မှုရှိ/မရှိ အငြင်းပွားမှု ပေါ်ပေါက်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့တင်ပြပြီး အဆုံးအဖြတ်ခံယူသည့် ကိစ္စရပ်တစ်ခုအတွက်သာလျှင် ပြဋ္ဌာန်းထားခြင်းဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၅ နှင့် ပုဒ်မ ၃၂၆ ပါ ပုဂ္ဂိုလ်များက တင်သွင်းသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် မည်သို့အကျိုးသက်ရောက်မည်ကို ဖော်ပြထားခြင်းမရှိကြောင်း တွေ့ရှိနိုင်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၃ ပါ ယင်းအငြင်းပွားမှုနှင့် စပ်လျဉ်း၍ ခုံရုံး၏ဆုံးဖြတ်ချက်သည် အမှုအားလုံးနှင့် သက်ဆိုင်စေရမည်ဆိုသည့် ဖော်ပြချက်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၂၅ ပါ ခုံရုံး၏ ဆုံးဖြတ်ချက်များသည် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များသို့လည်းကောင်း၊ သက်ဆိုင်ရာနေရာဒေသအသီးသီးသို့လည်းကောင်း အာဏာသက်ရောက်စေရမည်ဆိုသည့် ပြဋ္ဌာန်းချက်နှင့် တူညီခြင်းမရှိပါကြောင်း၊ ယင်းပုဒ်မ ၂၅ သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၃ ပါ ပြဋ္ဌာန်းချက်ကို မထိခိုက်စေဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၅ နှင့် ပုဒ်မ ၃၂၆ တို့ပါ ပုဂ္ဂိုလ်များက တင်သွင်းသော ကိစ္စရပ်များ အကျုံးဝင်ခြင်း ရှိ/မရှိ အငြင်းမပွားနိုင်စေရေးအတွက် ကမ္ဘာ့နိုင်ငံများ၏ ခုံရုံးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း တွေ့ရှိနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ ပုဒ်မ ၂၅ ကို ပယ်ဖျက်ရန် မသင့်ပါကြောင်း။

အထက်ပါ ဆွေးနွေးတင်ပြချက်များအရ တည်ဆဲပြဋ္ဌာန်းချက်များသည် သင့်မြတ်လျော်ကန်လျက်ရှိပြီးသော အချက်များဖြစ်ပါကြောင်း၊ သို့ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိခိုက်ဆန့်ကျင်မည်ဖြစ်ပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း အခန်းပါ နည်းလမ်းများအတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် လိုအပ်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်မိုးက ဆွေးနွေးရာတွင် မိမိအနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးသွားမည် ဖြစ်ပါကြောင်း။

ဥပဒေကြမ်းများကို ဆွေးနွေးမည်ဖြစ်သည့်အတွက် ဖတ်ကြားဆွေးနွေးခွင့်ပြုနိုင်ပါရန် ခွင့်တောင်းခံအပ်ပါကြောင်း၊ ပြင်ဆင်ချက်ဥပဒေကြမ်း ပုဒ်မ ၂(က) တွင် ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်ဟု ထည့်သွင်းဖော်ပြထားခဲ့ပါကြောင်း၊ ပုဒ်မ ၆အနေဖြင့် နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့်အဖွဲ့ဝင်သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး၊ စုစုပေါင်း ရွေးချယ်ထားသည့် အဖွဲ့ဝင် ကိုးဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် ဥက္ကဋ္ဌအဖြစ်တာဝန်ပေးအပ်ရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်း၍ ရွေးချယ်သည့်အဖွဲ့ဝင်တစ်ဦး၏ အမည်စာရင်းကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက်ရယူရမည်ဟု ဖော်ပြပါရှိပါကြောင်း။

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်မိုး ဆွေးနွေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၁ ၌ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့်အဖွဲ့ဝင် သုံးဦး စုစုပေါင်းကိုးဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်စာရင်းကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရမည်ဟု ပြဋ္ဌာန်းထားခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ပြင်ဆင်လိုသည့် ပြဋ္ဌာန်းချက်အရ နိုင်ငံတော်သမ္မတသည် ဥက္ကဋ္ဌ၏ အမည်စာရင်း တင်သွင်းခြင်း မပြုမီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်းရန် လိုအပ်လာမည်ဖြစ်ပါကြောင်း၊ ယင်းသို့ပြင်ဆင်ခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်ကို ပြင်ဆင်ဖြည့်စွက်သည့်သဘောသက်ရောက်နေသည့်အတွက် လွှတ်တော်မှပြန်လည်စဉ်းစားသုံးသပ်သင့်ပါကြောင်းကို တင်ပြဆွေးနွေးလိုပါကြောင်း။

ပြင်ဆင်ချက် ဥပဒေကြမ်း ပုဒ်မ ၂ (ခ)တွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၁၂၊ပုဒ်မခွဲ(ဇ)၏ နောက်တွင် ပုဒ်မခွဲ(ဈ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်ဟု ပြဋ္ဌာန်းခဲ့ပါကြောင်း။

ပုဒ်မခွဲ(ဈ) မိမိတို့၏ လုပ်ငန်းတာဝန်များ၊ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မိမိတို့အား ရွေးချယ်သည့် သက်ဆိုင်ရာ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ထံ အသီးသီးအစီရင်ခံခြင်းဟု ဖော်ပြပါရှိပါကြောင်း၊ အဆိုပါ ဖြည့်စွက်ချက်နှင့်ပတ်သက်၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များအနေဖြင့် မိမိတို့အား ရွေးချယ်သည့် သက်ဆိုင်ရာ နိုင်ငံတော်သမ္မတထံသို့ဖြစ်စေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ဖြစ်စေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးချင်းစီအရ အသီးသီးအစီရင်ခံရန် တာဝန်ရှိသဖြင့် ဖြည့်စွက်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းလမ်းညွှန်မှု ခံယူရန်မဟုတ်ခြင်း၊ ခုံရုံးအနေဖြင့် လုပ်ငန်းဆောင်ရွက်ချက်တို့ကို အစီရင်ခံခြင်း မဟုတ်ခြင်းတို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရများဖြစ်သည့် ခုံရုံး၏ လွတ်လပ်စွာစီရင်ဆုံးဖြတ်ခွင့်၊ တရားစီရင်ရေးကဏ္ဍကို ဝင်ရောက်စွက်ဖက်ရာ မရောက်ပါဟု သုံးသပ်ထားရှိသည်ကို တွေ့ရှိရပါကြောင်း၊ သို့ရာတွင် ဖြည့်စွက်ချက်တွင် အထက်ပါသုံးသပ်ချက်ပါ အချက်များ ပေါ်လွင်စွာ ဖော်ပြနိုင်ခြင်းမရှိဘဲ အသီးသီးအစီရင်ခံခြင်းဟုသာ ဖော်ပြထားရှိသဖြင့် လုပ်ငန်းမဆောင်ရွက်မီနှင့် ဆောင်ရွက်ဆဲလုပ်ငန်းတွင် အသီးသီးအစီရင်ခံပါက လုပ်ငန်းလမ်းညွှန်မှု ခံယူသည့်သဘော သက်ရောက်နိုင်သည်ကို တွေ့ရှိရပါကြောင်း။

သို့ဖြစ်ပါ၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာပါအတိုင်း လုပ်ငန်းလမ်းညွှန်မှု ခံယူသည့်သဘော မသက်ရောက်စေရန် ပုဒ်မခွဲ(ဈ)ကို ဖြည့်စွက်မည်ဆိုပါက-

ပုဒ်မခွဲ(ဈ) မိမိတို့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးသည့်အချိန်တိုင်းတွင် မိမိတို့အား ရွေးချယ်သည့် သက်ဆိုင်ရာ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တို့ထံ အသီးသီးအစီရင်ခံခြင်း သို့မဟုတ်ပါက-

ပုဒ်မခွဲ(ဈ) မိမိတို့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ မိမိတို့အား ရွေးချယ်သည့်သက်ဆိုင်ရာ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ထံ အသီးသီးအစီရင်ခံခြင်း၊ ထိုသို့အစီရင်ခံရာတွင် လုပ်ငန်းလမ်းညွှန်မှုခံယူသည့်သဘော မသက်ရောက်စေရဟု ဖော်ပြမှသာ၊ ပြင်ဆင်မှသာ ပြည့်စုံမှန်ကန်နိုင်မည်ဟု သုံးသပ်ရရှိပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေအခန်း ၁၂၊ ပုဒ်မ ၁၀၈ တွင် နိုင်ငံတော်သမ္မတထံပေးပို့သော ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက မိမိ၏သဘောထားမှတ်ချက်များဖြင့် သတ်မှတ်သောကာလတွင် လွှတ်တော်သို့ ပြန်လည်ပေးပို့လျှင် လွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးသုံးသပ်ပြီးနောက် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လက်ခံရန် ဥပဒေကြမ်းကို ပြင်ဆင်နိုင်သည် သို့မဟုတ် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်မခံဘဲဥပဒေကြမ်းကိုမူလအတိုင်းအတည်ပြုရန်ဆုံးဖြတ်နိုင်သည်ဟု ဖော်ပြပါရှိရာ လွှတ်တော်အနေဖြင့် ပြင်ဆင်ချက် ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်သည် ထပ်မံပြင်ဆင်ခြင်း မဖြစ်နိုင်တော့သည့်အတွက် အဓိပ္ပာယ်နှစ်မျိုးသက်ရောက်နိုင်သည့် အဆိုပါ ပုဒ်မ၂၊ပုဒ်မခွဲ(ခ)နှင့်ပတ်သက်၍ မူလအတိုင်းအတည်ပြုခြင်းအစားနိုင်ငံတော်သမ္မတ၏ မှတ်ချက်ပါအတိုင်း လက်ခံရန်ပြန်လည်စဉ်းစားသင့်ပါကြောင်း။

ပြင်ဆင်ချက်ဥပဒေကြမ်းပုဒ်မ ၃ တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေတွင် ပုဒ်မ ၂၃ ကို ၂၄ အဖြစ်လည်းကောင်း၊ ပုဒ်မ ၂၄ ကို ၂၃ အဖြစ်လည်းကောင်း ပြန်လည်အမှတ်စဉ်ရမည်။ ထိုသို့ အမှတ်စဉ်သည့် ပုဒ်မ ၂၄ ကို အောက်ပါအတိုင်းအစားထိုးရမည်။ ပုဒ်မ ၂၄၊ ပုဒ်မ ၂၃ အရ ချမှတ်သော ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်ဟု ဖော်ပြပါရှိပါကြောင်း၊ မူလ နိုင်ငံတော်ဖွဲ့စည်းပုံဆိုင်ရာ အခြေခံဥပဒေဆိုင်ရာ ပုဒ်မ ၂၃ တွင် ခုံရုံး၏ ဆုံးဖြတ်ချက် သည် အပြီးအပြတ်အတည်ဖြစ်သည်ဟု ဖော်ပြပါရှိပါကြောင်း၊ ပုဒ်မ ၂၄ တွင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဆ)အရ တရားရုံးတစ်ရုံးက တင်သွင်းသော အကြောင်းအရာကိစ္စနှင့်စပ်လျဉ်း၍ ချမှတ်သော ခုံရုံး၏ ဆုံးဖြတ်ချက်သည် အမှုအားလုံးနှင့် သက်ဆိုင်စေရမည်ဟု ဖော်ပြပါရှိခဲ့ပါကြောင်း၊ ပြင်ဆင်ချက်ပါအတိုင်း အတည်ပြုမည်ဆိုပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဆုံးဖြတ်ချက်သည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ ၂၃ နှင့် ဤဥပဒေပုဒ်မ ၁၇ တို့အရ တင်ပြလာသော အငြင်းပွားမှုကို ဆုံးဖြတ်ပေးခြင်းများနှင့်သာ သက်ဆိုင်သည်ဖြစ်ပါကြောင်း။

ကျန်အကြောင်းအရာပါကိစ္စများနှင့်ပတ်သက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်မည် မဟုတ်သည့်အတွက် အယူခံပြင်ဆင်တက်ရောက်နိုင်ခွင့်ရှိသော ဆုံးဖြတ်ချက်အဖြစ်သို့ သက်ရောက်စေမှာဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၅ (ဂ)တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်များသည် အမှုတွင် အပြီးအပြတ်ဖြစ်ရန် အယူခံဝင်ခွင့်မရှိစေရဟု ပြဋ္ဌာန်းထားခဲ့ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၄ တွင် နိုင်ငံတော်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တစ်ရပ်ထားရှိသည်၊ စစ်ဘက်ဆိုင်ရာ တရားရုံးများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ စီရင်ပိုင်ခွင့်အာဏာများကို မထိခိုက်စေဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည်ဟု ပြဋ္ဌာန်းထားရှိခဲ့ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၄အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏အမြင့်ဆုံး တရားရုံးဖြစ်သော်လည်း စစ်ဘက်ဆိုင်ရာ တရားရုံးများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးက စီရင်ပိုင်ခွင့်ရှိသော အာဏာများကို လွှမ်းမိုးခြင်းမရှိပါ။ သို့ပါ၍ ခုံရုံး၏ ဆုံးဖြတ်ချက်တစ်ရပ်သည် အယူခံပြင်ဆင်တက်ရန် လိုအပ်လာသည့်အခါ တစ်ဆင့်မြင့်သော မည်သည့်တရားရုံးကို တက်ရောက်ရမည်ဆိုသည့် အချက်ကိုပါ ထည့်သွင်းစဉ်းစားသည့်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ပုဒ်မ ၃ နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ၏ မှတ်ချက်ပါအတိုင်း ပြန်လည်သုံးသပ်သင့်ပါကြောင်း။

ပြင်ဆင်ချက်ဥပဒေကြမ်း ပုဒ်မ ၄ မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် ပုဒ်မ ၂၅ ကို ပယ်ဖျက်ရမည်ဟု ဖော်ပြပါရှိပါသည်။ မူလပြဋ္ဌာန်းချက် ပုဒ်မ ၂၅ပါ ခုံရုံး၏ ဆုံးဖြတ်ချက်များသည် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များတို့အစား သက်ဆိုင်ရာ နေရာဒေသအသီးသီးသို့လည်းကောင်း အာဏာသက်ရောက်စေရမည်ဟု ပြဋ္ဌာန်းထားခဲ့ပါကြောင်း၊ ပုဒ်မ ၂၅ ကို ပယ်ဖျက်လိုက်မည်ဆိုပါက အဆိုပါခုံရုံးဆုံးဖြတ်ချက်များ၏ အာဏာသက်ရောက်မှုအပေါ် အငြင်းပွားခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုရခြင်းများ ရှိလာနိုင်သဖြင့် မူလပြဋ္ဌာန်းချက်ပုဒ်မ ၂၅ကို ပယ်ဖျက်ရန် သင့်မသင့်ကိုလည်း ပြည်ထောင်စုလွှတ်တော်မှ ပြန်လည်စဉ်းစားသင့်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ဆွေးနွေးရာတွင် မိမိအနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြမည်ဖြစ်ပါကြောင်း။

ပထမအချက်ဖြစ်သည့် နိုင်ငံတော်သမ္မတက ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်းရွေးချယ်ရန်အချက်ကို ဖြည့်စွက်ပြဋ္ဌာန်းလိုခြင်းကိစ္စနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၁တွင် နိုင်ငံတော်သမ္မတသည် ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏အမည်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါကြောင်း၊ ယင်းပြဋ္ဌာန်းချက်သည် နိုင်ငံတော်သမ္မတအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ တာဝန်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်ကို အပ်နှင်းထားခြင်းဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၁ အရ ရွေးချယ်ထားသော "ခုံရုံးအဖွဲ့ဝင်များအနက်မှဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတက ရွေးချယ်ခြင်း" နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၇ အရ "ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးခြင်း"သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရ ဖြစ်ပါကြောင်း။

ခုံရုံးဥပဒေပုဒ်မ ၆ တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရေးအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်း၍ ရွေးချယ်ရန် ဖြည့်စွက်ပြဋ္ဌာန်းမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်သော နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်ကို ကန့်သတ်ရာရောက်မည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရကိုလည်း ဆန့်ကျင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် Parent Law ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ကို တစ်ဆင့်ခံဥပဒေဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေဖြင့် ပြင်ဆင်ဖြည့်စွက်သည့် သဘောသက်ရောက်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၆ ကို ပြင်ဆင်ဖြည့်စွက်ရန် မသင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် ခုံရုံးသည် မိမိတို့လုပ်ငန်းဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ မိမိတို့အားရွေးချယ်သည့် သက်ဆိုင်ရာ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ အသီးသီးအစီရင်ခံရန် ပြဋ္ဌာန်းချက် ဖြည့်စွက်လိုခြင်းကိစ္စဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးခြင်းခံရသူများဖြစ်သော်လည်း ယင်းတို့သည် လုပ်ငန်းသဘာဝအရလွတ်လပ်စွာ ဆုံးဖြတ်ဆောင်ရွက်ရသော

ဒုတိယ ရှေ့နေချုပ် ဦးထွန်းထွန်းဦး ဆွေးနွေးစဉ်။ (သတင်းစဉ်)

ပုဂ္ဂိုလ်များ ဖြစ်သဖြင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည် ဆိုသည့်အချက်ကို ထည့်သွင်း ပြဋ္ဌာန်းထားခြင်းမရှိကြောင်းတွေ့ရှိရပါကြောင်း၊ ယင်းသို့လွတ်လပ်စွာ ဆုံးဖြတ် ဆောင်ရွက်ရသည့် ပုဂ္ဂိုလ်များအနေဖြင့် သက်ဆိုင်ရာသို့ အစီရင်ခံရမည်ဟု ဖော်ပြပါက ၎င်း၏လွတ်လပ်စွာ ဆုံးဖြတ်ဆောင်ရွက်မှုတွင် အခက်အခဲဖြစ်နိုင်ကြောင်း တင်ပြအပ်ပါကြောင်း။

နောက်တစ်ချက်မှာ ခုံရုံးဟု အဓိပ္ပာယ်ဖွင့်ခြင်းကြောင့် တရားရုံးမဟုတ်ဘူးဆိုခြင်းနှင့် တရားရုံးဟု အဓိပ္ပာယ်ဖွင့်ရာ၌ ခုံရုံးမပါခြင်းကြောင့် တရားရုံး မဟုတ်ဘူးဆိုခြင်းကို ရှင်းလင်းတင်ပြလိုပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၂(ဂ)တွင် "ခုံရုံးဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကိုဆိုသည်" ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ ၂(စ)တွင် "တရားရုံးဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရတည်ထောင်သော အခြားတရားရုံးများကိုဆိုသည်"ဟုဖော်ပြထားသည်မှာ မှန်ပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၂(ဂ)တွင် "ခုံရုံး"ဆိုသည့် စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းမှာ ယင်းဥပဒေတွင် "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး" ဆိုသည့် စကားရပ်ကို အကြိမ်ကြိမ် သုံးနှုန်းရသည်ဖြစ်ရာ ယင်းစကားရပ် အပြည့်အစုံကို သုံးနှုန်းဖော်ပြပါက ရှည်လျားပြီး ရှုပ်ထွေးမည်ဖြစ်သဖြင့် ဥပဒေရေးထုံးရေးနည်းအရ ရှင်းလင်းစေရေးအတွက် အဓိပ္ပာယ်ဖွင့်ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါကြောင်း။

အလားတူ ပုဒ်မ ၂ (ဆ)တွင် "တရားရုံး"ဆိုသည့်စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းမှာ ယင်းဥပဒေပုဒ်မ ၁၂ (ဆ)နှင့် ပုဒ်မ ၁၇ တို့၌ ပါရှိသော "တရားရုံး" ဆိုသည့် စကားရပ်ကို ရည်ညွှန်းခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ အတိုချုပ်စကားရပ်ကို သုံးနှုန်းခြင်းမပြုဘဲ "တရားရုံး"ဆိုသည့် စကားရပ်သုံးနှုန်းရမည့်နေရာတွင် အဓိပ္ပာယ်ဖော်ပြချက်ပါရုံးအားလုံးကို ဖော်ပြမည်ဆိုပါက ရှည်လျားရှုပ်ထွေးမည် ဖြစ်ပါကြောင်း၊ "တရားရုံး"ဆိုသည့်စကားရပ် သုံးနှုန်းထားသော အဆိုပါပုဒ်မအသီးသီးတွင် "တရားရုံးတစ်ရုံးက စစ်ဆေးဆဲအမှု" ၊ "တရားရုံးတစ်ရုံးသည် အမှုတစ်မှုကို စစ်ဆေးစီရင်ရာတွင်"၊ "တရားရုံးသည် အမှုစစ်ဆေးစီရင်ခြင်းကို" ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပါကြောင်း၊ ယင်းပြဋ္ဌာန်းချက်များ၏ လိုအပ်ချက်အရအဆိုပါ "တရားရုံး" ဆိုသည့်စကားရပ်တွင် "ခုံရုံး"ပါဝင်ရန် မလိုအပ်သဖြင့် "တရားရုံး"ဆိုသည့်စကားရပ် အဓိပ္ပာယ်ဖွင့်ဆိုချက်၌ "ခုံရုံး"ကို ချန်လှပ်ထားခြင်းဖြစ်ကြောင်း တင်ပြအပ်ပါကြောင်း၊ ခုံရုံးဥပဒေပုဒ်မ ၁၇ တွင် "တရားရုံးတစ်ရုံးတွင် အငြင်းပွားမှုနှင့် စပ်လျဉ်း၍ ခုံရုံးကလည်း တစ်စုံတစ်ရာ ဆုံးဖြတ်ချက် ချမှတ်ထားခြင်းမရှိသေးလျှင်" ဟူ၍ ဖော်ပြထားခြင်းဖြစ်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် "ခုံရုံး"ကို ထည့်သွင်းမထားခြင်းဖြစ်ကြောင်း တင်ပြအပ်ပါကြောင်း။

ဥပဒေကြမ်းပူးပေါင်းကော်မတီက သုံးသပ်သကဲ့သို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၂ (စ)ပါ "တရားရုံး" ဆိုသည့် စကားရပ် အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် "ခုံရုံး" မပါရှိသဖြင့် "ခုံရုံးနှင့် တရားရုံး" တို့ တူညီခြင်းမရှိ၊ ခုံရုံးသည် တရားရုံးမဟုတ်ဆိုသည်နှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေတွင် "ခုံရုံး" ဆိုသည့်စကားရပ်နှင့် "တရားရုံး" ဆိုသည့် စကားရပ်တို့ ခွဲခြား၍ အဓိပ္ပာယ် ဖွင့်ဆိုရုံမျှဖြင့် ယင်းတို့သည် တူညီခြင်း မရှိပါဟု ဆိုနိုင်မည်မဟုတ်ကြောင်း တင်ပြအပ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ တရားစီရင်ရေးအခန်း၌ "တရားရုံးများဖွဲ့စည်းခြင်း" ခေါင်းစဉ်တွင် ပုဒ်မ ၂၉၃ ကို ဖော်ပြထားပါကြောင်း၊ ယင်းပုဒ်မ ၂၉၃ အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေတွင် ဖော်ပြထားသော တရားရုံးများအပါအဝင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသည် "တရားရုံး"များဖြစ်သည်မှာ ပေါ်လွင်ကြောင်း တင်ပြအပ်ပါကြောင်း။

"တရားရုံး" ဆိုသည့်စကားရပ်နှင့် စပ်လျဉ်း၍ ရာဇသတ်ကြီးဥပဒေနှင့် ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေတို့ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို လေ့လာရာတွင် ရာဇသတ်ကြီးပုဒ်မ ၂၀ ၌ "တရားရုံးဆိုသည်မှာ တရားစီရင်ဆဲအခါတွင် တစ်ဦးတည်း တရားစီရင်ရန် ဥပဒေအရ အာဏာရရှိသော တရားသူကြီး ကိုသော်လည်းကောင်း၊ အစုံအညီစည်းဝေး၍ တရားစီရင်ရန် ဥပဒေအရ အာဏာရရှိသော တရားသူကြီးစုကိုသော်လည်းကောင်း ဆိုလိုသည်" ဟု ဖော်ပြထားပါသည်။ ထို့ပြင် ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁၄)တွင်လည်း"တရားရုံးဆိုသော စကားရပ်တွင် တရားရုံးအဖွဲ့အစည်း၊ တရားသူကြီးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့အပြင် တရားစီရင်ပိုင်ခွင့်ရှိသော အဖွဲ့တစ်ရပ်ရပ် သို့မဟုတ် အာဏာပိုင်တစ်ဦးဦးလည်း ပါဝင်သည်" ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းစကားရပ် အဓိပ္ပာယ်ဖွင့်ဆိုချက်များ အရ "ခုံရုံး"သည် "တရားရုံး"ဆိုသည့် စကားရပ်တွင် အကျုံးဝင်သည်ကို တွေ့ရှိရပါကြောင်း တင်ပြအပ်ပါကြောင်း။

Black's Law Dictionary တွင် ခုံရုံးဆိုသည့် စကားရပ်သည် တရားရုံး တစ်ရုံး သို့မဟုတ် အခြားစီရင်ဆုံးဖြတ်သည့် အဖွဲ့အစည်း (tribunal=A court or other adjudicatory body) ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပြီး Cambridge Advanced Learner's Dictionary တွင် ခုံရုံးဆိုသည့် စကားရပ်သည် ဥပဒေရေးရာ ပြဿနာများကို စစ်ဆေးရန် အထူးသဖြင့် အစိုးရ၏ တရားဝင်ရွေးချယ်ခြင်းခံရသော လူတစ်စု သို့မဟုတ် အထူးတရားရုံး (tribunal(noun)=a special court or group of people who are offically chosen,especially by the government to examine legal problems) ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါကြောင်း။

သို့ဖြစ်ပါ၍ **ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၃ အရ"တရားရုံး"တစ်ခုဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉ (က)ပါ လွတ်လပ်စွာ တရားစီရင်ရေး အခြေခံမူနှင့်လည်းကောင်း၊ ပုဒ်မ ၁၁(က)ပါ နိုင်ငံတော်အချုပ်အခြာအာဏာသုံးရပ်ကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးခြင်းမူနှင့်လည်းကောင်း ညီညွတ်စွာ ကျင့်သုံးဆောင်ရွက်ခွင့် ရရှိသင့်ကြောင်း တင်ပြအပ်ပါကြောင်း၊ ခုံရုံးအနေဖြင့် မိမိ၏ဆောင်ရွက်ချက်များကို သက်ဆိုင်သည့် ပုဂ္ဂိုလ်များထံ အစီရင်ခံနေရမည်ဆိုပါက ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာတို့ကို ကျင့်သုံးသည့် ပုဂ္ဂိုလ်များ၏ အရိပ်ရှိနေမည်ဖြစ်သဖြင့် လွတ်လပ်စွာ ဆောင်ရွက်ရန်အခက်အခဲရှိမည်ဖြစ်ကြောင်း တင်ပြအပ်ပါကြောင်း။**

နောက်တစ်ချက်မှာ တရားရုံးတစ်ရုံးက တင်သွင်းသော အကြောင်းကိစ္စနှင့် စပ်လျဉ်း၍ ချမှတ်သော ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရန် ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၄ တို့ကို ပြန်လည်အမှတ်စဉ်လိုသည့်ကိစ္စဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၂၄သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၃ ကိုလည်းကောင်း၊ ပုဒ်မ ၂၃ သည် ပုဒ်မ ၃၂၄ ကိုလည်းကောင်း အခြေခံရေးဆွဲထားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု ခေါင်းစဉ်အောက်ပါ အချက်နှစ်ရပ်ဖြစ်သဖြင့် ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၄ တို့ကို ပြန်လည်အမှတ်စဉ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်သည်ဟု ယေဘုယျအားဖြင့် လက်ခံနိုင်ပါကြောင်း၊ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၄ တွင် "ပုဒ်မ ၃၂၃ အရ ချမှတ်သော"ဆိုသည့် ရည်ညွှန်းစကားရပ်မပါရှိဘဲ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပြင်ဆင်သည့် ဥပဒေအပိုဒ် ၃ ပါ ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မ ၂၄ ဖော်ပြချက်တွင် "ပုဒ်မ ၂၃ အရ ချမှတ်သော"ဆိုသည့် စကားရပ်ပါဝင်နေသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၃ နှင့် ၃၂၄ တို့၏အထက်တွင်ပါရှိသော "ခုံရုံးဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု"ခေါင်းစဉ်တွင် "တရားရုံးက တင်ပြသော အငြင်းပွားမှု"ကိုသာ ဆိုလိုကြောင်း ဖော်ပြချက်မပါရှိသကဲ့သို့ တရားရုံးကတင်ပြသော အငြင်းပွားမှုမဟုတ်သည့် အခြားကိစ္စရပ်များနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များ အတွက်ဟူ၍လည်း သီးခြားဖော်ပြထားခြင်းမရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ယင်းခေါင်းစဉ်အောက်ရှိ ပုဒ်မ ၃၂၄ ပါ "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်" ဟု ဖော်ပြချက်သည် ခုံရုံး၏ ဆုံးဖြတ်ချက်အားလုံးကို ဆိုလိုသည်ဟုသာ အဓိပ္ပာယ်ကောက်ယူသင့်ကြောင်း တင်ပြအပ်ပါကြောင်း၊ တရားရုံးများက တင်သွင်းသော အကြောင်းကိစ္စရပ်များအပြင် ပုဒ်မ ၃၂၅ နှင့် ပုဒ်မ ၃၂၆ တို့ပါ ပုဂ္ဂိုလ်များက တင်သွင်းသော ကိစ္စရပ်များကိုပါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်များက အကျိုးသက်ရောက်မှုရှိစေရန် ရည်ရွယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂ ပါ ခုံရုံး၏ မူလစီရင်ပိုင်ခွင့်ဖြစ်သည့် လုပ်ငန်းတာဝန်အရ ဆောင်ရွက်သော ကိစ္စရပ်များအားလုံး အတွက် အပြီးအပြတ်အတည်ဖြစ်ရန်ဖော်ပြထားခြင်း ဖြစ်သည်ဟုသာ ကောက်ယူရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ဆုံးဖြတ်ချက်သည် တရားရုံးကတင်သွင်းသော အကြောင်းကိစ္စတစ်ခုကိုသာ အပြီးအပြတ် ဖြစ်စေမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၅ နှင့် ပုဒ်မ ၃၂၆ တို့ပါ ပုဂ္ဂိုလ်များက တင်သွင်းသော ကိစ္စရပ်များသည် အပြီးအပြတ်မဖြစ်သဖြင့် အယူခံ၊ ပြင်ဆင်တက်ရောက်ခွင့် ရရှိကြရမှာဖြစ်ပါကြောင်း။ ယင်းသို့ဆိုပါက အယူခံ၊ ပြင်ဆင်တက်ရောက်ခွင့်ရှိသော ဆုံးဖြတ်ချက်တို့နှင့် စပ်လျဉ်း၍ မည်သည့်တရားရုံးက လက်ခံကြားနာဆုံးဖြတ်မည်ဆိုသည်ကို ထည့်သွင်းပြဋ္ဌာန်းရန် လိုအပ်လာမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ၏ ဆုံးဖြတ်ချက်များသည် နောက်ဆုံးနှင့် အပြီးအပြတ် Final and Conclusive ဖြစ်ကြောင်း တင်ပြအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ **"ပုဒ်မ ၂၃ အရ ချမှတ်သော ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်"** ဆိုသည့် ပြဋ္ဌာန်းချက်ကို အစားထိုးပြင်ဆင်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါကြောင်း။

နောက်ဆုံးတစ်ချက်မှာ ခုံရုံးဥပဒေပုဒ်မ ၂၅ ကို ပယ်ဖျက်လိုခြင်းကိစ္စဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၂၅ ကို ပယ်ဖျက်လိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၃ တွင် ပြည့်စုံစွာ ပြဋ္ဌာန်းထားရှိခြင်းကြောင့်ဖြစ်ကြောင်း ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတွင် ဖော်ပြထားပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၃ သည် တရားရုံးတစ်ရုံးက အမှုတစ်မှုကို စစ်ဆေးစီရင်ရာတွင် ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှု ရှိ မရှိ၊ ညီညွတ်မှုရှိမရှိ အငြင်းပွားမှု ပေါ်ပေါက်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တင်ပြပြီး အဆုံးအဖြတ်ခံယူသည့် ကိစ္စရပ်အတွက်သာလျှင် ပြဋ္ဌာန်းထားခြင်းဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၅နှင့် ပုဒ်မ ၃၂၆ပါ ပုဂ္ဂိုလ်များက တင်သွင်းသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဆုံးဖြတ်ချက်သည် မည်သို့ အကျိုးသက်ရောက်မည်ကို ပုဒ်မ ၃၂၃ တွင် ဖော်ပြထားခြင်း မရှိကြောင်း တင်ပြအပ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၃ ကို အားထား၍ ခုံရုံးဥပဒေပုဒ်မ ၂၅ကို ပယ်ဖျက်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဆုံးဖြတ်ချက်များ၏ စည်းနှောင်အားနှင့် စပ်လျဉ်း၍ အငြင်းပွားဖွယ်ရာ ဖြစ်နိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၂၅ သည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်သည့် ပြဋ္ဌာန်းချက်တစ်ရပ်မဟုတ်သော်လည်း လက်တွေ့အကောင်အထည်ဖော်သည့်အခြေအနေတွင် လိုအပ်သော ပြဋ္ဌာန်းချက်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုမရှိပါသဖြင့် ပယ်ဖျက်ရန် မသင့်ကြောင်း တင်ပြအပ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၈ တွင် "နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များ ဖြစ်သည်"ဟု ဖော်ပြထားပါကြောင်း။

ဥပဒေပြုရာတွင် ယင်းအခြေခံမူများကို အလေးထားစဉ်းစားသင့်ပါကြောင်း တင်ပြအပ်ပါကြောင်း၊ ဖြစ်ပေါ်လာသော အခြေအနေအရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီခြင်းမရှိသော ဥပဒေတစ်ရပ် သို့မဟုတ် ပြင်ဆင်သည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် လိုအပ်ပါလျှင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း အခန်းပါပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်ရေးအတွက် စဉ်းစားဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ထို့နောက် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းက ရှင်းလင်းတင်ပြပြီးနောက် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ဖြင့် ပေးပို့သော ဥပဒေကြမ်း၏ပုဒ်မ ၂၊ ပုဒ်မခွဲ(က)နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ (၂၀၀)မဲ၊ ကန့်ကွက်မဲ (၃၆၈)မဲ၊ ကြားနေမဲ (၂၆)မဲရှိသဖြင့် ပြည်ထောင်စု လွှတ်တော်၏အတည်ပြုချက်အတိုင်း အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ဥပဒေကြမ်း၏ ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ (၂၃၆)မဲ၊ ကန့်ကွက်မဲ (၃၃၂)မဲ၊ ကြားနေမဲ (၂၈)မဲရှိသဖြင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အတိုင်းအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်း၏ ပုဒ်မ ၃ နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ (၂၁၀) မဲ၊ ကန့်ကွက်မဲ (၃၆၀)မဲ၊ ကြားနေမဲ (၂၅)မဲရှိသဖြင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ဥပဒေကြမ်း၏ ပုဒ်မ ၄ နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ (၁၈၆)မဲ၊ ကန့်ကွက်မဲ (၃၇၀) မဲ၊ ကြားနေမဲ (၃၇)မဲ ရှိသဖြင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေးတတိယနေ့ကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

 လှုပ်ရှားမှုဆောင်ပုဒ်

၂၀၁၃ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး၊

(၂) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွပူးပေါင်းနေထိုင်ရေး၊

(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး၊

(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး၊

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးက ဥပဒေနှင့်အညီ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ရေး။

အခရာကျသည့် ဆရာ ဆရာမတို့အနေဖြင့် ဘက်စုံအရည်အသွေးမြင့်မားနေအောင် ကြိုးစား

နေပြည်တော် ဇန်နဝါရီ ၁၄

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကမဏ္ဍိုင်သည် ပညာရေးဖြစ်ကြောင်း၊ ပညာသည်သာ ပဓာနဖြစ်သည့် ၂၁ရာစုတွင် ယနေ့ မျက်မှောက်ကာလ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်အောင် ဆောင်ရွက်ပေးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးမြူပေးနိုင်သည့်သူများမှာ ဆရာ ဆရာမများဖြစ်ကြောင်း၊ ထို့ကြောင့် (Teachers Matter) ဆရာသည်သာ အခရာဟု နိုင်ငံတကာက ကြွေးကြော်လက်ခံနေပြီဖြစ်ကြောင်းဖြင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ယနေ့ နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပသည့်အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၅၀)သင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယနေ့ပညာခေတ်တွင် ပညာသည် ပဓာနဖြစ်သကဲ့သို့ ပဓာန၏ အခရာမှာ ဆရာဆရာမများဖြစ်ခြင်းကြောင့် အခရာကျသည့် ဆရာ ဆရာမတို့အနေဖြင့် ဘက်စုံအရည်အသွေးမြင့်မားနေအောင် ကြိုးစားအားထုတ်ကြရန်လိုကြောင်း၊ အခြေခံပညာအဆင့်သင် ဆရာ ဆရာမများအား တစ်ဆင့်မြင့်ပညာရှင်အဆင့်တိုးမြှင့်ပေးနေပြီဖြစ်သောကြောင့် ဆရာ ဆရာမတို့ကလည်း ကျန်းမာကြံ့ခိုင်ပြီး စာရိတ္တကောင်းမွန်ကာ ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်း လူ့စွမ်းအားအရင်းအမြစ်များအား တိုးမြှင့်မွေးထုတ်ပေးကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းလာစေရန်ရည်ရွယ်ပြီး အခြေခံပညာကျောင်းများ၌ကင်းထောက် လူငယ်အဖွဲ့ကို ဖွဲ့စည်းပေးရာတွင် စစ်သဘောမပါ နိုင်ငံရေးမစွက် လူမှုဝန်ထမ်းသက်သက်မျှသာ ဖြစ်စေရေးအတွက် ဦးတည်လေ့ကျင့်ပေးရန်၊ လူငယ်တို့ကို တာဝန်သိသော နိုင်ငံ့သားကောင်း ဖြစ်စေရန်၊ ကိုယ်ကျင့်တရားနှင့် စာရိတ္တကောင်းမွန်စေရန်၊ မိမိကိုယ်ကို အားကိုးတတ်စေရန်၊ အမိန့်နာခံတတ် စေရန်နှင့် သတင်းအမှန်ရရှိရေး ကြည့်ရှုလေ့လာစူးစမ်းတတ်စေရန်၊ လူသားအချင်းချင်း ချစ်ခင်မြတ်နိုးပြီး သစ္စာစောင့်သိကာ အများအကျိုး ဆောင်ရွက်တတ်သည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန်၊ တာဝန်သိမှုနှင့် လွတ်လပ်မှုကို ဟန်ချက်ညီညီကျင့်သုံးနိုင်ပြီး လူသားပီသသော လူအဖြစ် မိမိကိုယ်ကိုလေ့ကျင့်ဖော်ဆောင် နိုင်စွမ်းရှိစေရန် ရည်ရွယ်ချက်များထားရှိပြီး ဖွဲ့စည်းလေ့ကျင့်မွေးမြူပေးနေပြီဖြစ်ကြောင်း၊ ဘက်စုံရည်ရွယ်ချက်များ ပေါက်မြောက်အောင် ဆရာ ဆရာမတို့ဘက်ကလည်းအလေးအနက်ထားပြီး လေ့ကျင့်မွေးမြူပေးကြပါရန် မှာကြားလိုကြောင်း၊ ဆရာ ဆရာမများ အနေဖြင့် သင်တန်းက ပို့ချချက်များ၊ လက်တွေ့လေ့ကျင့်မှုများကို ကြိုးစားလိုက်နာ သင်ယူသွားရမည့်အပြင် သင်တန်း၏ စည်းမျဉ်းစည်းကမ်းများကိုလည်းတိတိကျကျလိုက်နာ စောင့်ထိန်းသွားကြရမည် ဖြစ်ကြောင်းလည်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇေယျာသီရိမြို့နယ် ကျွန်းရောင်းကျေးရွာအုပ်စု၌ ကျောင်းဆောင်သစ်ဖွင့်ပွဲများကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၄

၂၀၁၂ -၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာနမှ ခွဲဝေချထားပေးချက်အရ နေပြည်တော် ဇေယျာသီရိမြို့နယ် ကျွန်းရောင်းကျေးရွာအုပ်စု အခြေခံပညာမူလတန်းလွန်ကျောင်း (လေသာမြောက်)၊ အခြေခံပညာ မူလတန်းလွန်ကျောင်း (ကြို့ပင်ဆိပ်)နှင့် အခြေခံပညာ မူလတန်းကျောင်း(ရွာသစ်)တို့၏ ကျောင်းဆောင်သစ်များ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းများ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင်၊ ဇေယျာသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့် နေပြည်တော်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ကျောင်းဆောင်သစ်များကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး နေပြည်တော်ကောင်စီဝင် ဒေါက်တာ သန်းအောင်က အမှာစကား ပြောကြားသည်။ ပညာရေးဝန်ကြီးဌာနမှ အဆိုပါ ကျောင်းသုံးကျောင်းအတွက် ငွေကျပ် ၆၄၈ သိန်း ခွဲဝေချထားပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

(အပေါ်ပုံ) နေပြည်တော်ကောင်စီဝင် ဒေါက်တာ သန်းအောင်က အမှာစကား ပြောကြားသည်။

ပြည်တွင်းသတင်း

ဆောင်းသီးနှံများ လှိုင်လှိုင်ပေါ်ချိန်ဖြစ်သော်လည်း ရခိုင်ပြည်နယ်တွင် ဟင်းသီးဟင်းရွက်ဈေးအကျနေ၊ စိုက်ပျိုးသူတို့ တွက်ခြေကိုက်

သတင်းနှင့်ဓာတ်ပုံ
လေးဝတီ-ထွန်းစောခိုင်

ဤရာသီသည် ဆောင်းသီးနှံများ လှိုင်လှိုင်ထွက်ပေါ်ချိန်ဖြစ်သည်။ နိုဝင်ဘာ၊ ဒီဇင်ဘာလများမှစ၍ တဖြည်းဖြည်း ဆောင်းသီးနှံထွက်အားတိုးလာပြီး ဇန်နဝါရီလတွင် လှိုင်လှိုင်ပေါ်များကာ ဈေးချိုချိုဖြင့် ဖောဖောသီသီစားသုံးနိုင်ကြပြီဖြစ်သည်။ သို့သော် စစ်တွေဈေးကွက်တွင် ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက ဆောင်းသီးနှံအဝင်နှေးကာ ဈေးလည်းအကျနှေးနေသည်။ စစ်တွေဈေးကွက်တွင် မိုးရာသီမှစ၍ ဟင်းသီးဟင်းရွက်များ ဈေးကောင်းရလျက်ရှိသည်။ စစ်တွေဈေးကွက်သည် ရခိုင်ပြည်နယ်၏အဓိက ဟင်းသီးဟင်းရွက်ဈေးကွက်ဖြစ်သည်။ ဤဈေးကွက်သည် ကျေးလက်မှထွက်ရှိသော သီးနှံများ၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးသော မြို့နယ်များမှလာသော သီးနှံများကို စစ်တွေမြို့ပေါ်သို့လည်းကောင်း၊ အခြားမြို့နယ်များသို့လည်းကောင်း ဖြန့်ဖြူးရောင်းချပေးနေသည်။

"ခါတိုင်းနှစ်တွေ ဒီအချိန်ဆိုရင် ဈေးထိုးကျသွားပါပြီ။ ဒီနှစ်တော့ ဈေးအကျနှေးပါတယ်။ ဒါဟာလည်း ဈေးကွက်ကို သီးနှံတွေ အဝင်နည်းနေလို့ပါ။ ကျွန်မတို့လည်း စားသုံးသူတွေကို ဈေးပေါပေါနဲ့ရောင်းချင်ပါတယ်။ ဒါပေမယ့် ဝယ်ဈေးက မြင့်နေတော့ ဒီဈေးကိုလိုက်ပြီးရောင်းရတာပေါ့" ဟု မကျည်းမြိုင်ရပ်ကွက် ပုံကျဈေးမှ ဟင်းသီးဟင်းရွက်ရောင်းနေသော ဈေးသည်တစ်ဦးက ပြောပြသည်။

ကျောက်တော်နှင့် မြောက်ဦးမြို့နယ်များမှ ဟင်းသီးဟင်းရွက်များကိုဝယ်ယူပြီး လက်ကားဖြန့်ဖြူးရောင်းချနေသော ဦးလှဝင်းကလည်း "ဒီနှစ်ဆောင်းသီးနှံစိုက်တဲ့သူတွေ ဖောက်သည်ကို မျှော်စရာမလိုပါဘူး။ ဖောက်သည်တွေက စိုက်ခင်းအထိ အရောက်သွားပြီး အလုအယက်ဝယ်ယူနေကြတာပါ။ ဒီတော့ သူတို့တောင်းတဲ့ဈေးကို ကောင်းကောင်းရတာပေါ့ဗျာ။ စိုက်နိုင်သလောက် အကျိုးရှိတာတွေ့ရပါတယ်။ အရင်နှစ်တွေကဆို ဒီအချိန် ဈေးတအားကျသွားပြီ။ အခုတော့ ဈေးကကျတယ်လို့ သာပြောရတယ် နှေးနှေးကွေးကွေးပါပဲ။ ဒီနှစ်ဟင်းသီးဟင်းရွက်လောကမှာ တွက်ခြေကိုက်ဆုံးက စိုက်ပျိုးတဲ့တောင်သူတွေပါ"ဟု ရှင်းပြသည်။

ရခိုင်ပြည်နယ်တွင် ကျောက်တော်၊ မြောက်ဦး၊ မင်းပြားမြို့နယ်များသည် ဆောင်းသီးနှံနှင့် ဟင်းသီးဟင်းရွက်များကို အကြီးအကျယ်စိုက်ပျိုးသော မြို့နယ်များဖြစ်သည်။ ဤမြို့နယ်များမှ ထွက်ကုန်များကို စစ်တွေဈေးကွက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ်တစ်ဝန်းသို့လည်းကောင်း တင်ပို့ရောင်းချလျက်ရှိသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်သူတွေ ထက်ဝက်နီးပါး လျော့ကျသွားပါတယ်။ ကျွန်တော်တို့ဒေသမှာဆို မြေနေရာတွေဟာ ကွက်လပ်တွေများတယ်။ အဓိကကတော့ ဒေသအခြေအနေကြောင့်ပါ။ စိုက်ခင်းတွေမှာ မလုပ်ရဲ၊ မနေရဲလို့ သီးနှံစိုက်အားလျော့သွားရတာပါ။ စိုက်အားလျော့တော့ ထွက်အားလျော့တာပေါ့။ ဒါကြောင့် ဒီနှစ်ဟင်းသီးဟင်းရွက်ဈေးကောင်းနေတာပါ။ ဒီနှစ်က ရာသီကလည်း မိုးပြတ်တာစောတဲ့အတွက် ဆောင်းသီးနှံတွေ စိုက်သလောက်အကျိုးရှိပါတယ်။ စောစောစိုက်ပျိုးတဲ့သူတွေဆို ဈေးကောင်းကောင်းရခဲ့ကြပါတယ်။ ခါတိုင်းလို များများစိုက်နိုင်မယ်၊ စိုက်သူတွေလည်း များမယ် ဆိုရင်တော့ ပိုပြီးအကျိုးရှိမှာပေါ့ဗျာ"ဟု မြောက်ဦးမြို့နယ်မှ ဆောင်းသီးနှံစိုက်ပျိုးသော တောင်သူ ဦးလှဖော်က ယခုနှစ် သီးနှံစိုက်ပျိုးသူများအခြေအနေကို ပြောပြခဲ့သည်။

ရခိုင်ပြည်နယ်သည် သီးနှံစိုက်ပျိုးနိုင်သော မြေခံ၊ ရေခံကောင်းများစွာရှိသည်။ ကုလားတန်မြစ်၊ လေးမြို့မြစ်၊ နတ်မြစ်ကမ်းပါးများ၌လည်းကောင်း၊ မြေနုကျွန်းများ၌လည်းကောင်း၊ စစ်တွေလွင်ပြင်တွင်လည်းကောင်း စပါးနှင့်သီးနှံမျိုးစုံ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ သို့သော် ခေတ်မီစိုက်ပျိုးနည်းများအားနည်းခြင်း၊ မျိုးကောင်းမျိုးသန့်များကို မစိုက်ပျိုးနိုင်ခြင်းတို့ကြောင့် အထွက်နှုန်းလျော့နည်းနေကြသည်။

ယခုနှစ်တွင် ရခိုင်ပြည်နယ်အနှံ့အပြား၌ ဆောင်းသီးနှံစိုက်ပျိုးအား လျော့နည်းလျက်ရှိသည်။ လေ့လာသိရှိရသည်မှာ သီးနှံစိုက်တောင်သူများသည် စိုးရိမ်ကြောင့်ကြစိတ်များကြောင့် သီးနှံမစိုက်ပျိုးနိုင်ခဲ့ကြခြင်းဖြစ်သည်။ စိုက်ပျိုးသူနည်းပါး၍ ထွက်ကုန်နည်းနေပြီး ဟင်းသီးဟင်းရွက်ဈေး အကျနှေးနေသည်၊ စိုက်ပျိုးသူများ မှန်းဈေးရနေသည်။ ထွက်ရှိသမျှ ဈေးမှန်မှန်ရနေသဖြင့် စိုက်ပျိုးသူတို့ တွက်ခြေကိုက်နေကြခြင်းဖြစ်သည်။

စက်သုံးဆီအရောင်းဆိုင်များ တိုးတက်များပြားလာ

ကလေး ဇန်နဝါရီ ၁၄

ပြည်သူများ၏ စီးပွားရေးတိုးတက်ရန်နှင့် ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန်အတွက် လမ်းပန်းဆက်သွယ်ရေးသည် အရေးကြီးလှသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့် ကားများ၊ ဆိုင်ကယ်များလည်း တိုးတက်များပြားလာသည်။ ထိုကဲ့သို့များပြားလာသော ကားများ၊ ဆိုင်ကယ်များအတွက် စက်သုံးဆီလိုအပ်ချက်ကလည်း သိသိသာသာများပြားလာသည်။ ကလေးမြို့တွင် ယခင်အချိန်များ၌ နိုင်ငံတော်အသိအမှတ်ပြု စက်သုံးဆီ အရောင်းဆိုင် (မြတ်မေတ္တာမွန်) တစ်ခုတည်းသာရှိခဲ့သည်။ ယခုအခါ ကလေး-ကလေးဝလမ်းမပေါ်၌ ထူး၊ အိုဆို၊ ပြည်ချစ်သူ၊ ယူနိုက်တက်၊ ဟိန်းနှင့် မိုးကောင်းကင်စသည့်စက်သုံးဆီအရောင်းဆိုင်များ၊ ကလေး-ဂန့်ဂေါလမ်းမပေါ်တွင် ရွှေမြန်မာ စက်သုံးဆီအရောင်းဆိုင်များဖြင့် အများပြည်သူစိတ်တိုင်းကျ လွတ်လပ်စွာ ဝယ်ယူနိုင်ကြပြီဖြစ်သည်။

ယခင်က စက်သုံးဆီဝယ်ယူရာတွင် တစ်နေကုန် တန်းစီပြီးဝယ်ယူရခြင်း၊ ဆီစာအုပ်ပြုလုပ်ပေးကာ တန်းစီပြီးဝယ်ယူရခြင်းဖြင့် အလွန်စိတ်ညစ်စရာကောင်းသော်လည်း ယခုအခါတွင် လိုအပ်သည့်အချိန်၌ လိုအပ်သလောက် ဝယ်ယူရရှိနိုင်ပြီဖြစ်ပါသဖြင့် ပြည်သူအများ စိတ်ချမ်းသာပျော်ရွှင်ကြကြောင်းသိရှိရသည်။

(သတင်းစဉ်)

မန္တလေး-ဗန်းမော် ရေယာဉ်များပုံမှန်ပြေးဆွဲ ရေကြောင်းခရီးသွားပြည်သူများ အဆင်ပြေ

ဗန်းမော် ဇန်နဝါရီ ၁၄

နိုင်ငံတော်အစိုးရသည် ကုန်စည်စီးဆင်းမှု မြန်ဆန်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ကူးလူးဆက်ဆံမှုလွယ်ကူစေရေးတို့အတွက် မန္တလေးမှဗန်းမော်သို့ နှစ်ထပ်ကုန်တင်ရေယာဉ်များ၊ ကုန်နှင့်ခရီးသည်တင် ပြည်ကြီးတံခွန် ရေယာဉ်လေးစင်းနှင့် ပုဂ္ဂလိက ရေယာဉ်များ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ရေယာဉ်များ ပုံမှန်ပြေးဆွဲသွားလာနိုင်ရန်အတွက် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး ဧရာဝတီဌာနခွဲ မန္တလေးက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ ကုန်တင်နှစ်ထပ်ရေယာဉ်များသည် မန္တလေးဂေါဝိန်ဆိပ်ကမ်းမှ သောကြာနှင့် တနင်္ဂနွေနေ့တိုင်းထွက်၍ ပြည်ကြီးတံခွန်ရေယာဉ်များသည် မန္တလေးဆိပ်ကမ်းမှ တနင်္လာ၊ ကြာသပတေးနှင့် စနေနေ့တိုင်း နံနက် ၆ နာရီတွင်ထွက်ခွာပြီး ဗန်းမော်မှ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တိုင်း နံနက် ၇ နာရီတွင် ထွက်ခွာသည်။ ၂၇၅ မိုင်ဝေးသော ရေလမ်းခရီးတွင် ရေယာဉ်စီးခမှာ ရိုးရိုးတန်းတစ်ဦးလျှင် ငွေကျပ် ၃၈၅၀၊ အထက်တန်း လူတစ်ဦးလျှင် ငွေကျပ် ၉၉၀၀ ဖြစ်သည်။ အင်မိုင်ခ ပုဂ္ဂလိကရေယာဉ်များလည်း ပြေးဆွဲပေးလျက်ရှိသည်။

နွေရာသီတွင် လေမုန်တိုင်းဒဏ်၊ မိုးရာသီတွင် စုပ်ဝဲ၊ မှုတ်ဝဲနှင့် သစ်တုံးများအန္တရာယ်၊ ဆောင်းရာသီတွင် မြူနှင်းကျခြင်း၊ သောင်ထွန်းရေပါးခြင်း ကြုံတွေ့ရကြောင်း၊ ယခုနှစ် ရေပါးသည့်နေရာများမှာ တပ်ကလေးနှင့် ညောင်ပင်သာရွာအကြား၊ အင်းရွာဒေါင့်ကြီးအနီး ရေကြောင်း၊ ငါးကြောင်း ဒေါင့်ရေကြောင်း၊ တကောင်းနှင့် မလယ်အကြားရေကြောင်းတို့ဖြစ်ကြောင်း၊ ရေပါး၍ သောင်တင်ခြင်း၊ ကျောက်ဆောင် ကျောက်စွယ်များနှင့် ထိခိုက်ခြင်းမရှိစေရန်နှင့် ခရီးသွားပြည်သူအများ ဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် ရေယာဉ်ဝန်ထမ်းများက ကြိုးစား၍ ဆောင်ရွက်ပေးနေကြောင်း ပြည်ကြီးတံခွန်-၁ ရေယာဉ်မှူးက ပြောပြသည်။

ဧရာဝတီမြစ်သည် နှစ်စဉ် ရေလမ်းပြောင်းလဲမှုရှိသဖြင့် ရေယာဉ်မှူးများသည် ရေကြောင်းပြအမှတ်အသားများကို ကြည့်ရှု၍ ခုတ်မောင်းသွားလာနေကြရကြောင်း သိရသည်။

နိုင်ငံတော်အစိုးရသည် မိခင်ဧရာဝတီမြစ်ကြီးကို တန်ဖိုးရှိစွာ အသုံးပြုလျက် ကုန်စည်စီးဆင်းမှု မြန်ဆန်ရေး၊ ပြည်သူအများ ခရီးသွားလာမှုအဆင်ပြေစေရေးတို့အတွက် မန္တလေး-ဗန်းမော်ရေယာဉ်ခရီးစဉ်များ ပုံမှန်ပြေးဆွဲပေးသဖြင့် လုပ်သားပြည်သူများ၏စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် လူမှုရေးကဏ္ဍများသည် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း ကျေးဇူးတင်စကားပြောဆိုသံများသည် မြစ်မင်းဧရာတစ်လျှောက် ပဲ့တင်ထပ်လျက်ရှိပေသည်။ ။

(ဆီမီးခုံ-နန်းရီ)

တာချီလိတ်၌ မီးငြှိမ်းသတ်မှု သရုပ်ပြ

တာချီလိတ် ဇန်နဝါရီ ၁၄

မြန်မာ့သစ်လုပ်ငန်းသည် နိုင်ငံတော်အတွက် ဘဏ္ဍာငွေအမြောက်အမြားရှာဖွေပေးနေသည့် နိုင်ငံပိုင်လုပ်ငန်းကြီးတစ်ရပ်ဖြစ်သကဲ့သို့ ပြည်ပပို့ကုန် သစ်လုံးများ မီးဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေးသည်လည်း အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေပေသည်။

မြန်မာ့သစ်လုပ်ငန်း၏ ကျိုင်းတုံ သစ်ထုတ်လုပ်ရေးဒေသ တာချီလိတ် အမှတ် (၂) နှင့် အမှတ် (၃) သစ်ဆိပ်များ မီးဘေးအန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေးအတွက် ပညာပေးဟောပြောပွဲနှင့်သရုပ်ပြလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက အဆိုပါသစ်ဆိပ်များတွင်ကျင်းပရာ လက်ထောက်အထွေထွေမန်နေဂျာ ဦးဝေကြိုင်က မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်များကို ရှင်းလင်းပြောကြားပြီး တာချီလိတ်ခရိုင် မီးသတ်ဦးစီးဌာနမှ မီးသတ်စခန်းမှူးဦးကျော်ကိုကိုနှင့် တပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြသရာ မြန်မာ့သစ်လုပ်ငန်းမှ ဝန်ထမ်းများက လက်တွေ့လေ့ကျင့်ဆောင်ရွက်ကြကြောင်း သိရသည်။ **(ဝဇဝ)**

သီပေါမြို့၌ ဇန်နဝါရီ (၁)ရက်မှစ၍ ရောင်စုံသတင်းစာများ ဖြန့်ချီ

မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာများကို အသွင်အပြင်ဆန်းသစ်စွာ ဇန်နဝါရီ ၁ ရက်မှစ၍ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နေ့ချင်းပေါက်ထုတ်ဝေရာ သီပေါမြို့ပေါ်ရှိ သတင်းစာဖတ်ပရိသတ်များ၏ ရင်ထဲမှခံစားချက်များကို တွေ့ဆုံမေးမြန်း၍ တင်ပြလိုက်ပါသည်။

တွေ့ဆုံမေးမြန်းသူ- စိုင်း(သီပေါ)

မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာများ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ဇန်နဝါရီ ၁ ရက်ကစပြီး ရောင်စုံရိုက်နှိပ်ထုတ်ဝေဖြန့်ချိလိုက်တာကို ဖတ်ရှုရလို့ ဝမ်းသာကျေနပ်မိပါတယ်။ ရောင်စုံဆိုတာ အဖြူအမည်းထက် သတင်းစာဖတ်ပရိသတ်ကို ဆွဲဆောင်ပါတယ်။ မြန်မာ့သတင်း၊ ကမ္ဘာ့သတင်းများကိုလည်း ပြည်သူတွေ စိတ်ဝင်စားဖွယ် ဖတ်ရှုနိုင်ကြပါတယ်။ ခေတ်နှင့်လိုက်လျောညီထွေစွာ ပြည်သူတွေ ဖွံ့ဖြိုးတိုးတက်မှုသတင်းများကို အမြဲတမ်း သိရှိခွင့်ရနေကြပါပြီ။

လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဘာသာရေး အစစအရာရာ တိုင်းပြည်နှင့် လူမျိုးအတွက် ကောင်းမွန်သောအထောက်အပံ့ဖြစ်စေပါတယ်လို့ ယုံကြည်မိပါတယ်။

ဦးစိုင်းအောင်သန်းဦး (ဓမ္မာရုံဂေါပကအဖွဲ့ဥက္ကဋ္ဌ)

ကျွန်တော်အရင်တုန်းက ဖတ်ဖူးတဲ့ သတင်းစာနဲ့ အခုဖတ်နေရတဲ့ မြန်မာ့အလင်းသတင်းစာက လုံးဝကွဲပြားခြားနားသွားပြီ။ မတူတော့ဘူး။ အခုက ကဏ္ဍစုံစုံလင်လင်ပါလာတယ်။ ဒီကနေ့ ရောင်စုံနဲ့ထုတ်တာတွေ့ရတော့ အပြင်အဆင် အရည်အသွေးကလည်း ကောင်းတယ်။ သတင်းကောင်းတွေလည်း ပါစေချင်တယ်။ စာမျက်နှာတိုးပြီးထုတ်ဝေနိုင်ရင် ပိုကောင်းမယ်လို့ ထင်ပါတယ်။ **ဦးအောင်ကြည်ထွန်း (မြို့နယ်မီးသတ်ဦးစီးမှူး)**

ကျွန်တော်က ဆိုက်ကားနင်းပြီး အသက်မွေးဝမ်းကျောင်းပြုရသူပါ။ ခရီးသည် မခေါ်မီအခိုက်အတန့်မှာ ပညာဗဟုသုတရရှိနိုင်ဖို့ သတင်းစာဖတ်တဲ့အကျင့်စွဲနေပါပြီ။ အခုလို ရောင်စုံအဖြစ်ဖတ်ရတော့ ပညာဗဟုသုတတွေဟာ ရင်ထဲ၊ နှလုံးထဲ၊ ဦးနှောက်ထဲအထိပါ စွဲမြဲမှတ်သားပြီးဖြစ်နေပါတယ်။

ဦးကျော်မြင့် (အနေးယာဉ်လုပ်သား)

မြန်မာ့အလင်းသတင်းစာကို ရောင်စုံနဲ့ ဝေဝေဆာဆာ ထုတ်ဝေလိုက်တော့ ဖတ်ရတာ ကျေနပ်ဝမ်းသာမိပါတယ်။ ကျောင်းသူဘဝမှ အထက်တန်းပြ၊ အလယ်တန်းကျောင်းအုပ်နှင့် ယခုအချိန် ပညာရေးမှူး အငြိမ်းစားကာလတစ်လျှောက် သတင်းစာကို ခုံခုံမင်မင် စွဲစွဲလမ်းလမ်းနဲ့ ယနေ့ထိတိုင် တန်ဖိုးထားဖတ်ရှုလျက်ရှိပါတယ်။ အပျင်းပြေ၊ အပျော်ဖတ်သဘောဖြင့် မဟုတ်မူဘဲ မရောက်ရှိသောနေရာဒေသများ ရောက်ရှိသကဲ့သို့ ခံစားရသဖြင့် ပညာ၊ ဗဟုသုတများစွာရရှိသည့်အပြင် သတင်းစာကို စတင်ထုတ်ဝေသူပုဂ္ဂိုလ်များနှင့် ယနေ့အထိ နေ့စဉ် သတင်းစာထွက်ရှိအောင် လုပ်ကိုင်ဆောင်ရွက်ပေးနေသော သတင်းစာဆရာကြီးများကို များစွာကျေးဇူးတင်လေးစားဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။ **ဒေါ်ကြင်ရီ (မြို့နယ်ပညာရေးမှူး၊ ငြိမ်း)**

မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာတွေ ရောင်စုံထုတ်ဝေမယ်လို့ ကြားရကတည်းက အလွန်ကို ဖတ်ချင်နေတာကြာပြီ။ အခုလို ရောင်စုံနဲ့မြင်တွေ့ရတဲ့အပြင် သတင်းစာအပြင်အဆင် အရေးအသားတွေကပါ သပ်ရပ်စွာနဲ့ ဈေးနှုန်းမတက်ဘဲ ဝယ်ယူဖတ်ရှုရတော့ သတင်းစာချိုး၊ ပရိသတ်တွေ ဝမ်းသာနေကြပါတယ်။ နောက်တစ်ခုပြောချင်တာကတော့ မျက်နှာဖုံးမှာ ကြော်ငြာထည့်တာကို သိပ်သဘောမကျဘူး။ သတင်းတန်ဖိုးလျော့သလို ဖြစ်မှာစိုးလို့ပါ။ **ဒေါ်နန်းလပြည့် (ရှမ်းရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းစုံစုံလင်လင်နဲ့ ရောင်စုံဓာတ်ပုံများကို တွေ့ရလို့ ဝမ်းသာမိပါတယ်။ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ပညာပေးဆောင်းပါးတွေ ဖော်ပြတာကိုလည်း ကြိုဆိုထောက်ခံပါတယ်။ ကာတွန်းဆရာများရဲ့ ပညာပေးကာတွန်းများ သုံးစွဲဖော်ပြတာကြောင့် ကျေနပ်မိပါတယ်။

ပြည်သူ့အာဘော်၊ သူ့အတွေး၊ သူ့အရေးကဏ္ဍမှာ ပွင့်ပွင့်လင်းလင်း ပါဝင်ရေးသားနိုင်တာကို ဂုဏ်ယူပီတိဖြစ်မိပါတယ်။ အားကစားဓာတ်ပုံရောင်စုံ တွေ့ရတာလည်း ဝမ်းသာပါတယ်။ နိုင်ငံအတွင်းဖြစ်ပေါ်နေတဲ့ ပြည်သူတွေသိသင့်တဲ့ သတင်းတွေကို ထိထိမိမိ ရေးသားဖော်ပြလာနိုင်လို့ ပြည်သူအများလက်ခံတဲ့ နိုင်ငံပိုင်သတင်းစာအဖြစ် ရေရှည်ရပ်တည်နိုင်တာပေါ့နော်။

စာရေးဆရာ-ဓာဏီဟိန်း(သီပေါ)

အရင်တုန်းက သမားရိုးကျ အဖြူအမည်းသတင်းစာကနေ ရောင်စုံအပြင်အဆင်နဲ့ အသွင်သစ်အရေးအသားတစ်မူထူးခြားမှုရှိတာကို သဘောကျပါတယ်။ ပညာပေးဆောင်းပါးတွေ၊ နောက်ဆုံး ဖောင်ပိတ်ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းတွေ ဖတ်ရတာကောင်းပါတယ်။ ကျွန်တော့အနေနဲ့ ခေါင်းကြီးပိုင်းရေးသားချက်များကို ပိုကြိုက်ပါတယ်။ သတင်းတွေလည်းစုံပါတယ်။ ပြည်သူတွေအတွက် အားထားထိုက်တဲ့ ပညာပေးလမ်းညွှန်သတင်းဆောင်းပါးတွေကို ဦးဦးဖျားဖျား ဖတ်လိုပါတယ်။ **ဦးသိန်းထိုက်ဦး (မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိ)**

ပြည်တွင်းသတင်း

ကချင်ပြည်နယ်အတွင်း KIA အဖွဲ့က မိုင်းထောင်၊ ဖမ်းဆီး၊ ပစ်ခတ်မှုများ လုပ်ဆောင်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၄

ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ဆွမ်ပရာဘွမ်မြို့နယ်ရှိ ဇာနန်တံတားအနီး မိုင်းနင်းမိပေါက်ကွဲခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူ ပူတာအိုမြို့နယ် ဖန်ခိုင်(၁) ကျေးရွာနေ ဦးခင်မောင်ဆန်းမှာ ယင်းနေရာ၌ပင် သေဆုံးသွားခဲ့ပြီး ဆိုင်ကယ်နောက်လိုက်ပါလာသူ မြစ်ကြီးနားမြို့နယ် နမ်ရှယ်ကော့ကျေးရွာနေ ဦးမီးကော်ခင်မှာ ဘယ်ဘက်ပေါင်တွင် မိုင်းစထိမှန်ဒဏ်ရာရရှိ (မစိုးရိမ်ရ)ခဲ့သဖြင့် ဆွမ်ပရာဘွမ်ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က KIA အဖွဲ့မှ အင်အား ၃၀ ဦးခန့်သည် ဝိုင်းမော်မြို့နယ် ရှင်ဝေါ်ကျေးရွာသို့ လက်နက်ကိုယ်စီဖြင့် ဝင်ရောက်လာကြပြီး ရွာသူ/ရွာသား ၃၀ ဦးခန့်အား ၎င်းရွာ၏ အရှေ့မြောက်ဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

အလားတူ ဇန်နဝါရီ ၁၃ ရက် နံနက် ၅ နာရီခန့်မှစ၍ ဖားကန့်မြို့နယ် ကထယန်ကျေးရွာအနီး တောင်ကုန်းတွင် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းအား KIA အဖွဲ့က ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ကထယန်ကျေးရွာနေ မောင်ကရိန်နော်နော်မှာ ဝဲဘက်ပေါင်နှင့် ယာလက်မောင်းတို့တွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ဖားကန့်မြို့နယ်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၁၃ ရက် မွန်းတည့် ၁၂ နာရီခန့်က မိုးမောက်မြို့နယ် မြို့သစ်ကျေးရွာနေ ဦးပရန်တန် (ခ)လရှိန်သည် ၎င်းရွာနှင့် ငါးမိုင်ခန့်အကွာရှိ စပါးလင်ခြံ၌ အလုပ်လုပ်နေစဉ် KIA အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ကြောင်းနှင့် ၎င်း၏သားဖြစ်သူနှင့် ကျန်တောင်သူတစ်ဦးတို့မှာမူ ထွက်ပြေး လွတ်မြောက်ခဲ့ကြောင်း ကချင်ပြည်နယ်အစိုးရထံမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

KIA တပ်သားသုံးဦး အလင်းဝင်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၄

KIA အဖွဲ့မှ တပ်သားအဆင့်ရှိသူ နှစ်ဦးနှင့် တပ်သားသစ်တစ်ဦး စုစုပေါင်း သုံးဦးတို့သည် ဇန်နဝါရီ ၁၃ ရက်က နယ်မြေခံတပ်မတော်စစ်ကြောင်းများထံသို့ လက်နက်၊ ခဲယမ်းများနှင့်အတူ အလင်းဝင်ရောက်ခဲ့ကြောင်း ကချင်ပြည်နယ်အစိုးရထံမှ သိရသည်။

၎င်းနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်က KIA လိုင်ဇာဌာနချုပ် လက်အောက်ခံတပ်ရင်းမှ တပ်သားသစ်အဆင့်ရှိသူ မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာ တာချယ်ရပ်နေ ဦးခင်မောင်မြင့်သည် အမ်-၂၅ ဗုံးပစ်သေနတ် တစ်လက်၊ ကျည်အိမ် တစ်ခု၊ ပို့ကျည် ငါးတောင့်၊ ဗုံးသီး ငါးလုံး၊ ပြောက်ကျား ယူနီဖောင်း တစ်စုံတို့နှင့်အတူတပ်မတော်တပ်စခန်းသို့ လည်းကောင်း၊ မွန်းတည့် ၁၂ နာရီခန့်က KIA တပ်ရင်း (၃၃)မှ တပ်သားအဆင့်ရှိသူ လဆိုင်းနှင့် ဂမ်အောင်တို့ နှစ်ဦးသည် တရုတ်နိုင်ငံလုပ် လက်ပစ်ဗုံး လေးလုံးနှင့်အတူတပ်မတော်တပ်စခန်းသို့လည်းကောင်း အသီးသီး အလင်းဝင်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

တောင်သူလယ်သမားများ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ကြံသီးနှံစိုက်ပျိုးရေးစရိတ်ချေးငွေအား တစ်ဧကလျှင် ကျပ် ၁၀၀၀၀၀ နှုန်း တိုးမြှင့်သတ်မှတ်ခြင်း

နိုင်ငံတော်အနေဖြင့် ကြံသီးနှံစိုက်ပျိုးနေကြသော တောင်သူများ၏ စိုက်ပျိုးစရိတ်အရင်းအနှီး လိုအပ်ချက်များကို အထောက်အပံ့ဖြစ်စေရန်အတွက် ယခုနှစ်ကြံစိုက်ပျိုးရာသီမှစ၍ ကြံသီးနှံစိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူလယ်သမားများအား ကြံသီးနှံတစ်ဧကလျှင် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ယခုနှစ်ကြံစိုက်ရာသီမှစ၍ ထုတ်ချေးသွားမည်ဖြစ်ပါသည်။

ကြံစိုက်ပျိုးစရိတ်ချေးငွေကို အမှန်တကယ်စိုက်ပျိုးစရိတ် အခက်အခဲတွေ့ရှိနိုင်သည့် တစ်ပိုင်တစ်နိုင်နှင့် ၁၀ ဧကနှင့်အောက် တောင်သူများကိုသာလျှင် ထုတ်ချေးပေးသွားမည်ဖြစ်ပါသည်။ အချိန်မီထုတ်ချေးပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စိုက်ဧကများ မှန်ကန်စွာ စာရင်းပြုစု၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ စာရင်းဇယားများ အချိန်ကိုက်ပေးပို့နိုင်ပါရန် နှိုးဆော်ညှိနှိုင်းထားရှိပါကြောင်း ကြေညာအပ်ပါသည်။ **(လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**

ဆောင်းအစေ့ထုတ် စပ်မျိုးပြောင်း အောင်မြင်ဖြစ်ထွန်း

နေပြည်တော် ဇန်နဝါရီ ၁၄

နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေသည် ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာ ကွင်းအမှတ် (၁၃၁၀) တောင်သူ ဦးအောင်ဆန်းဦး၏ ဆောင်းအစေ့ထုတ် စပ်မျိုးပြောင်းဧက ၅ ဒသမ ဝဝ တောင်သူပညာပေးစိုက်ခင်းတွင် သက်တမ်း ၇၅ ရက်ရှိ စပ်မျိုးပြောင်းပင်များ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး**(ယာပုံ)** တောင်သူများ၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းအဖွဲ့များနှင့်တွေ့ဆုံ၍ မှာကြားခဲ့ကြောင်း သိရှိရသည်။ **(၄၁၇)**

MRTV-4

၁၅-၁-၂၀၁၃ (အင်္ဂါနေ့)

၅း၀၀ MRTV-4အဖွင့် Logo ပဋ္ဌာန်းပါဠိတော် + မေတ္တာသုတ်

၅း၂၀ MRTV-4 သတင်း

၅း၃၀ **မိဘကျေးဇူးဆပ်** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရာဘိဝံသ)

၇း၃၀ MRTV-4 သတင်း

၉း၁၀ **ကြီးစွာသံဝေဂရယူပါကုသိနာရုံမှာ**

၉း၂၀ Motivation Talk (Clean Government)

၉း၄၀ **စာအုပ်ပြခန်း** [စက္ကော့မ(ဥုံဖွ)]

၁၂း၁၅ ဓလေ့ရိုးရာမမေ့သာ

၁၂း၃၀ သွားမယ်စားမယ် (Aquarium Seafood)

၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချိုမြိန်သောဘဝလေး** (အပိုင်း-၇၀)

၄း၅၀ Claen Water For People

၅း၀၀ ဂီတသရုပ်ပြခန်း(သီရိဆွေ)

၆း၀၀ MRTV-4 သတင်း

၆း၁၅ Fashion Week (Hera Beauty & Spa)(Part-3)

၇း၃၅ ဈေးဝယ်လမ်းညွှန် (NOBODY)

၈း၀၀ MRTV-4 သတင်း

၁၁း၄၀ မြန်မာနိုင်ငံခြားကုန်သွယ်မှု ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ

၁၁း၅၅ World of Knowledge (Air Crash Investigation: The Plane That Wouldn't Talk)

၁၂း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လျှို့ဝှက်ချက်နှင့်ဂင်မ်ချီ** (အပိုင်း-၃၆)

၁း၂၀ ရွှေခနုတို့ပျော်စံရာဆီးကျအင်း ကျေးရွာမှလက်ဖက်ခင်းများ

၁း၃၅ ကျောက်ကပ်နှင့် ကျောက်ကပ်ရောင်ရောဂါအကြောင်း (ပါမောက္ခဒေါက်တာခင်မောင်ဌေး)

၁း၅၅ **အလှော်အစား** ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း)

၂း၄၀ သဘာဝဆေးစွမ်းထက်သော မြန်မာ့တပင်တိုင်မြနန်း

၄း၅၀ ဆည်းကပ်တိုင်းအကျိုးစုံသည် တန်ခိုးဂုဏ်ကြီးမြတ်လှတဲ့ မဟာသံ့သရုပ်ရှင်တော်မြတ်

REPUBLIC OF THE UNION OF MYANMAR
Telecommunication Operator Tender Evaluation and Selection Committee
Nay Pyi Taw
Press Release
Expression of Interest regarding the tender for two Telecommunications Service Licences in the Republic of the Union of Myanmar

Date: January 15, 2013

The Government of the Republic of the Union of Myanmar has laid down the policy framework for the development of the country's telecommunications and ICT industry by facilitating competition of both local and international operators in the sector. The principal goals for this are to increase the overall tele-density of the country to 75% to 80% in 2015-2016 to make the telecommunications services available to the public at affordable prices, and to give the public the capability of choice for the telecoms services.

In this context, the Union Government will award two nationwide telecommunications service licences by the first half of 2013. The Telecommunication Operator Tender Selection Committee officially set up by the Union Government invites telecommunications companies to express their interest.

As a first step, interested entities are required to submit an Expression of Interest (EOI) **no later than 3 PM, local time (Nay Pyi Taw, Republic of the Union of Myanmar), on January 25th, 2013 to the Telecommunication Operator Tender Evaluation and Selection Committee at mcit_tender@mcit.gov.mm or to Telecommunication Operator Tender Evaluation and Selection Committee, Office Building No(32), Nay Pyi Taw; Republic of the Union of Myanmar.**

The submission form for the Expression of Interest (EOI), guidelines for submission and all relevant documents are available for download from this link http://www.mcit.gov.mm/industries/tender.htm.

Chairman
Telecommunication Operator Tender Evaluation and Selection Committee,
Government of the Republic of the Union of Myanmar

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
နေပြည်တော်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(၂)ခု တင်ဒါအတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း (Expression of Interest)

ရက်စွဲ ။ ။ ၂၀၁၃ခုနှစ် ဇန်နဝါရီ ၁၅ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ဆက်သွယ်ရေးနှင့် အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယင်းကဏ္ဍအတွင်းရှိ ပြည်တွင်းပြည်ပမှ ဝန်ဆောင်မှုပေးသူများအား ယှဉ်ပြိုင်မှုပြုစေခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မူဝါဒချမှတ်ထားပါသည်။ ယင်းမူဝါဒ၏အဓိကရည်မှန်းချက်များမှာ နိုင်ငံတော်၏ Teledensity အား ၂၀၁၅-၂၀၁၆ တွင် ၇၅ရာခိုင်နှုန်းမှ ၈၀ရာခိုင်နှုန်းသို့ မြှင့်တင်နိုင်ရန်၊ ဆက်သွယ်ရေးဝန်ဆောင်မှုများကို အများပြည်သူမှ သက်သာသည့်နှုန်းထားဖြင့်ရရှိနိုင်စေရန်နှင့် စိတ်ကြိုက်ရွေးချယ် အသုံးပြုနိုင်စေရန်တို့ဖြစ်ပါသည်။

ယင်းနှင့်စပ်လျဉ်းပြီး ၂၀၁၃ခုနှစ် ပထမနှစ်ဝက်အတွင်းတွင် ပြည်ထောင်စုအစိုးရသည် နိုင်ငံတစ်ဝန်းလုံး ဆက်သွယ်ရေးဝန်ဆောင်မှုရရှိစေမည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင် (၂)ခုအား ခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရမှ ဖွဲ့စည်းထားသည့် Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှနေ၍ ဆက်သွယ်ရေးဝန်ဆောင်မှုပေးနေသည့် Operator များထံသို့ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Expression of Interest -EOI) ပေးပို့ရန်အတွက် ဖိတ်ခေါ်အပ်ပါသည်။

ပထမအဆင့်အနေဖြင့် စိတ်ပါဝင်စားသည့်အဖွဲ့အစည်းများသည် စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာ (Expression of Interest -EOI)အား Telecommunication Operator **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ** အီးမေးလ်လိပ်စာ (mcit_tender@mcit.gov.mm) သို့မဟုတ် ရုံးအမှတ် ၃၂၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ လိပ်မူလျက် ၂၀၁၃ခုနှစ် ဇန်နဝါရီ ၂၅ရက် ညနေ ၃နာရီ (မြန်မာစံတော်ချိန်) အရောက်ပေးပို့ရမည်ဖြစ်ပါသည်။စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ(EOI) ပုံစံ၊ လမ်းညွှန်ချက်များနှင့် တခြားသက်ဆိုင်သည့် စာရွက်စာတမ်းများအား http://www.mcit.gov.mm/industries/tender.htm တွင် Download ပြုလုပ်ရယူနိုင်ပါသည်။

ဥက္ကဋ္ဌ
Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အားကစားသတင်း

ဆီးဂိမ်းပွဲတော်၌ Wi Fi အသုံးပြုခွင့်ပေးမည်

နေပြည်တော် ဇန်နဝါရီ ၁၄

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပချိန်တွင် မြန်မာနိုင်ငံ၌ Wi Fi သုံးစွဲနိုင်ရန် စီစဉ်လျက်ရှိသည်။ ထိုသို့ Wi Fi သုံးစွဲနိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းမှ ကုမ္ပဏီနှစ်ခုတို့ဖြင့် ပူးတွဲကာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြင်ဆင်နေပြီဖြစ်သည်။

"ဆီးဂိမ်းကျင်းပတဲ့အခါ ပြိုင်ပွဲဝင်နိုင်ငံတွေက လာရောက်ယှဉ်ပြိုင်ကြတဲ့ ကစားသမားတွေ၊ အသင်းအုပ်ချုပ်သူနဲ့ နည်းပြတွေ၊ လာရောက်ကြည့်ရှုအားပေးကြမယ့် ပရိသတ်တွေအတွက် အဓိကဦးစားပေးပြီး Wi Fi အခမဲ့သုံးစွဲနိုင်ဖို့ စီစဉ်ပေးမှာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ပေးတာဟာ အခြားနိုင်ငံတွေမှာကျင်းပတဲ့ အားကစားပြိုင်ပွဲတွေလို ဆက်သွယ်ရေးဝန်ဆောင်မှုကောင်းအောင် ပြုလုပ်ခြင်းဖြစ်ပါတယ်" ဟု ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

Wi Fi သုံးစွဲမှုကို ဆီးဂိမ်းပြိုင်ပွဲများကျင်းပမည့် နေပြည်တော်၊ ရန်ကုန်၊ ငွေဆောင်ကမ်းခြေနှင့် ပြိုင်ပွဲကျင်းပရာနေရာများ၊ အားကစားကွင်းများအပြင် အားကစားသမားများတည်းခိုနေထိုင်ရာနေရာများတွင်လည်း Wi Fi သုံးစွဲနိုင်ရန် စီစဉ်ပေးထားမည်ဖြစ်သည်။ ထိုသို့ Wi Fi သုံးစွဲနိုင်မှုကြောင့် ဆီးဂိမ်းပြိုင်ပွဲကျင်းပစဉ်ကာလအတွင်း ပြိုင်ပွဲဝင်နိုင်ငံများမှ အသင်းအုပ်ချုပ်သူ နည်းပြနှင့် အားကစားသမားများအပြင် မီဒီယာသမားများအနေဖြင့် မိမိတို့သက်ဆိုင်ရာနိုင်ငံများနှင့် ချိတ်ဆက်ပြောဆိုဆက်သွယ်မှုများနှင့် သတင်းဓာတ်ပုံပေးပို့မှုများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်မည်ဖြစ်ကြသည်။

နိုင်ငံတကာတွင် ဆက်သွယ်ရေးလုပ်ငန်းများ လျင်မြန်စွာတိုးတက်လျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း ဆက်သွယ်ရေးကွန်ရက်များ တိုးချဲ့တပ်ဆင်ခြင်းကို အလေးထားဆောင်ရွက်လျက်ရှိပြီး အင်တာနက်အသုံးပြုမှု လျင်မြန်စေရန်လည်း ကြိုးစားလုပ်ဆောင်နေသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ အင်တာနက်နှင့် မိုဘိုင်းဖုန်းသုံးစွဲသူ လေးသိန်းခန့်ရှိနေရာ ပြည်သူများပိုမိုသုံးစွဲနိုင်ရေး ကြိုးစားလျက်ရှိသည်။

" နိုင်ငံတကာမှာ နိုင်ငံတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရင် e-Government စနစ်နဲ့ On Line စနစ်အသုံးပြုနိုင်မှု၊ အင်တာနက်အသုံးပြုမှုစတဲ့ အချက်တွေနဲ့ တိုင်းတာနေတာမို့ မြန်မာနိုင်ငံမှာလည်း ပြည်သူတွေကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်အောင် ကြိုးစားနေခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမယ့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ Wi Fi အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးမှာဖြစ်ပါတယ် " ဟု ၎င်းကဆက်လက်ပြောကြားသည်။

(၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို အခြားနိုင်ငံများတွင် ကျင်းပခဲ့မှုနှင့်ပိုမိုကောင်းမွန်ပြည့်စုံသည့် အားကစားပြိုင်ပွဲကြီးအဖြစ် အဆင့်အတန်းမြင့်စွာကျင်းပနိုင်ရေးအတွက် ဖြည့်ဆည်းပေးသည့် အချက်တစ်ချက်ဖြစ်သည့် Wi Fi သုံးစွဲနိုင်မှုကို ဆောင်ရွက်ပေးရန်စီစဉ်နေခြင်းဖြစ်သည်။

(မြန်မာ့အလင်း)

သတင်းဆောင်းပါး

အာကာဟိန်း

ကျွမ်းဘားအားကစားနည်း ဒိုင်သင်တန်း ဒုတိယအကြိမ်ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၄

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်က ကြီးမှူး၍ကျွမ်းဘားအားကစားနည်း ဒိုင်သင်တန်း ဒုတိယအကြိမ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ကျင်းပရာ အရှေ့တောင်အာရှ ကျွမ်းဘားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ထိုင်းနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ ကျွမ်းဘားအားကစားနည်း ဒိုင်လက်မှတ်ရ သင်တန်းနည်းပြဆရာMr.Champon က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းသင်တန်းကို ဇန်နဝါရီ ၁၇ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြား ပို့ချသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၁၈ ရက် မှ ၂၀ ရက်အထိ ကျွမ်းဘားအားကစားနည်းပြသင်တန်းကို တစ်ဆက်တည်း ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

ဆက်သွယ်စာရင်းပေးနိုင်

အဆိုပါ နည်းပြ ဆရာသင်တန်းသို့ တက်ရောက်သင်ကြားလိုပါက တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ထိ ကစားဖူးသောမည်သည့်ကျွမ်းဘား အားကစားသမားမဆို တက်ရောက်ခွင့်ရှိပြီး တက်ရောက်သင်ကြားလိုသော ကျွမ်းဘားအားကစားသမားများအနေဖြင့် မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ် ဖုန်း -၅၄၂၅၀၉ ထံ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅-၁-၂၀၁၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၁၅	အဂ္ဂဇယမင်္ဂလာ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅	ကျန်းမာဖို့အတူကစားစို့
၇း၃၀	နံနက်ခင်းသတင်း
၇း၄၀	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၃၀	အန္တရာယ်ဆိုတာလက်တစ်ကမ်းမှာ
၈း၄၀	International News

ညပိုင်း

၄း၀၀	စစ်ချီတေး၊ စစ်သည်တေး
၄း၀၅	တေးဂီတအစီအစဉ်
၄း၃၀	ကြေးမုံရိပ်သွင်တေးနုယဉ်
၄း၄၅	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
၅း၁၀	သန့်စွာကိုင်လေစက္ကူငွေ
၆း၀၀	ညနေခင်းသတင်း
၇း၀၀	ပြည်တွင်းသတင်း
၈း၀၀	ပြည်တွင်းသတင်း
-	နိုင်ငံတကာသတင်းများ
-	မိုးလေဝသအခြေအနေ
-	ချိုမြိန်ရသာမုန့်ကမ္ဘာ
-	**ဇန်နဝါရီလမိုးလေဝသအခြေအနေနှင့် ဆောင်းရာသီဖြစ်စဉ်များ (၂၀၁၃)**
-	**အခမဲ့ကူလီထမ်းခြင်းအကျိုး** သျှားညို၊ ဇော်ဦး၊ ဦးကျော်ရှိန်၊ ချိုမာခိုင် (ဒါရိုက်တာ-အောင်မြင့်မြတ်)
၁၀း၀၀	ပြည်တွင်းသတင်း

ပြင်သစ်တိုက်စစ်မှူး ရေမိုင်အား နယူးကာဆယ်စာချုပ်မည်

ပြင်သစ်တိုက်စစ်မှူး လွိုက်စ်ရေမိုင်အား နယူးကာဆယ်က ပေါင်ရှစ်သန်းဖြင့် စာချုပ်ရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ၎င်းကလပ်က အတည်ပြုပြောကြားသည်။ အသက် ၂၆ နှစ်ရှိ တိုက်စစ်မှူး လွိုက်စ်ရေမိုင် **(အပေါ်ပုံ)**အား ပြင်သစ်ကလပ် မာဆေးမှ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်က လာမည့်သီတင်းပတ်အတွင်း အပြီးသတ်စာချုပ်ရန် မျှော်လင့်ထားသည်။ ယခုနှစ်ရာသီတွင် မာဆေးအတွက် ၁၄ ပွဲ ပါဝင်ကစားပေးထားကြောင်း သိရသည်။

အာဆင်နယ်ကစားသမားအာတီတာ ဒဏ်ရာရသဖြင့် သုံးပတ်နားမည်

အာဆင်နယ်နာမည်ကြီး ကွင်းလယ်ကစားသမား မီခေးလ်အာတီတာသည် ညို့သကျည်းထိခိုက်ဒဏ်ရာရရှိသွားသဖြင့် အများဆုံးသုံးပတ်ကြာအနားယူရမည်ဖြစ်ကြောင်း ၎င်းကလပ်က ကြေညာသည်။

ပြန်လည်ကစား

အသက် ၃၀ ရှိ အာတီတာသည် ယခုသီတင်းပတ်အတွင်း လေ့ကျင့်မှုပြုလုပ်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ၎င်း၏နေရာတွင် အဘိုးဒီယာဘိုင် ပြန်ကစားမည်ဖြစ်ကြောင်း အာစင်ဝင်းဂါးက ပြောကြားသည်။ ဒီယာဘိုင်သည် သုံးလကြာအနားယူပြီးနောက် ပြန်လည်ကစားခြင်းဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

အားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်

ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့သစ်၊ ကျန်စစ်သားရပ်ကွက်၊ အကွက်အမှတ်၉/သမုဒ္ဒရစ်၊ နွယ်နီလမ်း၊ ဦးပိုင်အမှတ် ၁၂၄၊ မြေကွက်အမှတ် ၁၂၃၊ ဧရိယာ ဝဒသမ၁၁၀ ဧကရှိ နှစ်(၃၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်တင်ခ၏ အမွေဆက်ခံခွင့်ရှိသူများထံမှ ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးအောင်ကျော်သက် ၈/ပခက(နိုင်)၁၈၅၁၃၅ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူဖြူသန့်	**ဒေါ်အေးမြမွန် (LL.B,LL.M)**
LL.B,D.B.L,D.L-101 WIPO(Switzerland)	**ဒေါ်လှိုင်ယဉ်မွန် (LL.B)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေများ**

PIONEER LAW FIRM

အမှတ် ၁၃၂/အေ၊ ဒုတိယထပ်၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၀၁၄၆၂၊ ၀၉-၄၉၃၄၀၁၇၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/B၊ မြေကွက်အမှတ် ၂၆၄၊ ဧရိယာ ၀ဒသမ၁၁၈ဧကရှိ နှစ်၃၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်း အမည်ပေါက်ပိုင်ဆိုင်ထားသူ ဒေါ်သန်းသန်းရီ(ခ)ဒေါ်ရီရီဝင်း ၁၂/ရတန(နိုင်)၀၁၃၃၆၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေနှင့်အိမ် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြလှဲ့ဝင်း (LL.B, D.B.L)
အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
ပုဇွန်တောင်မြို့နယ် တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်(၃)

ဦးထွန်းအောင်ချို	**နှင့်**	ဦးကြည်ဟန်ရီ(ခ)ချူစိန်ရီ
တရားလို		**တရားပြိုင်**

တရားပြိုင်(ယခင်နေရပ်လိပ်စာ) အမှတ် ၃၁၊ လိပ်ကန်လမ်း၊ ၇ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက သင့်အပေါ် မြေနှင့်အိမ် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ (၂၀၁၃ခုနှစ် ဇန်နဝါရီ ၂၄ရက်) (၁၃၇၄ခုနှစ် ပြာသိုလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမှု တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ထို့အပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများ အစရှိသည်တို့ကိုလည်း တစ်ပါတည်းယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပေးလိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

ခင်မြတ်မြတ်ထွန်း
ဒုတိယမြို့နယ်တရားသူကြီး(၁)
ပုဇွန်တောင်မြို့နယ်တရားရုံး

ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ကြောင်မျက်ရှင်လမ်းရှိ အမွေဆိုင်အိမ်များဖြစ်သည့် အမှတ် ၁၅ နှင့် ၁၈ အိမ်တို့နှင့်ပတ်သက်၍ ဦးမြင့်ငွေ (J/RGN 004567) နှင့် အများသိစေရန် သတိပေးကြေညာချက်

ဖော်ပြပါ မြေနှင့်အိမ်များသည် မိဘများ ဝယ်ယူပိုင်ဆိုင်ခဲ့သည့် အမွေဆိုင်မြေနှင့်အိမ်များဖြစ်ပြီး မည်သည့်သားသမီးကိုမျှ တရားဝင်စာချုပ်စာတမ်းဖြင့် ပေးအပ်ခဲ့ခြင်းမရှိပါ။ ယင်းအိမ်များနှင့်ပတ်သက်၍ ၁၉၉၄ခုနှစ်တွင် အမွေပုံစီမံခန့်ခွဲမှု စာချုပ်ပြုလုပ်ရန် ကျွန်တော် (ဦးမြင့်ရွှေ-သားအကြီးဆုံး)က အဆိုပြု၍ ဦးမြင့်ငွေနှင့် ညှိနှိုင်းရာလက်မခံဘဲ အသက်အန္တရာယ်ထိခိုက်ရန်အထိ ရန်မူသဖြင့် ထိုစဉ်မှစ၍ ဦးမြင့်ငွေနှင့် ကျွန်တော် အဆက်အဆံလုံးဝမရှိတော့ပါ။

ဖော်ပြပါ အိမ်များကို စီမံချက်အရ ၁၉၉၅ခုနှစ် ဧပြီလ၌ ဂရန်ထုတ်ပေးချိန်တွင် ကျွန်တော်အား အသိပေးခြင်းမရှိဘဲ အိမ်အမှတ် ၁၅ကို ဦးမြင့်ငွေ အမည်ဖြင့်လည်းကောင်း၊ အိမ်အမှတ် ၁၈ ကို ဒေါ်မြင့်မြင့်ရီ(ညီမအငယ်ဆုံး)အမည်ဖြင့်လည်းကောင်း၊ မသမာသောနည်းဖြင့် ထုတ်ယူထားခြင်းကို ၂၀၁၀ခုနှစ် မတ် ၁၁ ရက်တွင် ကျွန်တော်သိရပါသည်။ သို့ပါ၍ ယင်းအိမ်များနှင့်ပတ်သက်ပြီး ငှားရမ်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းလှူဒါန်းခြင်း၊ ဂရန်အမည်ပြောင်းခြင်း၊ မိတ္တူထုတ်ခြင်း၊ မြေပုံကူးခြင်း စသည်တို့ပြုလုပ်ပါက သဘောမတူ ကန့်ကွက်ကြောင်းကို ဌာနမှူး၊ မြေနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံ ၂၂-၁၀-၂၀၁၂ ရက်တွင် မိဘပိုင်အမွေဆိုင်အိမ်များဖြစ်ကြောင်း ခိုင်လုံသော အထောက်အထား ရှစ်ခုကို ပူးတွဲတင်ပြပြီး ကန့်ကွက်ထားပြီးဖြစ်ပါသည်။

ယင်းကန့်ကွက်ချက်ကို ဆန့်ကျင်ပြီး ဆောင်ရွက်ပါက ဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြင့်ရွှေ ၁၂/တမန(နိုင်)၀၂၈၁၅၇
အမှတ် ၅၅၅၊ တက္ကသိုလ်လမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်း

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ညောင်လေးပင်မြို့၊ ဒုတိယမြို့နယ်တရားသူကြီး(၁)ရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၃

ဒေါ်သီတာစိမ်း	**နှင့်**	၁။ ကိုရဲလင်းနိုင်
		၂။ ကိုရဲဝင်းနိုင်
		၃။ ဒေါ်တင်တင်ဝင်း
		၄။ ဒေါ်အေးကြိုင်
တရားလို		**တရားပြိုင်များ**

အုတ်တွင်းမြို့၊ တိုင်းဗဟို(၆) လေ့ကျင့်ရေးသင်တန်းကျောင်းနေ ဒေါ်အေးကြိုင်(ဘ) ဦးကြိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သီတာစိမ်းက စာချုပ်ကို ရေစစ္စတြီမှတ်ပုံတင်ပေးရန်နှင့် အိမ်နှင့် မြေလက်ရောက်ပေးအပ်စေလိုမှု ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ၂၀၁၃ခုနှစ် ဇန်နဝါရီ ၂၂ရက် (၁၃၇၄ခုနှစ် ပြာသိုလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးစည်သူဝင်း
ဒုတိယမြို့နယ်တရားသူကြီး(၁)
ညောင်လေးပင်မြို့နယ်တရားရုံး

ဘာစီလိုနာတို့နိုင်ပွဲရပြီး တန်းစီဇယားကို ဦးဆောင်ဆဲ

စပိန်လာလီဂါပွဲစဉ် (၁၉)ကို အောက်တိုဘာ ၁၃ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ တန်းစီဇယားထိပ်ဆုံးမှ ဘာစီလိုနာတို့ အဝေးကွင်း၌ နိုင်ပွဲရအောင်ကစားနိုင်ခဲ့ပြီး ရီးရဲဘက်တစ်တို့လည်း အိမ်ကွင်း၌ သုံးမှတ်အပြည့်ရယူခဲ့သဖြင့် ဘာစီလိုနာတို့ဖလားရယူရေးမှာ တဖြည်းဖြည်းနီးကပ်လာခဲ့ပြီဖြစ်သည်။

မာလာဂါနှင့် ဘာစီလိုနာ

ဘာစီလိုနာတို့ ပွဲအစကတည်းက အပေးအယူ အချိတ်အဆက်မှန်မှန်ဖြင့် ကစားခဲ့ပြီး မာလာဂါတို့အား ဖိကစားနိုင်ခဲ့သည်။ ဘာစီလိုနာအတွက် အဖွင့်ဂိုးကို ပွဲချိန် ၂၇ မိနစ်၌ မက်ဆီက သွင်းယူပေးနိုင်ခဲ့သည်။ ဆက်လက်ပြီး ဘာစီလိုနာတို့က ကစားကွက်အသာစီးဖြင့် ထိုးဖောက်ကစားနိုင်ခဲ့ရာ ပွဲချိန် မိနစ် ၅၀၌ ဖာဘရီဂတ်စ်က တစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ဘာစီလိုနာတို့ နှစ်ဂိုးရရှိခဲ့သည်။

ဆက်လက်ပြီး ပွဲချိန် ၅၂ မိနစ်၌ အယ်တန်ကာရာက တစ်ဂိုးသွင်းယူခဲ့ပြန်သဖြင့် ဘာစီလိုနာတို့ သုံးဂိုးရရှိခဲ့ရာ ပွဲချိန် ၈၉ မိနစ်ရောက်မှသာ မာလာဂါမှ ရန်ဒီက တစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ချေပဂိုး ရရှိခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ မာလာဂါတို့ ချေပဂိုး ထပ်မံမသွင်းနိုင်ခဲ့သဖြင့် ဘာစီလိုနာတို့က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး တန်းစီဇယားကိုဆက်လက်ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ရီးရဲဘက်တစ်နှင့် လီဗန်တေး

ရီးရဲဘက်တစ်တို့ အိမ်ကွင်း၌ အမာခံကစားသမားများ ထုတ်သုံးကစားခဲ့သဖြင့် ပွဲအစခုနစ်မိနစ်မှာပင် အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ ယင်းအဖွင့်ဂိုးကို ကမ့်ဘဲလ်က သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး လီဗန်တေးတို့ ချေပဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့သော်လည်း တိုက်စစ်မှူးများ အဆုံးသတ်မသေချာမှုကြောင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းပွဲချိန် ၆၃ မိနစ်၌ မာတင်က ရီးရဲဘက်တစ်အတွက် တစ်ဂိုးထပ်သွင်းယူခဲ့သဖြင့် စုစုပေါင်း နှစ်ဂိုးရရှိခဲ့သည်။ လီဗန်တေးတို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့သော်လည်း ဇက်ဟာ၊ ဆယ်လ်ဗာဒို၊ ဂါစီရာတို့ အဝါကတ်များထိခဲ့ပြီး ချေပဂိုးမသွင်းနိုင်သဖြင့် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ရီးရဲဆိုစီဒက်နှင့် ဒီပို့တီဗို

အဝေးကွင်း၌ ကစားရသော်လည်း ဒီပို့တီဗိုတို့ သရေပွဲဖြစ်အောင် ကစားနိုင်ခဲ့သည်။ ဒီပို့တီဗိုအတွက်ဂိုးကို ပွဲချိန် ၂၇ မိနစ်၌ ပီဇရီက သွင်းယူပေးနိုင်ခဲ့သည်။ အဖွင့်ဂိုးပေးလိုက်သဖြင့် အိမ်ရှင် ဆိုစီဒက်တို့ ချေပဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ ပွဲချိန် ၄၅ မိနစ်၌ ဗီလာက ချေပဂိုး သွင်းယူနိုင်ခဲ့သဖြင့် ပထမပိုင်းပွဲချိန် အပြီး တစ်ဂိုးစီသရေပွဲဖြစ်နေခဲ့သည်။

ဒီပို့တီဗိုတို့ အနိုင်ဂိုးများသွင်းယူနိုင်ရေးကြိုးစားခဲ့ရာ ဆန္ဒစောမှု၊ အဝင်အထွက်ကြမ်းမှုတို့ကြောင့် ပွဲချိန် ၆၄ မိနစ်၌ အီဗာဒို နှစ်ဝါတစ်နီဖြင့် ထွက်ခဲ့ရသည်။ ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး ဂိုးထပ်မံမသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။

အက်သလက်တီကိုနှင့် ဇာရာဂိုဇာ

အက်သလက်တီကိုတို့ အိမ်ကွင်း၌ နိုင်ပွဲရအောင် ကစားနိုင်ခဲ့ပြီး ပထမပိုင်းပွဲချိန်အတွင်း ဂိုးများရအောင်သွင်းယူနိုင်ခဲ့သည်။ အက်သလက်တီကိုတို့ ကစားကွက်ထိန်းချုပ်ပြီး ဖိကစားနိုင်ရေး ကြိုးပမ်းခဲ့သော်လည်း ဇာရာဂိုဇာတို့ကအပေးအယူမှန်မှန်ဖြင့် တုံ့ပြန်ကစားခဲ့မှုကြောင့် ပွဲအစပိုင်း၌ ဂိုးသွင်းနိုင်ခြင်းမရှိခဲ့ချေ။ သို့သော် ပွဲချိန် ၃၁ မိနစ်၌ တီရာဂိုက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သဖြင့် အက်သလက်တီကိုတို့ တစ်ဂိုးရရှိခဲ့သည်။ ဒုတိယဂိုးကို ပွဲချိန် ၃၈ မိနစ်၌ ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် ဖယ်လ်ကာအိုက သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ဇာရာဂိုဇာတို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့သော်လည်း ပါရီဒက်၊ မာရီနှင့် နာရှုတို့သာ အဝါကတ်များထိခဲ့ပြီး နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဇာရာဂိုဇာတို့ ယခုပွဲရှုံးခဲ့သဖြင့် ၁၉ ပွဲကစား၊ ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ၁၁ ပွဲရှုံးဖြင့် တန်းစီဇယားတွင် အဆင့် ၁၃၌ ရပ်တည်နေသည်။

မောင်မောင်မြင့်ဆွေ - ရေးသားသည်

အားကစားသတင်း အတိုအထွာ

❑ ဘာစီလိုနာနည်းပြဟောင်း ဂွာဒီယိုလာသည် လာမည့်နွေရာသီတွင် ပရီမီယာလိဂ် ထိပ်တန်းကလပ်များဖြစ်သော မန်ယူ၊ မန်စီးတီးနှင့် ချယ်လ်ဆီးတို့အနက် အသင်းတစ်သင်းကို ကိုင်တွယ်မည်ဟု မီဒီယာများက ဖော်ပြသည်။

❑ စပါးအသင်းသည် ဂျာမနီကွင်းလယ်ကစားသမား ၂၂ နှစ် အရွယ်ရှိ ဟိုလ်ဘီအား လာမည့်နွေရာသီ၌ ကုန်ဆုံးမည့်စာချုပ်ကို သက်တမ်းတိုးပြီး စာချုပ်သစ်ချုပ်ဆိုမည်ဖြစ်သည်။

❑ ဘာစီလိုနာအသင်းတွင်ကစားနေသော အာဆင်နယ်ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်သည် တစ်ချိန်ချိန်တွင် အာဆင်နယ်သို့ ပြန်လည်ရောက်ရှိလာမည်ဟု နည်းပြအာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားသည်။

❑ စတုတ်ကို လေးဂိုးပြတ်နိုင်ခဲ့သည့် ချယ်လ်ဆီးအသင်း၏ စွမ်းဆောင်ရည်မှာ အထင်ကြီးစရာမရှိကြောင်း နည်းပြဘင်နီတက်ဇ်အား စတုတ်ပရိသတ်များက လှောင်ပြောင်ပြောကြားခဲ့သည်။

❑ ဝုလ်ဗာအသင်းနည်းပြသစ် ဒိန်းဆန်ဒါးစ်က ကစားသမားများ၏ အနေအထိုင်အစားအသောက်ကို စည်းကမ်းတကျဖြစ်အောင် ထိန်းသိမ်းမည်ဟု သတိပေးလိုက်သည်။

❑ ဘရာဇီးကလပ် ဆန်တို့စ်အသင်းမှ တိုက်စစ်မှူး အသက် ၂၀ အရွယ်ရှိ နေမာသည် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

❑ အိုဆာစူနာအသင်းမှ အသက် ၂၅ နှစ်အရွယ် တိုက်စစ်မှူးလာမက်အား ဆွမ်ဆီးက ပြောင်းရွှေ့ကြေးပေါင် ၂ သန်းဖြင့် ခေါ်ယူစာချုပ်တော့မည်ဖြစ်သည်။

❑ ဆဲလ်တစ်အသင်းတိုက်စစ်မှူး အသက် ၂၄ နှစ်အရွယ်ရှိ ဟောပါအား နော့ဝှစ်အသင်းကခေါ်ယူရန် စောင့်ကြည့်လေ့လာလျက်ရှိသည်။

❑ ဘယ်လ်ဂျီယံမှ အသက် ၁၈ နှစ်အရွယ် နောက်ခံကစားသမား မာလန်ဒါအား ဖူလ်ဟမ်နည်းပြမာတင်ဂျိုးက ပြောင်းရွှေ့ကြေးပေါင် ၃ သန်းပေး၍ ခေါ်ယူတော့မည်ဖြစ်သည်။

❑ လုပ်ခလစာများပေးချေရမှု အခက်အခဲများနှင့်ရင်ဆိုင်နေရသော ဝုလ်ဗာအသင်းသည် အဓိကကစားသမား ၄၀ မှ ၂၅ ဦးအထိသာထားရှိလျှော့ချတော့မည်ဖြစ်ကြောင်း ဝုလ်ဗာနည်းပြ ဆောင်းဒါးစ်က ပြောကြားသည်။

❑ ဘလက်ဘန်းကွင်းလယ်ကစားသမား ဒန်နီမာဖီက အသင်းမှထွက်ခွာရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားသည်။

❑ ပရီမီယာလိဂ်ပွဲစဉ်များတွင် ဂိုးသွင်းမှုဆုံးဖြတ်ချက်များကို ဗီဒီယိုပြကွက်များဖြင့်အတည်ပြုဆုံးဖြတ်သင့်ကြောင်း ကွင်းလယ်ဒိုင်လူကြီး ဂရေဟမ်ပူးလ်က ပြောကြားသည်။

မောင်ချစ်ကြည် - စုစည်းသည်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်ချ နည်းဥပဒေ-၂၀)

ရွှေတောင်မြို့နယ်တရားရုံးတော်၌

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၁၁၅

ကိုအောင်အောင်(ဘ)ဦးချစ်စိန် လေသာကျောင်းလမ်း၊ ကြာနီကန်ရပ်ကွက်၊ရွှေတောင်မြို့။	နှင့်	၁။ ကိုနိုင်နိုင်ဦး(ဘ)ဦးမောင်ဝင်း ၂။ မတင်နီလာဝင်း(ဘ)ဦးသန်းငွေး (အတူနေလင်မယား) ကူကြီးလမ်း၊ ကြာနီကန်ရပ်ကွက်၊ ရွှေတောင်မြို့။
တရားလို		**တရားပြိုင်များ**

ဒေါ်တင်နီလာဝင်း ကူကြီးလမ်း၊ကြာနီကန်ရပ်ကွက်၊ရွှေတောင်မြို့ (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးယူထားသောငွေမှ ကျန်ငွေ ၁၁၆၀၀၀၀/-ကျပ် ရလိုမှုစွဲဆိုလျှောက်ထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်း၏ရှေ့နေဖြစ်စေ ၂၀၁၃ခုနှစ် ဇန်နဝါရီ ၂၁ ရက် (၁၃၇၄ခုနှစ် ပြာသိုလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသော စာရွက်စာတမ်းနှင့် သင့်ဘက်ကတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်ခင် လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပွင့်ဖြိုးလင်း)
ဒုတိယမြို့နယ်တရားသူကြီး
ရွှေတောင်မြို့

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အေးသာယာလမ်း၊ အမှတ် ၃/ဃ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၃၄/စီ)၊ မြေကွက်အမှတ် (၈ဒီ/၂အေ-၁နှင့် ၈ဒီ/၂ဘီ-၁)၊ မြေဧရိယာ ၀ ဒသမ ၂၅၀၈ဧကရှိ မြေပိုင်မြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မြသန်း တစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင်ပါသည်။ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြသန်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၈၂၈/၈၉ အရ ဦးမြင့်ဆွေနှင့် ဒေါ်ကျင်လှမှ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ပူးတွဲပိုင်ဆိုင်သူ ဦးမြင့်ဆွေ ကွယ်လွန်သွားသဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၂၆၈၄/၂၀၀၇ အရ ဒေါ်ကျင်လှ တစ်ဦးတည်း အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်ကျင်လှ၏ အမွေစားအမွေခံမွေးစားစာချုပ်အမှတ် ၄၅၀၉/၂၀၀၅ အရ မွေးစားသမီးဖြစ်သူ ဒေါ်မြဝင်းမှ ဒေါ်ကျင်လှ ကွယ်လွန်သွားသည့်အတွက် ၄င်းအမွေဆက်ခံပိုင်ဆိုင်သည့် မြေကွက်နှင့် အဆောက်အအုံအား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ LL.B	**ဒေါ်လှလှခိုင် LL.B**
တရားလွှတ်တော်ရှေ့နေ(၄၃၇၃)	**တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**

အမှတ် ၉/၁၁၊ အခန်းအမှတ်(၂၀၁ A)၊ (ဒုတိယထပ်)၊
၃၆ လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

(၅-၁-၂၀၁၃)မြန်မာသံတော်ဆင့်ဂျာနယ်အတွဲ(၁)၊ အမှတ်၄၃၏ စာမျက်နှာ ၁၄ပါ "ကျောက်မြောင်းရပ် လူငယ်စာဖတ်အသင်းနေရာ ပြန်လည်ရရှိရန် ဆောင်ရွက်မည်" ခေါင်းစဉ်ပါ ဓာတ်ပုံနှင့် အကြောင်းအရာဖော်ပြချက်များနှင့် စပ်လျဉ်း၍ မြန်မာသံတော်ဆင့် ဂျာနယ်တာဝန်ခံ တာဝန်ရှိသူများ၊ သတင်းရေးသူ နွေးနွေး၊ သတင်းပေးသူ ဦးမောင်မောင်စိုး၊ ဦးနေလင်းတို့နှင့် သက်ဆိုင်သူများသိစေရန်

သတိပေးပြန်လည်ရှင်းလင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးတင်လှ၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးရှင်းလင်းကြေညာအပ်ပါသည်။ မြန်မာသံတော်ဆင့်ဂျာနယ်မှ ကျွန်ုပ်မိတ်ဆွေပိုင် မြေကွက်ပေါ်ရှိ ဓာတ်ပုံဖြင့် ဖော်ပြလျက်ရေးသားခဲ့သော မြေနေရာ၏ အကျိုးခံစားခွင့်အရပ်ရပ်ပါ စကားရပ်များမမှန်ကန်ပါ။ မူလမြေအမည်ပေါက်၏ ဆက်ခံသူထံမှ ဦးတင်လှက တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် မြေကွက်အမှတ် (၃၉)မပါဝင်ဘဲ အထူးဂရန်ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားခဲ့ခြင်းဖြစ်ပါသည်။ အထူးဂရန် လျှောက်ထားရယူသည့်အချိန်ကလည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနမှ အဆိုပါ အထူးဂရန်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန် ရှိ/မရှိ သတင်းစာတွင် ထည့်သွင်းကြေညာခဲ့ရာတွင် တစ်စုံတစ်ယောက်မျှ ကန့်ကွက်ခဲ့ခြင်းမရှိသည့်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ကျွန်ုပ်၏ မိတ်ဆွေအမည်ပေါက်ဖြင့် အထူးဂရန်ထုတ်ပေးခဲ့ခြင်း ဖြစ်ပါသည်။

လူကြီးမင်းတို့၏ **မြန်မာသံတော်ဆင့်ဂျာနယ်တွင် မြေကွက်တစ်ကွက်ကို လူတစ်စု၊ အာဏာပိုင်တစ်ခုအဆင့်ဆင့် အာဏာပိုင်များပါဝင်ပြီး ပုဂ္ဂလိကပိုင်ဖြစ်အောင်လုပ်သွားကြောင်း** ဦးမောင်မောင်စိုးနှင့် ဦးနေလင်းတို့က ပြောသည့်အတွက် ဂျာနယ်၌ ထည့်သွင်းဖော်ပြခဲ့ခြင်းသည် ကျွန်ုပ်အမှုသည်၏ ဂုဏ်သိက္ခာနှင့် စီးပွားရေးလုပ်ငန်းကိုများစွာ ထိခိုက်နစ်နာမှုဖြစ်ပေါ်စေခဲ့ပါသည်။ ထို့အပြင် သက်ဆိုင်ရာတရားရုံးတော်တွင် တရားမအမှုအခင်းများ ဖြစ်ပွားနေကြောင်း သိရှိပါလျက် ပိုင်ဆိုင်မှုများအပေါ် ထင်ယောင်ထင်မှားဖြစ်အောင် ဂျာနယ်၌ ဖော်ပြခဲ့ခြင်းသည် တရားရုံးတော်အား မထီမဲ့မြင်ပြု၍ ဖော်ပြခဲ့ရာရောက်ပါသည်။

ထို့ကြောင့် အဆိုပါဂျာနယ်တွင် ဖော်ပြခဲ့သော အကြောင်းအရာများနှင့် စပ်လျဉ်း၍ ကျွန်ုပ်၏မိတ်ဆွေ ကျေနပ်သည်အထိ ပြန်လည်ရှင်းလင်းပေးရန်နှင့် ဤသို့ အခြေအမြစ်မရှိသော အကြောင်းအရာများဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးတင်လှအမည်ပေါက်ပိုင် မြေကွက်အမှတ် ၄၃နှင့် စပ်လျဉ်း၍ မမှန်မကန်ဖော်ပြမှုအား မည်သူကိုမဆို ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေးရှင်းလင်းကြေညာအပ်ပါသည်။

ဦးတင်လှ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဖြူ (သုံးခွ)	**ဦးငွေလရောင်**
တရားလွှတ်တော်ရှေ့နေ-၃၅၂၃	**ဥပဒေအကျိုးဆောင်-၂၆၇၉၃**

အမှတ် ၂၉၂၊ ဗညားဒလလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
ဖုန်း-၀၉-၅၁၂၆၇၂၂၊ ၀၉-၇၃၁၇၀၁၂၆

အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃ ပုပ္ပားလမ်း၊ ၊ မြေကွက်အမှတ် (၁၀၇၆)ဟုခေါ်တွင်သော အလျားပေ၆၀×အနံပေ ၂၀ရှိ မြေကွက်(ပေ ၆၀×ပေ၂၀ဟုဆိုရာတွင် မြေကွက်အမှတ် ၁၀၇၅နှင့် ကပ်လျက်ရှိသည့် ၁၀၇၆၏ ပေ ၆၀×ပေ၂၀ အတွက်သာ) ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်လက်ရှိဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိသော ပိုင်ရှင်ဖြစ်သူ ဒေါ်အေးအေးနွယ် ၁၂/အစန(နိုင်)၁၃၄၆၆၄ အမှတ် ၄၂၉၊ ပီမိုးနင်းလမ်း၊ (၄၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီးထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ပေးစာချုပ်ချုပ်ဆိုပြီးဖြစ်သည့်ပြင် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ဒေါ်အေးအေးနွယ်ထံမှ ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ယင်းမြေနှင့်စပ်ဆိုင်သော ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထား(မူရင်း)များ ယူဆောင်ပြီး ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်ဝင်း B.C.S,H.G.P, R.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၉၇၀)
အမှတ် ၁၀၀၊ အောက်မင်္ဂလာဒုံလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ဖုန်း-၆၄၃၉၄၄၊ ၀၉-၇၃၀၁၆၆၈၁

ဒဂုံမြို့သစ်
(အရှေ့ပိုင်း)
မြေကွက်များအထူး
ရောင်းဝယ်ပေးသည်။
09-5180139
09-8645758
09-5068887

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တရားဝင်ကုန်သွယ်ရန် ပညာပေးဆောင်ရွက်

တာချီလိတ် ဇန်နဝါရီ ၁၄

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးနှင့် စားသုံးသူကာကွယ်ရေး (Mobile Team) အစီအစဉ်ကို တာချီလိတ်ခရိုင်အတွင်း ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ ပညာပေးကာလအဖြစ် စီမံဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကုန်သည်ကြီးများအသင်းနှင့် သတင်းမီဒီယာများပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မယ်ယန်းစစ်ဆေးရေးဂိတ်တွင် တာချီလိတ်မြို့မှ ကျိုင်းတုံနှင့် တောင်ကြီးမြို့များသို့ ထွက်ခွာ၊ ဝင်ရောက်လာသည့် မော်တော်ယာဉ်များအတွင်း တရားမဝင် ကုန်ပစ္စည်းများ သယ်ဆောင်မှုမရှိစေရေးအတွက် စစ်ဆေးကြပြီး **(အပေါ်ယာပုံ)** ကုန်သည်များနှင့် ယာဉ်မောင်းများကို နိုင်ငံတော်မှ ဖြေလျှော့ပေးထားသော ကုန်သွယ်မှုစနစ်များနှင့် အခွန်အခနှုန်းများ၊ တရားမဝင်

ကုန်သွယ်မှုမှသည် နိုင်ငံတော်နှင့်တကွ ပြည်သူများအတွက်ပါ အကျိုးပြုမည့် တရားဝင်ကုန်သွယ်မှုများကို ဆောင်ရွက်ရေး၊ စားသုံးသူများအတွက် အန္တရာယ်ကင်းဝေးပြီး အရည်အသွေး ပြည့်ဝသော ကုန်ပစ္စည်းများကို တင်သွင်းရေးတို့အတွက် ပညာပေးပြောကြားကြသည်။

တာချီလိတ်ခရိုင်အတွင်း တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးနှင့် စားသုံးသူကာကွယ်ရေး (Mobile Team) အစီအစဉ်ကို ပညာပေးကာလအဖြစ် ဆောင်ရွက်စဉ်အတွင်း ဇန်နဝါရီ ၃ ရက်က တရုတ်နိုင်ငံမှ တင်သွင်းလာသော ကြက်ဥ အလုံး ၁၂၀၀၀ ကို စစ်ဆေးတွေ့ရှိရာ ဒေသအတွင်းမွေးမြူရေးလုပ်ငန်းများ မြောက်မြားစွာရှိပါလျက် ပြည်ပမှတင်သွင်းလာခြင်းအပေါ် သံသယရှိကာ အဆိုပါ ကြက်ဥများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ပေးပို့ပြီး စစ်ဆေးခဲ့ရာ သက်ဆိုင်ရာမှ စားသုံးရန်မသင့်လျော်ကြောင်း အကြောင်းပြန်ခဲ့သည့်အတွက် အဆိုပါ ကြက်ဥများကို မီးရှို့ ဖျက်ဆီးခဲ့ရကြောင်း သိရှိရသည်။ **မောင်ယဉ်ကျေး (တာချီလိတ်)**

မြန်မြန်ပြင် မြန်မြန်ပို့ မြန်မြန်ဝင်ငွေရနိုင်သည့် မြန်မာ့မီးရထား

ဤပုံပါ အထက်တန်းရထားတွဲတစ်တွဲသည် ဒီဇင်ဘာ ၂၄ ရက်က ၁၃၂ အစုန်လူစီးရထားတွဲဆိုင်း လမ်းချော်သဖြင့် ကျောက်မဲဘူတာတွင် ဖြုတ်ထားသည်မှာ စာရေးသူ သတင်းရေးသားနေချိန်အထိ ၁၄ ရက်ခန့် ရှိခဲ့ပြီဖြစ်သည်။ ထိုနေ့က ယင်းအထက်တန်းပေါ်တွင် နိုင်ငံခြားသား ခရီးသည် အများအပြား စီးနင်းလိုက်ပါခဲ့ကြောင်းသိရှိရသည်။ ချွတ်ယွင်းသောတွဲမှ ခရီးသည်များကို အခြားတွဲများပေါ်သို့ ပြောင်းလဲစီးနင်းစေခဲ့ရာတွင် အချို့နိုင်ငံခြားသားခရီးသည်များက အဆိုပါရထားကို ဆက်လက်စီးနင်းလိုစိတ်မရှိသဖြင့် စာရေးသူကိုယ်တိုင် ကားငှားပေးလိုက်ရပြီး ပြင်ဦးလွင်မြို့သို့ ဆက်လက်ထွက်ခွာသွားခဲ့ကြသည်။ ယင်းတွဲဆိုင်း ချွတ်ယွင်းမှုကြောင့် ငါးကြိမ်ခန့် လမ်းချော်ခဲ့ဖူးကြောင်း တာဝန်ရှိ ရထားဝန်ထမ်းတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။

ယင်းတွဲကို ဒီဇင်ဘာ ၃၁ ရက်က လားရှိုး-ပြင်ဦးလွင် ၂၆၀ အစုန်ကုန်ရထားဖြင့် ဆက်လက်ချိတ်ဆက်ရာ ကျောက်မဲ ဘူတာအထွက်တွင် ထပ်မံလမ်းချော်သဖြင့် ပြန်လည်ဖြုတ်ထားခဲ့ရသည်။ **(အောက်ပုံ)** ယခုအခါ မည်သည့်နှစ်များနှင့်မတူအောင် ကျောက်မဲ၊ သီပေါ၊ လားရှိုးမြို့များသို့ နိုင်ငံခြားသားခရီးသည် အများအပြား ရထားဖြင့် စီးနင်း၍ ခရီးသွားလာကြသည်ကို တွေ့ရှိရသည်။ ပြည်တွင်းနှင့် ပြည်ပခရီးသည် ဝင်ငွေရရှိသော ထိုအထက်တန်းတွဲဆိုင်း မည်သည့် အတွက်ကြောင့် မကြာခဏ ပျက်နေရပါသနည်း။ မည်မျှအထိ မီးရထားဝင်ငွေကျဆင်းစေနိုင်ပါသနည်း။ "ပျက်အစဉ် ပြင်ခဏ" ဆိုသည့် မြန်မာ့ဆိုရိုးစကားအတိုင်း အမြန်ဆုံးပြုပြင်၊ အမြန်ဆုံး ပြေးဆွဲနိုင်မှသာ အမြန်ဆုံးဝင်ငွေရရှိစေနိုင်မည် ဖြစ်သည်။ မြန်မာ့မီးရထားမှ သက်ဆိုင်ရာ တာဝန်ရှိသူ အဆင့်ဆင့်ကို တင်ပြတောင်းခံ၍ ပြုပြင်နေရသော လုပ်ရပ်မျိုးမဖြစ်စေဘဲ ဝန်ထမ်းတိုင်း တာဝန်ယူလိုစိတ်အပြည့်ဖြင့် ကြိုးစားကြမည်ဆိုလျှင် အတိုင်းထက်အလွန် ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

(ကိုကိုကျောက်မဲ)

နိပွန်ဖောင်ဒေးရှင်းမှ ဆန်အိတ်များ လှူဒါန်း

တောင်ကြီး ဇန်နဝါရီ ၁၄

ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းက ရှမ်းပြည်နယ်အတွင်းရှိ ငြိမ်းချမ်းရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် ပအိုးဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO) အား လူသားချင်းစာနာထောက်ထားမှုဖြင့် ဆန်အိတ် ၁၂၀၀ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၁ နာရီက တောင်ကြီးဟိုတယ်၌ ကျင်းပသည်။

အဆိုပါဆန်အိတ်များ လှူဒါန်းပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပအိုးဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO) မှ ဦးခွန်သူရိန်နှင့် တာဝန်ရှိသူများ၊ နိပွန်ဖောင်ဒေးရှင်းမှ စီမံကိန်းဒါရိုက်တာနှင့် NGO၊ INGO အဖွဲ့ဝင် များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြန်လည်ပြောကြား

အခမ်းအနားတွင် ရှမ်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး၊ နိပွန်ဖောင်ဒေးရှင်းမှ စီမံကိန်းဒါရိုက်တာတို့က ပေးအပ်လှူဒါန်းမှုအတွက် ရှင်းလင်းပြောကြားပြီး(PNLO) မှ ဦးခွန်သူရိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဆန်အိတ်များ ပေးအပ်လှူဒါန်းရာ ဦးခွန်သူရိန်က လက်ခံယူပြီးနောက် ဆန်အိတ်များ တင်ဆောင်ထားသည့် ယာဉ်များသည် မောက်မယ်၊ ကဒူးကြီး ဒေသသို့ ဆက်လက်ထွက်ခွာသွားကြောင်းနှင့် အဆိုပါ ဆန်အိတ်များကို ဒေသခံပြည်သူများအား ပြန်လည်ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ထွန်း(တောင်ကြီး)

မိုးကောင်း၌ ပညာရေးစုံညီပွဲတော် ကျင်းပ

မိုးကောင်း ဇန်နဝါရီ ၁၄

ကချင်ပြည်နယ် မိုးကောင်းမြို့ မြို့ဦးရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်း၌ကျင်းပရာ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးမင်းဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်အေးနှင့် ကျောင်းအုပ်ဆရာကြီး ဦးရဲနိုင်တို့က အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဝ၆၂)

သက်ကြီးပူဇော်ပွဲနှင့်ပညာထူးချွန် ဂုဏ်ပြုပွဲ နတ်မောက်၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

နတ်မောက်နွယ်ဖွား သံဃာတော်များနှင့် သက်ကြီးနာယကများ ပူဇော်ကန်တော့ပွဲ၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်နှင့် ပညာထူးချွန် သားသမီးများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက်က ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ သာဓုပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

ဆုများချီးမြှင့်

နံနက်ပိုင်းတွင် အလုပ်အမှုဆောင်အဖွဲ့က သံဃာတော်များအား ဆွမ်းဆက်ကပ်၍ သက်ကြီး နာယကများအား ကန်တော့ကြပြီး ပညာထူးချွန်သားသမီးများကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

(နွဲ့-သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၁-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၁၅-၁-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာတို့တွင် ဖော်ပြပါရှိသော (PGDMA) သင်တန်းသားခေါ်ခြင်းကြော်ငြာတွင် ရက်စွဲ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ(-)ရက်အစား ရက်စွဲ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီ(-)ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်အောင်မြတ်သူ ၁၂/တမန(နိုင်)၁၀၅၉၄၁သည် မိဘတို့၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ၎င်း၏ဆန္ဒအတိုင်း ဆောင်ရွက်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဇော်လင်းမောင်
ဒေါ်နုနုဝင်း

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ရေတာရှည်လမ်းဟောင်းနေ ကျွန်တော် ကျွန်မတို့၏သမီးဖြစ်သူ မလှလှမိုး ၁၂/ဗဟန(နိုင်)၀၉၁၆၆၀သည် မိဘများနှင့် မိသားစုများအပေါ် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ခွင့်မလွှတ်နိုင်သောအမှားကို ကျူးလွန်ကာ ၈-၁-၂၀၁၃ရက်မှစ၍ ၎င်း၏ဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပြီးဖြစ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီးဖြစ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးဆန်းဝင်း ၁၄/ဖပန(နိုင်)၀၄၀၀၆၅
ဒေါ်အေးအေးစိုး ၁၄/ဖပန(နိုင်)၀၄၀၀၆၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၇)၊ မြေကွက်တည်နေရာ အမှတ်(၄၁)၊ မင်းနန္ဒာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ၁။ ဦးမြဝင်း ၂။ ဦးစံထွန်း အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ညီဖြစ်သူ ဦးမြဝင်း(လူပျိုကြီးဘဝ)ဖြင့် ကွယ်လွန်သဖြင့် အစ်ကိုဖြစ်သူ ဦးစံထွန်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ ၁၉၄၂၈/၁၂ ရရှိသူ ဦးဇော်မြင့် ၁၂/လကန(နိုင်)၀၃၀၉၈၆ ကသေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အလိမ္မာ စာမှာရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ သမိုင်းဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ

သိမှတ်ဖွယ်ရာ သမိုင်းဘာသာ

၂၀၁၃-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် သမိုင်းဘာသာရပ် သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်း သင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းမှာ နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကိုကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကို လေ့လာဖို့ လိုပါတယ်။

ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများ ကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့ အမျိုးသားစိတ်ဓာတ် မကြာမီ ပြန်လည်နိုးကြားလာတဲ့အပိုင်းကို လေ့လာတဲ့အခါ ဝိုင်အမ်ဘီအေ ဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေ ဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ်အပိုင်းအခြားဖြင့်လည်း လေ့လာသင့်တယ်။ ၁၉၀၆ မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ် နိုးကြားလာခြင်းဆိုပြီး မေးရင်လည်း ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိဖို့လိုအပ်တယ်။ သမိုင်းဘာသာရပ်မှာ ခုနှစ်သက္ကရာဇ်တိုင်း သိရှိဖို့မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်၊ သက္ကရာဇ်တွေကို သိရမှာဖြစ်တယ်။ ၁၉၂၀ ပြည်မြို့မှာကျင်းပတဲ့ ဝိုင်အမ်ဘီအေညီလာခံအပြီးမှာ ဝိုင်အမ်ဘီအေဟာ နိုင်ငံရေးကို ဆောင်ရွက်ခြင်းမပြုတော့တာ တွေ့ရတယ်။ ဝိုင်အမ်ဘီအေရဲ့နေရာမှာ နိုင်ငံရေးဆောင်ရွက်မည့် အသင်းကြီးတစ်သင်းထွက်ပေါ်လာတယ်။ အဲဒါက ဂျီစီဘီအေဖြစ်တယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံအမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့အဖွဲ့အစည်းမှာ ဂျီစီဘီအေ ခေါ် မြန်မာ့အသင်းချုပ်ကြီးဖြစ်တယ်။ ဂျီစီဘီအေအသင်းကြီးဟာ ၁၉၃၀မှာ အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားတယ်။ အဲဒီကာလ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ မြန်မာအမျိုးသမီးများ၏ ကုမ္မာရီအသင်းသည်လည်း တစ်တပ်တစ်အား ပါဝင်ခဲ့ကြတယ်။

ဂျီစီဘီအေအစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားလို့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အသင်းကြီးတစ်သင်း ပေါ်ပေါက်ဖို့ ပြည်သူတို့မျှော်လင့်နေချိန်မှာ ပေါ်ပေါက်လာတဲ့အသင်းဟာ တို့ဗမာအစည်းအရုံးဖြစ်တယ်။ တို့ဗမာအစည်းအရုံးကို ၁၉၃၀ မေ ၃၀ မှာ စတင်ဖွဲ့စည်းတာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းမှာ "တို့ဗမာအစည်းအရုံး"ရဲ့ အခန်းကဏ္ဍမှာလည်း အရေးပါတယ်။ တို့ဗမာအစည်းအရုံးရဲ့ ကာလအပိုင်းအခြားဟာ ၁၉၃၀ မှ ၁၉၄၁ အထိ ဖြစ်တယ်ဆိုတာလည်း သိထားသင့်တယ်။

၁၉၃၀ ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကို လက်နက်စွဲကိုင်တော်လှန်ခဲ့ခြင်းဖြစ်တယ်။ တောင်သူလယ်သမားအရေးတော်ပုံမှာ အရေးတော်ပုံမတိုင်မီ လယ်သမားတို့အခြေအနေ၊ လယ်သမားအရေးတော်ပုံပေါ်ပေါက်လာရခြင်းတို့ကို သီးခြားလေ့လာလို့ရတယ်။ တို့ဗမာအစည်းအရုံးကာလအတွင်းမှာပဲ ခွဲရေးတွဲရေးပြဿနာ ပေါ်ပေါက်လာပြန်တယ်။ ခွဲရေး တွဲရေးပြဿနာဟာ အင်္ဂလိပ်တို့ရဲ့ သွေးခွဲရေးစီမံချက်တစ်ခုဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့် ခရစ်နှစ် ၁၉၃၈ ဟာ ထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ ပြည့်အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့ နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံဖြစ်ပွားတဲ့ကာလဟာ ခရစ်သက္ကရာဇ်အားဖြင့် ၁၉၃၈-၁၉၃၉ ကာလဖြစ်တယ်ဆိုတာကိုလည်း သိထားရမှာဖြစ်တယ်။

ဒီကာလမှာ ဥရောပမှာ ဒုတိယကမ္ဘာစစ်ကြီးစတင်ရန် နီးကပ်လာတဲ့အချိန်ဖြစ်တယ်။ အာရှမှာလည်း ဖက်ဆစ်ဂျပန်တို့ရဲ့ ခြိမ်းခြောက်မှုဟာ ပိုမိုများပြားနေတဲ့အချိန်ဖြစ်လို့ မြန်မာတို့က အင်္ဂလိပ်အခက်-ဗမာ့အချက်မူဖြင့် လွတ်လပ်ရေးရရန် ပိုမိုဆောင်ရွက်လာရာမှ ဗမာ့ထွက်ရပ်ဂိုဏ်းဆိုတာ ပေါ်ပေါက်လာတယ်ဆိုတာ သိထားရမှာဖြစ်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၄၀-၁၉၄၅ အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလအတွင်း အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခြင်းကိုလည်း ထပ်မံပိုင်းခြား လေ့လာလို့ရတယ်။ ဥပမာ-ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေဆိုပြီး ခွဲခြားလေ့လာနိုင်ပါတယ်။

အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး (၁၉၄၂-၁၉၄၅)ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန် ဖန်တီးပေးတဲ့ အခြေအနေများ၊ အခြေခံသဘောထားနှင့်အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီး လေ့လာဖို့ လိုပါတယ်။

လွတ်လပ်ရေးရယူခြင်းအပိုင်းကိုလေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင်ကောင်စီတွင် မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုတယ်။ လွတ်လပ်ရေးအရယူခြင်းခေါင်းစဉ်ရဲ့အောက်မှာ စက္ကူဖြူစာတမ်း၊ နေသူရိန်လူထုအစည်းအဝေး၊ ကန္ဒီကွန်ဖရင့်၊ အလယ်ပစ္စယံအစည်းအဝေး၊ အောင်ဆန်းအက်တလီစာချုပ်၊ ပင်လုံညီလာခံ၊ နု-အက်တလီစာချုပ် ဆိုပြီးရှိတယ်။

အင်္ဂလိပ်ခေတ်၊ တစ်နည်းအားဖြင့် ကိုလိုနီခေတ်ကို လေ့လာရာမှာ ကိုလိုနီခေတ်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုပြီး သီးခြားခွဲလေ့လာရမှာဖြစ်တယ်။ အုပ်ချုပ်ရေးမှာ ဒိုင်အာခီမတိုင်မီ အုပ်ချုပ်ရေး၊ ဒိုင်အာခီအုပ်ချုပ်ရေး၊ ၉၁ ဌာနအုပ်ချုပ်ရေးဆိုပြီး ရှိတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ မှ ၁၉၃၇အတွင်းအုပ်ချုပ်ခဲ့တဲ့ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးဖြစ်တယ်ဆိုတာကို သိထားရမယ်။ ဒီအုပ်ချုပ်ရေးဟာ သွေးခွဲအုပ်ချုပ်ရေးဖြစ်လို့ ပြည်သူတို့က မကျေနပ်တဲ့အတွက် အုပ်ချုပ်ရေးအသစ် ဖန်တီးပေးဖို့ အင်္ဂလိပ်တို့က စီစဉ်လာပြန်တယ်။ အဲဒါကြောင့် ၉၁ ဌာနအုပ်ချုပ်ရေး ပေါ်လာတယ်။ ဒီ ၉၁ ဌာနအုပ်ချုပ်ရေးကို ၁၉၃၇ မှ ၁၉၄၁ အတွင်း အုပ်ချုပ်ခဲ့တယ်။ ၉၁ ဌာနအုပ်ချုပ်ရေးအတွင်းမှာပဲ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့တယ်။ စစ်အပြီးမှာ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးပြန်စလာတဲ့အခါ စစ်အုပ်ချုပ်ရေး၊ မြို့ပြအုပ်ချုပ်ရေးနဲ့၊ အမျိုးသားယာယီအစိုးရဆိုပြီးတွေ့ရမယ်။ အဲဒါတွေဟာ ဒုတိယကမ္ဘာစစ်ပြီးခေတ် အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးဖြစ်တယ်။ ကိုလိုနီခေတ် အုပ်ချုပ်ရေးစနစ်ကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ်စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကို ဆက်လက်လေ့လာရမှာဖြစ်တယ်။

ဂျပန်ခေတ်ကို လေ့လာရာမှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ ဂျပန်ခေတ်စီးပွားရေးဆိုပြီး လေ့လာသင့်သလို လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကိုလေ့လာရာမှာ ၁၉၄၈-၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံသောင်းကျန်းသူများပေါ်ပေါက်လာပုံ၊ ဖဆပလ ပြိုကွဲပုံတွေကို လေ့လာရမှာဖြစ်တယ်။ ပြည်တွင်းဆူပူသောင်းကျန်းမှုများအပြင် ပြည်ပအန္တရာယ်ဖြစ်တဲ့ တရုတ်ဖြူ ကိုမင်တန်ကျူးကျော်မှုကိုလည်း တွေ့ရမှာဖြစ်တယ်။ ဖဆပလပြိုကွဲခြင်းကြောင့် အိမ်စောင့်အစိုးရ ပေါ်ပေါက်လာခြင်းဖြစ်တယ်ဆိုတာ သိရပါမယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရ ပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့အောင်မြင်မှု ဒါမှမဟုတ် ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂ အထိကာလဟာ ပြည်ထောင်စု(ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီးပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို လေ့လာသင့်တယ်။ ဒီအခြေအနေဟာ တော်လှန်ရေးကောင်စီကို ပေါ်ပေါက်လာစေတယ်ဆိုတာလည်း သိထားရမယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် ယေဘုယျအခြေအနေတွေကို ထည့်သွင်းထားတယ်။ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေတွေကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာ့သမိုင်းမှာ ၁၉၆၂-၁၉၇၄ အထိ ကာလကို တော်လှန်ရေးကောင်စီအစိုးရက တာဝန်ယူအုပ်ချုပ်ခဲ့ပြီး ၁၉၇၄-၁၉၈၈ အထိကာလဟာ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်ဖြစ်တယ်။ တော်လှန်ရေးကောင်စီခေတ်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ကာလရဲ့ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊လူမှုရေး၊ ယဉ်ကျေးမှုများကိုလည်း လေ့လာသိရှိဖို့ လိုအပ်တယ်။

ဒါ့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေတွေကို လေ့လာရမှာဖြစ်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။

ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကိုလေ့လာမယ်ဆိုရင် စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကို သိရှိဖို့လိုပါတယ်။ စစ်ဖြစ်ပွားရတဲ့ အကြောင်းရင်းမှာလည်း အခြေခံအကြောင်းရင်းနဲ့ လတ်တလောအကြောင်းရင်းဟူ၍ နှစ်ပိုင်းရှိတယ်။အခြေခံအကြောင်းရင်းတွေဟာ လေးချက်ရှိတယ်။ အဲဒါတွေက

- ကိုလိုနီအပြိုင်အဆိုင်ရှာဖွေခြင်း
- အမျိုးသားစိတ်ဓာတ်ပြင်းထန်လာခြင်း
- မဟာမိတ်စစ်အုပ်စု အပြိုင်အဆိုင်ဖွဲ့စည်းခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း

တို့ဖြစ်တယ်။ စစ်ဖြစ်ပွားရတဲ့ အခြေခံအကြောင်းရင်းအပြင် လတ်တလောအကြောင်းရင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ ဒီအခြေအနေမှတစ်ဆင့် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားလာရတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့လိုပါမယ်။ ဗာဆိုင်းစာချုပ်မှာပါတဲ့ နယ်မြေပိုင်းခြားသတ်မှတ်ရေး၊ ဂျာမနီလက်နက်လျှော့ပေါ့ရေး၊ စစ်လျော်ကြေးနဲ့ အထွေထွေစီမံချက်များဟာ မဟာမိတ်တို့အလိုကျ တစ်ဖက်သတ်ချုပ်ဆိုထားတဲ့စာချုပ်ဖြစ်တယ်။ ဒါကြောင့် ဂျာမနီအင်အား ပြန်ကောင်းလာတဲ့အခါ ဗာဆိုင်းစာချုပ်ပါအချက်များကိုချိုးဖောက်လာရာက ဥရောပနိုင်ငံရေးမှာ ပြဿနာများပေါ်ပေါက်လာပြီး ဒုတိယကမ္ဘာစစ်ဖြစ်ရသည့်အခြေအနေသို့ ရောက်ရှိခဲ့ရကြောင်းကို လေ့လာသိရှိဖို့ လိုအပ်တယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးရဲ့ လူမှုရေးလုပ်ငန်းများနဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းများကို လေ့လာရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှားနိုင်ငံ ပေါ်ပေါက်လာခြင်းဖြစ်တယ်။ ဆိုရှယ်လစ်ရုရှားနိုင်ငံနဲ့ပတ်သက်ပြီး လေ့လာရာမှာ ၂၀ရာစုဦး ရုရှားနိုင်ငံအခြေအနေ၊ ၁၉၀၅တော်လှန်ရေး၊ ၁၉၁၇ ဖေဖော်ဝါရီတော်လှန်ရေး၊ ၁၉၁၇ အောက်တိုဘာတော်လှန်ရေးဆိုပြီး သီးခြားလေ့လာရမှာဖြစ်တယ်။ ဒါ့အပြင် ဖေဖော်ဝါရီ တော်လှန်ရေးဟာ ဘူဇွာတော်လှန်ရေးဖြစ်တယ်ဆိုတာ၊ အောက်တိုဘာတော်လှန်ရေးဟာ ဆိုရှယ်လစ်တော်လှန်ရေးဖြစ်တယ်ဆိုတာကိုလည်း သိထားသင့်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှုအပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက် လေ့လာသင့်တယ်။

အိန္ဒိယမှာလည်း စစ်ပါရီအရေးတော်ပုံ၊ အိန္ဒိယအမျိုးသားကွန်ဂရက်၊ တိလတ်၏ ဆွာရဂျ်ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးလှုပ်ရှားမှုနဲ့၊ ဂန္ဒီရဲ့အမျိုးသားလှုပ်ရှားမှုကို အပိုင်းလိုက်လေ့လာရမှာဖြစ်တယ်။ ဂန္ဒီရဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းမှာလည်း ဂန္ဒီနဲ့ ကွန်ဂရက်ပါတီလှုပ်ရှားမှုနဲ့ ၁၉၂၀ နောက်ပိုင်း ဂန္ဒီ၏ဦးဆောင်မှုဟူ၍ ပိုင်းခြားပြီး လေ့လာနိုင်တယ်။

အရှေ့တောင်အာရှအမျိုးသားလှုပ်ရှားမှုမှာလည်း နိုင်ငံအလိုက်သီးခြားခွဲပြီး လေ့လာကျက်မှတ်ရမယ်။ အရှေ့တောင်အာရှနိုင်ငံတွေရဲ့ အမျိုးသားလှုပ်ရှားမှုမှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အင်ဒိုချိုင်းနား၊ ဖိလစ်ပိုင်တို့ ပါရှိတယ်။

တရုတ်အမျိုးသားလှုပ်ရှားမှုတွေမှာလည်း ရှေးဦးအမျိုးသားလှုပ်ရှားမှု၊ ၁၉၁၁ ဘူဇွာတော်လှန်ရေး၊ မေ ၄ အရေးတော်ပုံဆိုပြီး ပါရှိတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုချမှတ်ပြီး ပြဿနာများကို ဖြေရှင်းပေမယ့် မအောင်မြင်ခဲ့တဲ့အခြေအနေကို တွေ့ရတယ်။ ဒါကြောင့် နိုင်ငံအချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကိုအခြေခံတဲ့ အရင်းရှင်စနစ်ရဲ့အကြမ်းတမ်းဆုံးနဲ့အဆိုးရွားဆုံးဖြစ်တဲ့ ဖက်ဆစ်အာဏာရှင်စနစ်ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာ ပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကိုလေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလောအကြောင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့လိုတယ်။

စစ်ဖြစ်ရသည့် အခြေခံအကြောင်းရင်းများကို သီးခြားခေါင်းစဉ်ခွဲများဖြင့် ဖော်ပြထားတယ်။ အဲဒီအခြေခံအကြောင်းရင်းများမှာ

- အရင်းရှင်နိုင်ငံအချင်းချင်း ပဋိပက္ခဖြစ်ခြင်း
- နိုင်ငံပေါင်းချုပ်အသင်းကြီး အားနည်းလာခြင်း
- မဟာမိတ်စစ်အုပ်စုများ အပြိုင်အဆိုင်ဖွဲ့စည်းလာခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း
- ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးပျက်ပြားလာခြင်း

တို့ဖြစ်တယ်။ ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုများမှာ မန်ချူးရီးယားအရေး၊ အီသီယိုးပီးယားအရေး၊ စပိန်ပြည်တွင်းစစ်၊ သြစတြီးယားကို သိမ်းပိုက်ခြင်းနဲ့ ချက်ကိုစလိုဗားကီးယားကိုသိမ်းပိုက်ခြင်း စသည်တို့ ဖြစ်တယ်။ ဒါတွေကို တစ်ခုချင်းလေ့လာရမှာဖြစ်တယ်။ အဆိုပါ ကျူးကျော်မှုတွေဟာ စစ်ဖြစ်ဖို့ ဦးတည်လာခြင်းဖြစ်တယ်။ အဲဒီအခြေအနေမှာ ပိုလန်ကို ဂျာမန်တို့ ကျူးကျော်လိုက်ရာမှ တစ်ဆင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတယ်။

ဒုတိယကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စု ထိပ်သီးအင်အားကြီး နိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက်နိုင်ငံ ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေးရရှိလာခြင်းတို့ ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာလည်း ကမ္ဘာ့သမိုင်းမှာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခုဖြစ်တယ်။ အသင်းကြီးပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းပုံနဲ့ ဆောင်ရွက်ချက်များကို သီးခြားလေ့လာသိရှိဖို့ လိုအပ်တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ် ကျယ်ပြန့်လာတယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေး စစ်ပွဲများဆင်နွှဲရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအားစုစည်းကာ ဆိုဗီယက် ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာထူးခြားတဲ့ သမိုင်းဖြစ်ရပ်တစ်ခု ဖြစ်တယ်။

စာမျက်နှာ ၁၆ သို့

ကျောင်းသင်ခန်းစာ

စာမျက်နှာ ၁၅ မှ

ဒုတိယကမ္ဘာစစ်ပြီးကာလမှာ ပေါ်ပေါက်လာခဲ့တဲ့ စစ်အေးဟာလည်း ထူးခြားတဲ့ သမိုင်းဖြစ်စဉ်တစ်ခုဖြစ်တယ်။ စစ်အေးအကြောင်း လေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတဲ့အခါ အမေရိကန်နိုင်ငံဟာ စစ်ဒဏ်မှကင်းလွတ်ပြီး ထိပ်သီးအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့တယ်။ စစ်ဒဏ်ကြောင့် အင်အားကျဆင်းခဲ့ရတဲ့ ဥရောပအင်အားကြီးနိုင်ငံများဖြစ်ကြတဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနိုင်ငံတို့ကို စစ်ရေး၊ စီးပွားရေးအကူအညီများပေး၍ ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ ဒါကြောင့် အမေရိကန်ဦးဆောင်တဲ့အုပ်စုကို အနောက်အုပ်စု (သို့) အရင်းရှင်အုပ်စု (သို့) လက်ယာအုပ်စုလို့ ခေါ်တယ်။ ဆိုဗီယက်နိုင်ငံဟာ စစ်ဒဏ်ခံခဲ့ရတဲ့ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ရူမေးနီးယား၊ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီစတဲ့ အရှေ့ဥရောပနိုင်ငံများကို ဦးဆောင်လာပြီး ဆိုဗီယက်ဦးဆောင်တဲ့အုပ်စုကို အရှေ့အုပ်စု(သို့)ကွန်မြူနစ်အုပ်စု (သို့) လက်ဝဲအုပ်စုလို့ ခေါ်တယ်။ ဒီအုပ်စုနှစ်စုဟာ နိုင်ငံရေး၊ စီးပွားရေးခံယူချက် တူညီမှုမရှိသကဲ့သို့ အမြင်ချင်းတူညီမှုလည်းမရှိတာကို တွေ့ရတယ်။

အနောက်ဥရောပနိုင်ငံများအနေနဲ့လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။

အမေရိကန်နဲ့ ဥရောပနိုင်ငံတွေဟာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအပြင် စစ်ရေးအရလည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့သာဓကတွေကတော့ -

၁။ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)
၂။ အန်ဇတ် (ANZUS)
၃။ အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO)
၄။ ဗဟိုစာချုပ်အဖွဲ့ (CENTO)

များ ဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အရှေ့ဥရောပနိုင်ငံများမှာ ဆိုဗီယက်နိုင်ငံကဲ့သို့သော ကွန်မြူနစ်စနစ် အခြေခံသော စီးပွားရေးစီမံကိန်းများချမှတ်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဝါဆော (Warsaw) စစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများအပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင်တပ်ဆင်လာကြတယ်။

စစ်အေးကာလမှာ နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာအရေးအခင်းတွေကတော့

၁။ ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု
၂။ ကိုရီးယားစစ်
၃။ စူးအက်အရေးအခင်း
၄။ ကျူးဘားဒုံးပျံအရေးအခင်း

တို့ဖြစ်တယ်၊ နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှားနိုင်ငံ အပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်းနှင့် စစ်အေးကာလပြီးဆုံးခြင်း ခေါင်းစဉ်တွေကလည်း နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ခေါင်းစဉ်များဖြစ်တဲ့အတွက် လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြောင်းကိုလည်း လေ့လာရမှာဖြစ်တယ်။

အလားတူ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလည်း လေ့လာသင့်တယ်။ ၁၉၄၅ မှ ၁၉၅၂ အထိ အသိမ်းပိုက်ခံကာလအနေအထားနဲ့ ခေတ်ပြိုင်ဂျပန်နိုင်ငံအနေအထားတွေကို သိရှိရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ အရှေ့တောင်အာရှဒေသကိုလည်း လေ့လာသင့်တယ်။ အရှေ့တောင်အာရှဒေသမှာ နိုင်ငံတစ်နိုင်ငံချင်းရဲ့ နိုင်ငံသစ်များပေါ်ပေါက်လာခြင်းနှင့် နိုင်ငံတော်တည်ဆောက်ရေးကြိုးပမ်းမှုများကို လေ့လာသိရှိရမှာဖြစ်တယ်။

အရှေ့တောင်အာရှသမိုင်းကို လေ့လာရာမှာ အာဆီယံ(အရှေ့တောင်အာရှနိုင်ငံများအသင်း) ဟာ အရေးပါတဲ့အတွက် လေ့လာသင့်တယ်။

ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ဘက်မလိုက်လှုပ်ရှားမှု၊ မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့၊ မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

၂၀၁၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၊ သမိုင်းဘာသာရပ်ရဲ့မေးခွန်းဟာ အပိုင်း (က)၊ အပိုင်း(ခ)၊ အပိုင်း (ဂ)၊ အပိုင်း (ဃ) ဟူ၍ အပိုင်းလေးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း လေးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်း အပိုင်း (က) မှာ နံပါတ် ၁။ (က)၊ ၁။ (ခ)၊ ၁။ (ဂ) ဆိုပြီး ပါရှိမှာဖြစ်တယ်။ နံပါတ် ၁။ (က)မေးခွန်းက 'အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင် ရေးပါ။'ဟူ၍ဖြစ်တယ်။ မြန်မာ့သမိုင်းမှ (၅)ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၅)ပုဒ်၊ စုစုပေါင်း(၁၀)ပုဒ် ပါရှိမှာ ဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၁၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း(က) နံပါတ် ၁။ (ခ) မေးခွန်းမှာ 'အောက်ဖော်ပြချက်များကို **'မှား'** သို့မဟုတ် **'မှန်'** ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင် ရေးပါ' ဟူ၍ဖြစ်ပြီး **'မှား'** သို့မဟုတ် **'မှန်'** ကို ရေးဖြေရန်ဖြစ်တယ်။ နံပါတ် ၁။ (ခ) မေးခွန်းမှာ မြန်မာ့သမိုင်းမှ (၃)ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှ (၂)ပုဒ်၊ စုစုပေါင်း (၅)ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁)မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၅)မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း(က)၏ နံပါတ် ၁။(ဂ)မေးခွန်းမှာ 'အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသောအဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ **အဖြေမှန်တစ်ခု**ကို အဖြေစာအုပ်တွင် ရေးပါ' ဟူ၍ဖြစ်တယ်။ မှန်တဲ့အဖြေကို အဖြေစာအုပ်မှာ ရေးရမှာ ဖြစ်တယ်။ နံပါတ် ၁။ (ဂ) မေးခွန်းမှာ မြန်မာ့သမိုင်း (၂)ပုဒ်နဲ့ ကမ္ဘာ့သမိုင်း (၃)ပုဒ် စုစုပေါင်း (၅)ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၅) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း(ခ)မှာ မှတ်စုတိုမေးခွန်းဖြစ်ပြီး မြန်မာ့သမိုင်းမှတ်စုတို (၄)ပုဒ်နဲ့ ကမ္ဘာ့သမိုင်း မှတ်စုတို (၄)ပုဒ်တို့ ပါရှိမှာဖြစ်တယ်။ ယင်းတို့အနက်မှ ကြိုက်နှစ်သက်ရာ မှတ်စုတို (၄) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ မှတ်စုတိုတစ်ပုဒ် ရမှတ်မှာ (၅) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း(ဂ)မှာ မြန်မာ့သမိုင်းမေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅)ပုဒ် ပါရှိမှာဖြစ်တယ်။ ယင်း(၅)ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅)မှတ် ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်း ရမှတ်မှာ (၃၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း(ဃ)မှာ ကမ္ဘာ့သမိုင်းမေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅)ပုဒ် ပါရှိမှာဖြစ်တယ်။ ယင်း (၅) ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်း ရမှတ်မှာ (၃၀) မှတ် ဖြစ်တယ်။

ကျောင်းသား ကျောင်းသူများကို မှာချင်တာကတော့

၁။ သမိုင်းဘာသာရပ်ကိုလေ့လာရာတွင် သမိုင်းစဉ် ဆက်စပ်မှုကို သတိထားရန်
၂။ ခေါင်းစဉ်ကိုရွေး၍ မလေ့လာရန်
၃။ ပြဋ္ဌာန်းစာအုပ်ကို အလေးပေးလေ့လာရန်
၄။ မေးခွန်းကို သေသေချာချာဖတ်ရန်
၅။ မေးသည်ကိုသာဖြေဆိုရန်

ဖြစ်ကြောင်းတင်ပြရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ပြည်သူ့ဆေးရုံကြီး၊ လှိုင်ကော်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး၊ လှိုင်ကော်မြို့တွင် အရေးပေါ်တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးနိုင်ရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၄-၁-၂၀၁၃ ရက် နံနက် ၈ နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၄-၁-၂၀၁၃ ရက် ညနေ ၄ နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ပြည်သူ့ဆေးရုံကြီး၊ လှိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၂၅၁၆၊ ၂၁၃၆၅၊ ၂၁၅၁၁

FAME GynuHerb®
Natural medicine for diabetes
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 009054 (0814)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ပျားမြီးရွက်ဆေး

ပြင်ဆင်ဖတ်ရှုပါရန်
၁၁-၁-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ စာ ၁၃၊ ဦးလှဝင်း(တရားလွှတ်တော်ရှေ့နေ)၏ ကန့်ကွက်ကြော်ငြာတွင် အလုံမြို့နယ်၊ ဌာနရပ်ကွက်၊ ၄ဝါလမ်း၊ တိုက် ၉၃၊ မြေညီထပ်နှင့် ပထမထပ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရှိ လိုင်းဝန်ထမ်း၊ လုံခြုံရေးဝန်ထမ်း၊ ယာဥ်မောင်းဝန်ထမ်း၊ ရုံးအကူနှင့် သန့်ရှင်းရေးဝန်ထမ်းများကို သတ်မှတ်ဝတ်စုံ ချုပ်လုပ်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၆.၁.၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၅.၁.၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၅ : ၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေးအဖွဲ့
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ အုပ်ချုပ်ရေးဌာန၊
ရန်ကုန်မြို့၊ ၁၉၇/၁၉၉၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်
ဖုန်း - ၂၁၄၆၄၅

ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မှတ်ပုံတင်နံပါတ် ကက/၁၃/၁၀/၀၁၂
မလိခဦးလှချစ်ကိုယ်တိုင်တည်ထောင်အုပ်ချုပ်သောစည်းကမ်း၊စေတနာ၊ပညာတို့တွင်စံပြ
ပညာပါရမီ ကိုယ်ပိုင်အထက်တန်းဆင့်ကျောင်း
(၉) တန်း၊ (၁၀) တန်းအဆင့်မြင့်ဘော်ဒါ
■ ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးခြားစီထားရှိ၍ ကိုယ်ပိုင်ကျောင်းတွင် သင်ကြားရေးအထောက်အကူပြုပစ္စည်းများဖြင့်ကျောင်းသား၊ ကျောင်းသူသီးသန့်စီ စနစ်တကျ လေ့ကျင့်သင်ကြားပေးသည်။
■ ဘော်ဒါဆောင်နှင့် ကိုယ်ပိုင်ကျောင်းသို့ မိဘ/အုပ်ထိန်းသူနှင့် ကျောင်းသား၊ ကျောင်းသူ ကိုယ်တိုင်လာရောက်စုံစမ်းပြီး၊ ယုံကြည်စိတ်ချ၊ စိတ်တိုင်းကျမှ ကျောင်းအပ်နှံပါ။
■ ၂၀၁၃–၂၀၁၄ ပညာသင်နှစ်အတွက် ကြိုတင်လက်ခံပါပြီ။
(လူဦးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှသာ နေရာအတွက် စိတ်ချရပါမည်။)
မြေအမှတ် ၄၂ (ခ)၊ နှင်းဆီလမ်းနှင့် ပါရမီလမ်းမကြီးထောင့်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၁ - ၆၆၁၄၁၃၉၊ ၀၉-၅၁၃၅၈၀၁

ပညာရေးဝန်ကြီးဌာန ကိုယ်ပိုင်အထက်တန်းကျောင်း – မှတ်ပုံတင်အမှတ်– ကက – ၁၃/၄၁/၀၁၁
စံ ပညာရိပ်သာ
ICEC
IDEAL CLASS EDUCATION CENTRE
ကိုယ်ပိုင်အထက်တန်းကျောင်း
နှင့်
အဆင့်မြင့်ပညာရေးဘော်ဒါ
ပဥ္စမတန်း မှ တက္ကသိုလ်ဝင်တန်းအထိ
၂၀၁၃ -၂၀၁၄ ပညာသင်နှစ်အတွက် ကျောင်းအပ်စတင်လက်ခံနေပါပြီ။
● မြေအမှတ်(၈၁၇)၊ဗဟိုလမ်းနှင့် ရွှေမကျောင်းလမ်းထောင့်(လှိုင်)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
● 01-536349, 09-73249755, 09-5196433
E-mail:proayekyaw@gmail.com

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
မာလ်တီမီဒီယာအတတ်ပညာဘွဲ့လွန်ဒီပလိုမာ(ပညာရေး)သင်တန်း
Postgraduate Diploma in Multi-media Arts (Education)-PGDMA
အမှတ်စဉ်(၁၄) သင်တန်းသားခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်ရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများ၏ အစီအစဉ်ဖြင့် အဆိုပါတက္ကသိုလ်များတွင် ဖွင့်လှစ်မည့် မာလ်တီမီဒီယာအတတ်ပညာ ဘွဲ့လွန်ဒီပလိုမာ (ပညာရေး) သင်တန်း Postgraduate Diploma in Multi-media Arts (Education)-PGDMA အမှတ်စဉ်(၁၄) သင်တန်းသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရပါမည်-

(က) လျှောက်ထားသူနှင့် မိဘနှစ်ဦးလုံး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ပြီး ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒနှင့် အင်္ဂလိပ်စာဘွဲ့တစ်ခုခုရသူဖြစ်ရမည်။

(ဂ) ပြင်ပမှလျှောက်ထားသူဖြစ်ပါက ၂၀၁၃ ခုနှစ် ဇွန် ၃ ရက်တွင် အသက် ၂၅နှစ်ထက်မကြီးသူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အပိုဒ်ခွဲ(ခ)ပါ ဘွဲ့တစ်ခုခုရရှိရမည့်အပြင် အမြဲတမ်းဝန်ထမ်းအဖြစ် လုပ်သက်အနည်းဆုံး နှစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် **၃၂** နှစ်ထက်မကြီးသူဖြစ်ရမည်။

(ဃ) ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်(မန္တလေးဌာနခွဲ)တို့တွင် တက်ရောက်နိုင်ရမည်။

(င) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်ဓာတ်ပုံမိတ္တူ(သို့မဟုတ်) ဘွဲ့ရကြောင်း ထောက်ခံစာနှင့် တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်မိတ္တူတို့ကို ပူးတွဲတင်ပြရမည်။

၃။ လျှောက်ထားသူသည် တိုင်းဒေသကြီး/ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးများ (နေပြည်တော်ကောင်စီအပါအဝင်)မှတစ်ဆင့် သက်ဆိုင်ရာအခြေခံပညာဦးစီးဌာနသို့ လျှောက်လွှာနှင့်အထောက်အထားစာရွက်စာတမ်းများကို ပေးပို့လျှောက်ထားနိုင်သည်။

၄။ ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့် ရုံး၊ ဌာနဆိုင်ရာအကြီးအကဲ၏ **ဝန်ထမ်းဖြစ်ကြောင်းထောက်ခံစာ**ကို ပူးတွဲ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေး ညွှန်ကြားရေးမှူးရုံးများသို့ အချိန်မီလျှောက်ထားရမည်။ ပညာရေးဝန်ကြီးဌာနသို့မဟုတ် ဦးစီးဌာနများသို့ တိုက်ရိုက်လျှောက်ထားမှုမပြုရပါ။

၅။ အင်္ဂလိပ်စာဘာသာနှင့် အထွေထွေဗဟုသုတ ရေးဖြေစာမေးပွဲများကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် သက်ဆိုင်ရာဦးစီးဌာနက သတ်မှတ်ပေးသည့် ရန်ကုန်၊ မန္တလေး စာဖြေဌာနများ၌ စစ်ဆေးမည်ဖြစ်ပါသည်။ ဖြေဆိုရမည့်သူများ၏ ခုံအမှတ်စာရင်းနှင့် စာဖြေဌာနကို ဖေဖော်ဝါရီ ၁၈ ရက်တွင် သက်ဆိုင်ရာဦးစီးဌာနများ၊ပညာရေးတက္ကသိုလ်များနှင့် စာဖြေဌာနများတွင် ကြေညာထားမည်ဖြစ်ပြီး ရေးဖြေအောင်စာရင်းကို မတ် ၄ ရက်တွင် အဆိုပါဌာနများ၌ ကြေညာထားမည်ဖြစ်ပါသည်။

၆။ ရေးဖြေအောင်မြင်သူများအား မတ် ၇ ရက်မှစ၍ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် (မန္တလေးဌာနခွဲ)တို့တွင် လူတွေ့နှုတ်ဖြေစစ်ဆေးမည်ဖြစ်ပါသည်။

၇။ ရေးဖြေစာမေးပွဲဖြေဆိုမည့်သူသည် နိုင်ငံသားစိစစ်ရေးကတ်ပြားကိုလည်းကောင်း၊ လူတွေ့နှုတ်ဖြေစစ်ဆေးခံရမည့်သူသည် **ဘွဲ့လက်မှတ်မူရင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်း**တို့ကိုလည်းကောင်း တစ်ပါတည်းယူဆောင်လာရမည်။

၈။ သင်တန်းကာလမှာ ၂၀၁၃ ခုနှစ် ဇွန် ၃ ရက်မှ ၂၀၁၄ ခုနှစ် ဧပြီလဆန်းပိုင်းအထိ ဖြစ်ပါသည်။

၉။ သင်တန်းတက်ရောက်အောင်မြင်သူများကို အခြေခံပညာကျောင်းများတွင် အလယ်တန်းပြအဖြစ် ခန့်အပ်တာဝန်ပေးမည်။

၁၀။ လျှောက်ထားသူသည် ပူးတွဲပါသင်တန်းဝင်ခွင့်လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင်ရေးသား ဖြည့်သွင်းထားသော လျှောက်လွှာသုံးစုံတွင် ခေါင်းလအတွင်းရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ (မျက်မှန်တပ်ထားသူဖြစ်ပါက မျက်မှန်ပါဓာတ်ပုံတစ်ပုံနှင့် မျက်မှန်မပါဓာတ်ပုံတစ်ပုံ)တို့ကို ကပ်၍ပူးတွဲရမည့် အထောက်အထားများနှင့်အတူ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်ထက် နောက်မကျစေဘဲ လျှောက်လွှာတင်သွင်းရမည်။

ရက်စွဲ ။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ရက်

ကိုကိုတင်
ညွှန်ကြားရေးမှူးချုပ်

၂၀၁၃-၂၀၁၄ ပညာသင်နှစ်
မာလ်တီမီဒီယာအတတ်ပညာဘွဲ့လွန်ဒီပလိုမာ(ပညာရေး)သင်တန်း
Postgraduate Diploma in Multi-media Arts (Education)-PGDMA
အမှတ်စဉ်(၁၄) သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ-

အကြောင်းအရာ	အမည်	နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ်……………………ခုနှစ်……………………လ……………………ရက်

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် စာစစ်ဌာန……………………

ခုနှစ်…………မြို့နယ်……………………တိုင်းဒေသကြီး/ပြည်နယ်……………………

၄။ ဘွဲ့အမည်နှင့် အဓိကယူခဲ့သည့်ဘာသာ……………………

အောင်မြင်ခဲ့သည့်တက္ကသိုလ်နှင့် ခုနှစ်……………………

၅။ အိမ်ထောင်ရှိ/မရှိ(ရှိပါက)ဇနီး/ခင်ပွန်းအမည်……………………

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်……………………

၆။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ……………………

……………………

၇။ အလယ်တန်းပြအဖြစ်ခန့်ထားပါက ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

……………………

(လျှောက်ထားသူလက်မှတ်)

ရက်စွဲ ။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ရက်

ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၁၂-၂၀၁၂ရက်စွဲပါ ဤသတင်းစာ စာမျက်နှာ(၁၂)၊ကန့်ကွက်ရန်ကြော်ငြာ၌ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ်(၁၁၃၉)၊အမည်ပေါက်ဦးကျော်စိန် KTN-၀၀၄ ၆၄၅၈၏မြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူ ဒေါ်စန္ဒာသောင်းတင်၁၂/ပဘတ(နိုင်)၀၀၉၀၈၉ ကိုင်ဆောင်သူမှ မြေကွက်စလစ်(မူရင်း)တင်ပြပြီး ငွေသွင်းချလန်(မူရင်း) ပျောက်ဆုံးသွားပါ၍ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမည်ဖြည့်စွက်ခေါ်ပါရန်

တောင်ကြီးမြို့၊ အထက(၅)၊ သတ္တမတန်း(က)မှ မောင်ဂျုံးဂျုံးအား မောင်ကောင်းခန့်ဟိန်း(ခ)မောင်ဂျုံးဂျုံးဟု ဖြည့်စွက်ခေါ်ပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၆-၁-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ အချပ်ပို(ဂ)ပါ ငြင်းချက်ထုတ်ရန်သမ္မန်စာမှ တရားလို ဒေါ်ရန်မေ(ခ)မလီဆိုက်ချင်းအစား ဒေါ်အေးခင်(ခ)မလီဆိုက်ချင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ခ/၃၀၉၃ Suzuki Wagon SW 4×2 ယာဉ် လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်အေး ၁၂/လကန(နိုင်)၀၂၆၉၈၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၄)နေ ဒေါ်အေးအေးသော် (ဘ)ဦးချစ်ပို ၅/စကန(နိုင်) ၁၄၉၂၁၁ ကိုင်ဆောင်သူမှာ ကျွန်တော်၏ဆိုဆုံးမမှုစကားအား နာခံခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအလျောက် ၈-၁-၂၀၁၃ရက်တွင် သားနှင့်သမီးနှစ်ဦးအားထားပြီး နေအိမ်မှဆင်းသွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

ဦးမောင်မောင် (ဘ) ဦးသောင်းဖေ
၅/စကန(နိုင်)၁၄၈၇၆၃
ရပ်ကွက်(၁)၊ နယ်မြေ(၄)၊ လားရှိုးမြို့

တပ်မတော်နည်းပညာတက္ကသိုလ် ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲ ဖိတ်ကြားလွှာ

တပ်မတော်နည်းပညာတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)အထက် အရာရှိကြီးများနှင့် ဆရာကြီး ဆရာမကြီးများအား အာစရိယပူဇော်ပွဲနှင့် တာဝန်ထမ်းဆောင်ခဲ့သော အရာရှိများ၊ ဆရာ ဆရာမများ၊ ကျောင်းဆင်းအရာရှိများ မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ကျင်းပမည်ဖြစ်ပါသဖြင့် အခမ်းအနားသို့တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၆-၁-၂၀၁၃ ရက် (စနေနေ့)
အချိန် - ၁၈း၀၀ နာရီ
နေရာ - သင်္ဂဟဟိုတယ်၊ နေပြည်တော်

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲဖြစ်မြောက်ရေးကော်မတီ

၁။ ဗိုလ်မှူးစိန်မြင့်(ငြိမ်း)	ဖုန်း-၀၉-၅၀၆၉၁၁၃	၂။ ဗိုလ်ကြီးဘုန်းလင်းကြိုင်(ငြိမ်း)	ဖုန်း-၀၉-၄၄၄၀၂၂၁၀၃
၃။ ဗိုလ်ကြီးအောင်စိုးရ(ငြိမ်း)	ဖုန်း-၀၉-၅၀၆၈၉၆၀	၄။ ဗိုလ်ကြီးအောင်ကိုထိုက် (ငြိမ်း)	ဖုန်း-၀၉-၄၉၂၃၄၂၆၄
၅။ ဗိုလ်ကြီးငြိမ်းထက်သူ(ငြိမ်း)	ဖုန်း-၀၉-၄၉၂၃၉၁၄၄	၆။ ဗိုလ်ကြီးအောင်ကိုလတ်(ငြိမ်း)	ဖုန်း-၀၉-၄၀၁၅၅၆၀၅၆
၇။ ဗိုလ်ကြီးမိုးသူ	ဖုန်း-၀၉-၄၂၀၇၀၆၀၄၁	၈။ ဗိုလ်ကြီးရဲသွေး(ငြိမ်း)	ဖုန်း-၀၉-၂၄၀၀၃၂၇
၉။ ဗိုလ်ကြီးမင်းသုကျော်	ဖုန်း-၀၉-၂၀၃၇၆၈၂	၁၀။ ဗိုလ်ကြီးထက်အောင်	ဖုန်း-၀၉-၅၃၆၀၆၈၈

အခမ်းအနားသို့ အမှန်တကယ်တက်ရောက်နိုင်မည့် ကျောင်းဆင်းအရာရှိများ နာမည်စာရင်းကြိုတင်ပေးပို့ပါရန်။

ရောင်းချရန်ကြော်ငြာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ်-၁၄

မြဝတီဘဏ်လီမိတက်(ရုံးချုပ်) (၎င်း၏ကိုယ်စား ဒုတိယအထွေထွေမန်နေဂျာ ဒေါ်ညွန့်ညွန့်ဝင်း) **နှင့်** ၁။ ဦးတင်စိုး (ကိုယ်တိုင်နှင့် ကျန်တရားရှင်များ၏ တရားဝင်ကိုယ်စားလှယ်)၊ ၂။ ဦးထွန်းထွန်းကျော်၊ ၃။ ဒေါ်ခင်စပယ်အေး(ခ)ခါတီဇာဘီဘီ၊ ၄။ ဒေါ်ထားထားရီ

တရားနိုင် **တရားရှုံးများ**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌ ၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၇၇တွင်ရရှိခဲ့သော အနိုင်ဒီကရီအရ အောက်ဖော်ပြပါပစ္စည်းကို ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၃ရက် (၁၃၇၄ခုနှစ် တပို့တွဲလဆန်း ၃ရက်)မွန်းမတည့်မီ နံနက် ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်တွင် လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

